ဖြန့်ချိရေး

နန်းဒေဝီ စာပေ
အမှတ် ၂၀၀၊ ဒုတိယထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၀၂၅

စာမူ ခွင့်ပြုချက် အမှတ်
၃၂၀၈၈၆၀၆၁၂

မျက်နှာဖုံး ခွင့်ပြုချက် အမှတ်
၃၂၀၂၂၈၀၄၀၇

ဒုတိယ အကြိမ်
၂၀၀၇ ခု၊ မေလ

မျက်နှာဖုံး ဒီဇိုင်း
ချစ်ကြည်

တန်ဖိုး
၁၅၀၀ ကျပ်

အုပ်ရေ
၅၀၀

အတွင်းဖလင်
AZ

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ်–၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ
ဦးကျော်ဇင်၊ ခိုင်ရည်မွန် ပုံနှိပ်တိုက် (မြဲ ၀၄၂၂၉)
အမှတ်–၈၁၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဖြန့်ချိရေး

နန်းဒေဝီ စာပေ

အမှတ် ၂၀၀၊ ဒုတိယထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၀၂၅

စာမူ ခွင့်ပြုချက် အမှတ်
၃၂၀၈၈၆၀၆၁၂

မျက်နှာဖုံး ခွင့်ပြုချက် အမှတ်
၃၂၀၂၂၈၀၄၀၇

ဒုတိယ အကြိမ်
၂၀၀၇ ခု၊ မေလ

မျက်နှာဖုံး ဒီဇိုင်း
ချစ်ကြည်

တန်ဖိုး
၁၅၀၀ ကျပ်

အုပ်ရေ
၅၀၀

အတွင်းဖလင်
AZ

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ်–၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ
ဦးကျော်ဇင်၊ ခိုင်ရည်မွန် ပုံနှိပ်တိုက် (မြဲ ၀၄၂၂၉)
အမှတ်–၈၁၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

# ကမ္ဘဒဿနစာစု

## ဝဝန်းရွှင်

# မာတိကာ


| | |
|---|---|
| **စာနိဒါန်း** | ၅ |
| ၁။ လောကဒဿန (လောကကို နားလည်ခြင်း) | ၁၁ |
| ၂။ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ (ရာဘင်ဒြာနတ်တဂိုးအမြင်) | ၁၇ |
| ၃။ လူသား ဘယ်တော့ လိမ္မာမလဲ | ၂၃ |
| ၄။ ဗုဒ္ဓနည်းကျရှာ၊ ဗုဒ္ဓနည်းကျသုံး | ၃၁ |
| ၅။ မြန်မာဗုဒ္ဓဘာသာ ကမ္ဘာစိတ်ဝင်စားမှု | ၃၇ |
| ၆။ ဗုဒ္ဓစိတ်ပညာနှင့် အိပ်မက် | ၄၅ |
| ၇။ ဗုဒ္ဓစိတ်ပညာနှင့် ခေတ်သစ်စိတ်ပညာ | ၅၁ |
| ၈။ ဗုဒ္ဓအနုပညာ၏ အနက်အဓိပ္ပာယ်ထိရောက်မှု | ၅၉ |
| ၉။ ဗုဒ္ဓ၏ လောကီကြီးပွားချမ်းသာကြောင်းတရား | ၆၅ |
| ၁၀။ ရွှေဖြစ်ငွေဖြစ်နှင့် ပရလောက | ၇၁ |
| ၁၁။ အထူးအာရုံသိခြင်းနှင့် အရှေ့တိုင်းလောကီပညာ | ၇၇ |
| ၁၂။ သစ္စာသိသူနှင့် သစ္စာမသိသူ | ၈၃ |
| ၁၃။ မြန်မာဗုဒ္ဓဘာသာနှင့် နတ်ဘိုးဘိုးကြီးများ | ၈၉ |
| ၁၄။ ဒေါက်တာဂျိုးပိုလန်နှင့် တွေ့ဆုံခြင်း | ၉၅ |
| ၁၅။ ဗုဒ္ဓဘာသာနှင့် လိင်ဏ်ဂူ | ၁၀၃ |
| ၁၆။ ဗုဒ္ဓဘာသာယဉ်ကျေးမှု (လူမှုဆက်ဆံရေးဘက်ခြောက်ဘက်) | ၁၀၉ |
| ၁၇။ | |
| ၁၈။ | |
| ၁၉ | |

# မာတိကာ


**စာနိဒါန်း** ၅

၁။ လောကဒဿန (လောကကို နားလည်ခြင်း) ၁၁

၂။ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ (ရာဘင်ဒြာနတ်တဂိုးအမြင်) ၁၇

၃။ လူသား ဘယ်တော့ လိမ္မာမလဲ ၂၄

၄။ ဗုဒ္ဓနည်းကျရှာ၊ ဗုဒ္ဓနည်းကျသုံး ၃၁

၅။ မြန်မာဗုဒ္ဓဘာသာ ကမ္ဘာစိတ်ဝင်စားမှု ၃၇

၆။ ဗုဒ္ဓစိတ်ပညာနှင့် အိပ်မက် ၄၅

၇။ ဗုဒ္ဓစိတ်ပညာနှင့် ခေတ်သစ်စိတ်ပညာ ၅၁

၈။ ဗုဒ္ဓအနုပညာ၏ အနက်အဓိပ္ပာယ်ထိရောက်မှု ၅၉

၉။ ဗုဒ္ဓ၏ လောကီကြီးပွားချမ်းသာကြောင်းတရား ၆၅

၁၀။ ရွှေဖြစ်ငွေဖြစ်နှင့် ပရလောက ၇၁

၁၁။ အထူးအာရုံသိခြင်းနှင့် အရှေ့တိုင်းလောကီပညာ ၇၇

၁၂။ သစ္စာသိသူနှင့် သစ္စာမသိသူ ၈၃

၁၃။ မြန်မာဗုဒ္ဓဘာသာနှင့် နတ်ဘိုးဘိုးကြီးများ ၈၉

၁၄။ ဒေါက်တာဂျိုးပိုလန်နှင့် တွေ့ဆုံခြင်း ၉၅

၁၅။ ဗုဒ္ဓဘာသာနှင့် လိင်ကိစ္စ ၁၀၃

၁၆။ ဗုဒ္ဓဘာသာယဉ်ကျေးမှု (လူမှုဆက်ဆံရေးဘက်ခြောက်ဘက်) ၁၀၉

၁၇၊

၁၈၊

၁၉

# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## စာနိဒါန်း

စာရှုသူ-
'ဓမ္မရုပ်စုံ' ကို အမှတ်ရကောင်းပါ၏။
ဓမ္မရုပ်စုံကို အကျွန်ုပ်မွေးဖွားစဉ်က
ဓမ္မဒဿနစာမျိုးဖြစ်ဖို့ရည်၍
ပြုစုပျိုးထောင်ခဲ့ပါ၏။
ဓမ္မဒဿန စာပျိုးခင်းလည်း
ကာလအတန်ကြာအောင်
စိမ်းစိုလန်းဆန်းခဲ့ပါ၏။

❑

ဓမ္မဒဿနစာ --
ဘာကို ဆိုလိုပါသလဲ
သဲသဲကွဲကွဲ သိသင့်ပါ၏။
ဓမ္မ၏ သဘောကား ကျယ်ပြော၏။
အနက်ထွက်ပုံ များ၏။
တစ်ခုချင်း ဖော်ပြလျှင်
အစိပ္ပာယ် ပေါ်လွင်ဖို့ ခဲယဉ်း၏။
ခြုံ၍ပြောမှ သဘောရှင်းနိုင်မည်ထင်၏။
ယေဘုယျအနက်သဘောကို ဆိုချင်၏။
ဆိုရမည်ဆိုလျှင်

'ဓမ္မ' ဟူသည် လောကတစ်ခုလုံး၏
ဖြစ်ပုံ ပျက်ပုံအလုံးစုံဟု
ဆိုသင့်မည် ထင်ပါ၏။
လောကဆိုသည်မှာ
ခန္ဓာငါးပါး ဖြစ်၏။
ရုပ်ခန္ဓာတစ်ပါးနှင့်
နာမ်ခန္ဓာလေးပါးသည် လောကပင်တည်း။
တစ်နည်းချုံ့၍ဆိုသော်
ရုပ်နာမ်နှစ်ပါး
ထိုတရားစုသည် လောကဖြစ်၏။
ထိုလောကသည်ပင် ဓမ္မဟူ၍ ဆိုအပ်၏။
'ဒဿန' ကား အမြင်ဟူ၍ ဆိုအပ်၏။
သို့သော် . . .
ဒဿနသည် ပသာဒစက္ခု (ရုပ်မျက်လုံး) ဖြင့်
မြင်အပ်သော ပသာဒအမြင် မဟုတ်
ဓမ္မစက္ခုဖြင့် မြင်အပ်သော
ဉာဏ်အမြင်ကိုသာ ဆိုခြင်းဖြစ်၏။
ပသာဒစက္ခု (ရုပ်မျက်လုံး) ကံမျက်လုံးသည်
အမည်နာမပညတ်တို့ဖြင့် ခေါ်ဝေါ်အပ်သော
အပေါ်ယံလောကကိုသာ မြင်နိုင်၏။
ထိုအမြင်ကို
သမုတိသစ္စာအမြင်ဟု ဆိုသင့်၏။
ဒဿနအမြင်ကား
ဓမ္မအမြင် ဖြစ်၏။
ဉာဏ်အမြင် ဖြစ်၏။
ထိုးထွင်း၍ နားလည်သော
ပရမတ္ထအမြင်ဖြစ်၏။
တစ်နည်း ဓမ္မအမြင်ဟုဆိုလျှင်လည်း ရ၏။
ဓမ္မစက္ခုအမြင်ကိုသာ
'ဒဿန' ဟု ဆိုသင့်၏။
ဤနေရာတွင်
ဒဿန၏ နယ်ကို
သတ်မှတ်ရန် လိုသေး၏။
'ဓမ္မဒဿန' သည်
ဓမ္မမျက်လုံးဖြင့်မြင်သော

ဉာဏ်အမြင်ဟုဆိုသော်လည်း
ထိုအမြင်သည် လောကီနယ်ကိုမူ
လွန်မြောက်ခြင်း မရှိသေး။
လောကီနယ်ထဲမှာဖြစ်သော
ဝိပဿနာအမြင်၊ ဝိပဿနာဉာဏ်လောက်ကိုသာ
ဆိုသင့်၏။
'ဓမ္မဒဿန' သည် အနုဗောဓဉာဏ်အမြင်လောက်မှာသာ
အဆုံးရှိ၏။
ဓမ္မဒဿနနယ်တွင် 'ပဋိဝေဓ' ဉာဏ်အမြင်
မပါသေးဟု နားလည်သင့်၏။
ပဋိဝေဓဉာဏ်သည်ကား
'ဉာဏဒဿန' ကိစ္စ ဖြစ်၏။
လောကီနယ်ကို လွန်မြောက်၏။
လောကုတ္တရာနယ်သို့ရောက်သောအမြင် ဖြစ်၏။
မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်၏။
ထို့ကြောင့် . . .
'ဓမ္မဒဿန' ဆိုသော စကားကို
'ဉာဏဒဿန' ဆိုသော
မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်မူ
ရောထွေးစဉ်းစားခြင်းငှာ
မသင့်ပါဟု ဆိုချင်၏။

□

'ဓမ္မရုပ်စုံ' သည်
ဓမ္မကိုသာ ဖော်ပြခဲ့၏။
အဓမ္မကိုမူကား
အစဉ်ရှောင်ကြဉ်ခဲ့၏။
သဒ္ဓမ္မသာသနာဟု ဆိုအပ်သော
ထေရဝါဒ ဗုဒ္ဓဘာသာကို
စင်စင်ကြယ်ကြယ်
ထွန်းထွန်းပပ
ပီပီသသပေါ်လွင်အောင်
အားထုတ်ရာ၌
ဓမ္မကို ကောင်းစွာမြင်ခြင်း
ဓမ္မကို မှန်စွာမြင်ခြင်း
ဓမ္မကို ယုံကြည်ခြင်း

ဓမ္မကို သက်ဝင်ခြင်း
ဓမ္မကို နှစ်သက်ခြင်း
ဓမ္မကို လေးစားခြင်း
ဓမ္မကို မြတ်နိုးခြင်း
ဓမ္မကို ကိုးကွယ်ခြင်းဆိုသော
ယောနိသောမနသိကာရကို
အစဉ်ထာဝရ သတိတရစွာ
ဦးထိပ်မှာ ထားခဲ့ပါ၏။

❑

အခါအားလျော်စွာ
အကျွန်ုပ်သည်
ဓမ္မဒေသနကို
ဓမ္မရုပ်စုံတွင်
ကလောင်အမည် အမျိုးမျိုးဖြင့်
ရေးသားခဲ့ရဖူးပါ၏။
ရေးသားရခြင်းအကြောင်းမှာ
ဓမ္မရုပ်စုံတွင်
ပါဝင်ရေးသားကြသော
ဆောင်းပါးများတွင်
တစ်ခါတစ်ရံ
ဓမ္မဒေသနစာမျိုးမပါ
သမားရိုးကျ
ဘာသာရေးအမြင်များသာ
ပါဝင်နေကြသောကြောင့်
မဂ္ဂဇင်း၏ မူဝါဒပေါ်လွင်အောင်
အယ်ဒီတာချုပ်တစ်ဦးအနေနှင့်
အကျွန်ုပ်က
တည်းဖြတ်ပြင်ဆင်သောအခါ
လိုချင်သော အတွေးစာ၊ ဒေသနစာမျိုး
ပါမလာလျှင်
ပါဝင်အောင်
မိမိကပင် တမင်တကာ
ပါဝင်ဖြည့်စွက်ထည့်ပေးရသောကြောင့်
ဖြစ်ပါကြောင်း ဝန်ခံရမည်ဖြစ်၏။

တစ်ခါတစ်ရံ - ဆန်းလွင်
တစ်ခါတစ်ရံ - နန္ဒမင်းခေါင်
တစ်ခါတစ်ရံ - အာကာပျံ
တစ်ခါတစ်ရံ - ရွှေဇံဦး
တစ်ခါတစ်ရံ - အဲမွန်ဖြာ
တစ်ခါတစ်ရံ - ဇယသိဒ္ဓိ
တစ်ခါတစ်ရံ - တက္ကသိုလ်အောင်မှူး
တစ်ခါတစ်ရံ - အယ်ဒီတာ
တစ်ခါတစ်ရံ - မင်းသာလွန် ဟူ၍
ချွန်ချွန်ထက်ထက်
ကလောင်သွက်စွာ
စွက်ဖက်ပါဝင် ရေးသားခဲ့ရပါ၏။
ယခုအခါ
ကာမဂုဏ်လောက
လူ့ဘဝကို
စွန့်ခွာနောက်ဆုံး
ဘုန်းကြီးရဟန်းဘဝ
ရောက်ခဲ့ပြီးမှ
တစ်ရံရောအခါက
ကျမိကျရာ
ထွေထွေလာလာ
ရှာရှာဖွေဖွေ
ရေးမိလေသမျှ
ဗမ္မဒသန ဆောင်းပါး
အကြောင်းများကို
ပေါင်းထားသော
စာတစ်ခုကို
ပြုစုထုတ်ဝေလိုသော
ဆန္ဒဖြစ်လာပြန်သောကြောင့်
အဖြောင့်သဘော
ပြောမှသင့်မည်
ကြံစည်မိသည်အလျောက်၊
ဤစာနိဒါန်း
ပုလဲပန်းကို
ဆန်းဆန်းကြယ်ကြယ်

ဖွယ်ဖွယ်ရာရာ
မဟုတ်ပါဘဲ
ပုလဲများကို
ခွဲခြားစဉ်စီ
ညီညီညာညာ
မဟုတ်ပါဘဲ
ထုတ်ဝေသူများ
သဘောထားကို
လေးလေးစားစား
နှလုံးထားကာ
ပြုံးသောမျက်နှာ
စေတနာဖြင့်
များစွာကိုးစား
တန်ဖိုးထားပြီး
မညည်းမညူ
သတိမူလျက်
ကြည်ဖြူခွင့်ပြုလိုက်ပါသည်။
ဖတ်သူဆန္ဒဖြစ်ပါစေ၊
နှစ်သက်စရာ
ဖြစ်ခဲ့ပါမူ
ရေးသူဆန္ဒ ပြည့်ပါ၏။

## လောက ဒဿန
## (လောကကို နားလည်ခြင်း)

'လောက' ကို ရှာဖို့အတွက်
နေ့ရက်များစွာ ကြိုးစားခဲ့သည်မှာ
ယခုအခါ ငါ၏အသက်
ထက်ဝက်ကျော် ကျိုးခဲ့လေပြီ။
'လောက' ဆိုတာ ဘာလဲဆိုသော မေးခွန်းသည်
အစွန်းထွက်နေသော မေးခွန်းလားမသိ။
တိတိကျကျ အဖြေမရှိ။
မိမိရရ အဖြေမသိ။
မရှိလို့ မသိတာလား၊
မသိလို့ မရှိတာလား၊
မှောင်မှောင် ဝါးဝါးနှင့်
ယောင်ယောင် မှားမှားပင်၊
ထိုအခါ နောက်တစ်မျိုး ဆင်ခြင်ကြည့်သည်၊
'လောက' ဆိုတာ ဘယ်မှာရှိသလဲ၊
စကားထဲမှာတော့
ဩကာသလောက ဆိုတာရယ်၊
သတ္တလောက ဆိုတာရယ်၊
သင်္ခါရလောက ဆိုတာရယ်၊
အကြီးအကျယ်တွေလည်း ရှိသည်၊

လူ့လောက ဆိုတာရယ်၊
ပညာရေး လောကဆိုတာရယ်၊
နိုင်ငံရေး လောကဆိုတာရယ်၊
စီးပွားရေး လောကဆိုတာရယ်၊
ကုန်သည် လောကဆိုတာရယ်၊
ကားသမား လောကဆိုတာရယ်၊
အရက်သမား လောကဆိုတာရယ်၊
အသေးအငယ်တွေလည်း ရှိသည်။
တချို့ကလည်း
ရုပ်လောကဟု ပြောကြသည်။
တချို့ကလည်း
နာမ် လောကဟု ဆိုကြသည်။
စဉ်းစားကြည့်တော့
'လောက' အဓိပ္ပာယ် ဘယ်မှာရှင်းလို့လဲ၊
ငါပဲမှားနေသလား၊
သူတစ်ပါးပဲ မှားနေသလား၊
တရားနှင့် ကြည့်စမ်းပါ၊
'လောက' ဆိုတာ ခန္ဓာတွေပဲပေါ့၊
ခန္ဓာဆိုတာဟာ ဘာတစ်ခုမှ
အမြဲတည်နေတာ မရှိပါဘူး။
ခန္ဓာဆိုတာဟာ ဘာတစ်ခုမှ
ချမ်းသာနေတာ မရှိပါဘူး။
ခန္ဓာ ဆိုတာဟာ ဘာတစ်ခုမှ
အစိုးရတာ မရှိပါဘူး။
မြင်တာတွေဟာလည်း
မြင်ပြီးရင် ပျက်စီးသွားကြတာပါပဲ။
ကြားတာတွေဟာလည်း
ကြားပြီးရင် ပျက်စီးသွားကြတာပါပဲ။
နံတာတွေဟာလည်း
နံပြီးရင် ပျက်စီးသွားကြတာပါပဲ။
အရသာတွေဟာလည်း
စားပြီးရင် ပျက်စီးသွားကြတာပါပဲ။

ထိတွေ့တာတွေဟာလည်း
ထိပြီး တွေ့ပြီးရင် ပျက်စီးသွားကြတာပါပဲ။
တွေးတာ ကြံတာတွေဟာလည်း
တွေးပြီး ကြံပြီးရင် ပျက်စီးသွားကြတာပါပဲ။
ဖြစ်ပြီးရင် ပျက်စီးသွားတာကလွဲလို့
တွေ့ထိ မြင်သိ ရတာများ
တခြားဘာတွေ ရှိပါသေးသလဲ။
မွေးတုန်းကပါတဲ့ခန္ဓာ
ခုဘယ်မှာရှိသေးသလဲ။
ခန္ဓာကို ငါလို့ထင်တာ
ခန္ဓာကို သူလို့ထင်တာ
ခန္ဓာကို မိန်းမလို့ထင်တာ
ခန္ဓာကို ယောကျ်ားလို့ထင်တာ
ခန္ဓာကို သားလို့ထင်တာ
ခန္ဓာကို သမီးလို့ထင်တာ
ခန္ဓာကို ပုဂ္ဂိုလ်လို့ထင်တာ
ခန္ဓာကို သတ္တဝါလို့ ထင်တာတွေ အားလုံးလည်း
ပညတ်ပေါ်မှာ နှလုံးသွင်းမှားပြီး
တလွဲငါရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
သူရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
မိန်းမရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
ယောကျ်ားရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
သားရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
သမီးရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
ပုဂ္ဂိုလ်ရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
သတ္တဝါရှိသည်ဟု အထင်အစွဲဖြစ်ကြတာ
အမှန်ကတော့ 'လောက' ဆိုတာ
ဘာဆို ဘာမှ မမြဲတာ
ဘာဆို ဘာမှ မချမ်းသာတာ
ဘာဆို ဘာမှ မရှိတာဟု
နားလည်သောအခါမှ
သူညာ၏ တန်ဖိုးကို သိမြင်သွားပါလိမ့်မည်။

သင့် ခန္ဓာကို
သေသေချာချာ သင်ရှုပါ။
သင် နေခဲ့သော နေ့ရက်တွေဆိုတာ
ဆုပ်ကိုင်ပြစရာ ရှိသေးသလား။
သင် စားခဲ့သော အစားအစာတွေဆိုတာ
ဆုပ်ကိုင်ပြစရာ ရှိသေးသလား။
သင် ဝတ်ခဲ့သော အဝတ်အထည်တွေဆိုတာ
ဆုပ်ကိုင်ပြစရာ ရှိသေးသလား။
သင် သုံးခဲ့သော အသုံးအဆောင်တွေဆိုတာ
ဆုပ်ကိုင်ပြစရာ ရှိသေးသလား။
ဘယ်လောက်ပဲ ရချင် ရချင်
ဘဝဆိုတာ မရနိုင်တာပါဟု
သင် သဘောမကျနိုင်သေးဘူးလား။
သင် မသေသေးခင်က
သင် လိုချင်ခဲ့သော
တန်ခိုးသြဇာ အာဏာတွေ၊
သင် ရချင်ခဲ့သော
ပစ္စည်းဥစ္စာရတနာတွေ၊
သင် ဖြစ်ချင်ခဲ့သော
ရာထူးစည်းစိမ်ဂုဏ်ရှိန် ပကာသနတွေ၊
သင် ရှာဖွေခဲ့သော
ချစ်ခြင်းမေတ္တာ အသပြာတွေ၊
သင်မြတ်နိုးခဲ့သော
ဇနီး မယား သမီး သားတွေ၊
သင် သေသော နေ့မှာ
သင့်ကို ဘယ်လို လက်ခံ၍
ဘယ်လို ဆက်ဆံကြမည်ထင်သလဲ။
လောကဆိုတာ သုညပဲဟု
သင် မမြင်သောအခါ
လောကကို သင်က
သင့်ရှေ့မှာထားပြီး လေးစားနေမိပါလိမ့်မည်။
သင့်မှာ တရားမသိသေး၍

တရားမရှိသေးသမျှတော့
လောကကို သင့်ရှေ့မှာထားသည့် အမှားမျိုးကို
သင်က အမှန်ဟု လက်ခံထားမိပါလိမ့်မည်။
သူညဆိုသော အရာသည်
ဂဏန်းရှေ့မှာနေလျှင်
ဂဏန်း၏ တန်ဖိုးအဆများစွာ ကျသွားသကဲ့သို့
လောကကို သင့်ရှေ့မှာ ထားမိလျှင်
သင့်မှာလည်း တန်ဖိုးဆုတ်ယုတ်သွားမည်သာ။
လောကကို သုညမှန်းသိပါ၊
သုညမှာ ဘာတန်ဖိုးရှိသလဲ၊
သုည၏ တန်ဖိုးကို မသိသရွေ့
သုညမှာ တန်ဖိုးမရှိဟု
သင့်စိတ်က ထင်နေပါလိမ့်မည်။
သုညမှာ တန်ဖိုး ရှိပါသည်။
သုည၏ တန်ဖိုးကို သိချင်လျှင်
သုညကို ဂဏန်း၏ နောက်က ထားကြည့်ပါ။
ဂဏန်းနောက်က သုညများလေ
ဂဏန်းမှာ တန်ဖိုးကြီးမားလာလေ ဖြစ်သကဲ့သို့
ထို့အတူပင် သင်လည်း
သုညတ လောကကို သင့်နောက်မှာထားလိုက်ပါ။
ဘဝ၏ တန်ဖိုးများစွာကို
သင် ရရှိခံစားရပါလိမ့်မည်။

**ဓမ္မရုပ်စုံမဂ္ဂဇင်း**
**၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ**

ငှက်ကလေးကလေးကျိုးပျက်တဲ့
နှင်းရိုက်ကျေး ဦးဆောင်းကလေးများဖော်ထင် နှင်းလေးဝေ
ကြိုးတန်းချိုင်းပင်ကောင်းကင်ဝေး ရှင်ရင်ဆ လေဝင်
ဦးလေးလွှား လေစိုးလွှား
မိုးလုံးရေကျူကျမ်းရုံတော
မြိုင်တောင်းတည်းမှူးကြော ငွေဆွေးလေတို့ရဲ့ ဝေးကြော
မိုးရွာက စွေ့ဆစ်ထင် ပုံထဲလေးတော
လေထဲပွေးကွေ့ပြီးလေညှင်းတွေ ကြိုးကြွေ့ဖွင့်ထင်
ပင်ပင်ပျံ့ ပွင့်ရင် ပုံထင်တယ်
စိတ်လည်ပြီးမှုံ့ ထင်ထင် ရောယှဉ်
လွမ်းဆင်လေ နှင်းဖို့ဝေ ဝိုးရှင်
ဖူးစိမ်းတို့ဝေ ရောယှဉ်
မြူမှိုင်းပိုလာ ဆင်ပင် လေဝင်ဖို့ပ
ကြွေလေပို့ ထိုင်းဝေ ရှုလွမ်း
မိုးစိမ်းစင် နှင်းဖို့ဝေ ဝိုးလွမ်း
ပင်ပင်မြူကြီးဝေ လပ်လျှော် ထင်ဝေ ပိုလွမ်း
လေထဲပွင့်လွမ်း ဝေလေလေး ဝေ
ပြင်မှုံ့ဝေပြီ တလေလေလေကျိုးကြိုး မိုးပြီ ရှုရှင်ဝေ
ကြိုးမြင် မိုးဝေလွမ်း
ပိတိပိုးလေလေးကျော်ကောင်းရင် ပြိုင်လေလေ လွမ်း
ပိုလွမ်းရှင်ပြိုင်တဲ့ ပြဝေ
ကြိုးပိုမိုကြော့ကြေကျိုး ဝေ

အိမ့်ကွင်းဦးစိုး
ဇလေဇာဝန် ၁၄ ၂၄၉၀

# ဗုဒ္ဓ နှင့် ဗုဒ္ဓဝါဒ
# (ရာဘင်ဒြာနတ်တဂိုးအမြင်)

ကဆုန်လပြည့် ဗုဒ္ဓနေ့ ဝိသာခါ အခါတော်ပွဲ ဆင်နွှဲရန် အကျွန်ုပ်လာရောက်ရာ၌ အကျွန်ုပ်၏ နှလုံးသည်းပွတ်ထဲတွင် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ဤလောက၌ မွေးဖွားပြီးသော လူသားအပေါင်းတို့တွင် အကြီးဆုံး၊ အမြတ်ဆုံးလူသားအဖြစ် မှတ်ယူကာ 'ဦးညွှတ်ဂါရဝပြုရန် ဖြစ်ပါသည်။ အကျွန်ုပ်က ဤသို့ ဂါရဝပြုခြင်းသည် သမားရိုးကျ ဝတ်ပြုသည့် သဘောမျှ မဟုတ်ပါ။ ထိုဗုဒ္ဓ မြတ်စွာဘုရားအား အကျွန်ုပ်၏ နှလုံးသည်းပွတ်တွင်းက ယုံကြည်ကိုးကွယ် ဆည်းကပ်ကြောင်းကို ထုတ်ဖော်ပြသရန်အတွက်လည်း ဖြစ်ပါသည်။

တစ်ခါက အကျွန်ုပ်သည် ဗုဒ္ဓဂယာသို့ ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်အခါ၌ အကျွန်ုပ်၏စိတ်တွင် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားပွင့်စဉ်အခါ မိမိမှာ လူဖြစ်ပြီး မြတ်စွာဘုရား၏ တရားတော်များကို နှလုံးပြည့်ဝစွာဖြင့် တိုက်ရိုက် မနာကြားခဲ့ရခြင်းအတွက် ရင်ထုမနာ ဖြစ်ခဲ့ရပါသည်။

ဗုဒ္ဓဂယာတွင် ဝေးလံလှစွာ ပင်လယ်ရပ်ခြား ဂျပန်နိုင်ငံမှ သမုဒ္ဒရာကို ဖြတ်ကျော်ကာ ရောက်လာသော တံငါသည် ဆင်းရဲသူတစ်ဦးကို တွေ့ခဲ့ရပါသည်။ သူသည် မိမိပြုဖူးသော အကုသိုလ်ဒုစရိုက်များအတွက် နောင်တကြီးစွာ ရလျက် ဗုဒ္ဓဂယာသို့ ဘုရားကို ကြည်ညိုစိတ်ဖြင့် ရောက်လာခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ သူသည် ညနေခင်းမှစ၍ ညဉ့်နက်သန်းခေါင်ကျော်သည့်တိုင်အောင် တင်ပျဉ်ခွေထိုင်ကာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟူ၍ သရဏဂုံ ဆောက်တည်ကာ နှုတ်မှဖွဖွ ရွတ်ဆိုနေရှာပါသည်။

လွန်လေပြီးသော အနှစ်နှစ်ထောင့်ငါးရာကျော်က သကျသာကီဝင်မင်းသားတစ်ပါးသည် ဤသို့ တိတ်ဆိတ်ငြိမ်သက်သောညဉ့်၏ နက်ရှိုင်းသော အခါသမယဝယ် သတ္တဝါတို့အား ဆင်းရဲခြင်းအပေါင်းမှ ကင်းဝေးရေးကို ရည်မျှော်ကာ တောထွက်ခဲ့ပါသည်။ ယခု ဤဂျပန် တံငါသည် လူဆင်းရဲသည် သူ၏ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရပါခြင်းအကျိုးငှာ ဗုဒ္ဓထံတော်ပါး၌ ကိုးကွယ်ဆည်းကပ်နေသည်ကို အကျွန်ုပ်မြင်ရပေပြီ။

ထိုအခါ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်ချမ်းသာကို ရှာဖွေတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားသည် ထိုဂျပန်တံငါသည် သူဆင်းရဲ၏ ရှေ့မှောက်တွင် အသက်ထင်ရှားရှိဆဲပါကို အကျွန်ုပ် တွေ့မြင်ရပါပြီ။ အကုသိုလ် ဒုစရိုက်တရားတို့၌ နစ်မွန်းသော သူတို့အား ဘဝလွတ်မြောက်ရေးအတွက် ဗုဒ္ဓမြတ်စွာဘုရား ယခုတိုင် အသက်ထင်ရှားရှိနေဆဲပါပဲတကား။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂတရားတို့ အနိုးအလျှံထသော နှလုံးသားရှိသည့် ထိုဂျပန်အမျိုးသားသည် လူသားတို့၏ အခေါင်ထွတ်ဖျား မြတ်စွာဘုရားကို ထင်ရှားမျက်မြင်တွေ့နေပြီပဲကိုး။

အကယ်တန္တ ထိုမြတ်စွာဘုရားသည် သူ့ခေတ်သူ့အခါက အသက်ထင်ရှားရှိခဲ့ကြကုန်သော လူသားတို့အဖို့ စကြဝတေးမင်း ဖြစ်ခဲ့ငြားအံ့။ ထိုမင်းသည် ထိုခေတ်၊ ထိုအခါက လူသားတို့အဖို့မူ ကိုးကွယ်အားထားရာ အစစ်ဖြစ်ကြီး ဖြစ်ခဲ့မည်ကား မုချပင်။ သို့ပင်ဖြစ်ငြား အချိန် (ကာလ) ဟူသော မေ့ပျောက်ခြင်း ပမာဒတရား၏ ပိတ်ဆို့တားဆီးမှုကြောင့် ယခုလောက်ဆိုလျှင် ထိုမင်းကို သတိရရှိမည့် လူသားရှိတော့အံ့မထင်ပါ။

ယခုမူ ထိုဗုဒ္ဓ မြတ်စွာဘုရားသည် အချိန်ကာလဆိုသော တရားကိုလည်း လွန်မြောက်သွားပြီပဲကိုး။ ထိုမြတ်စွာဘုရားသည် ကာလကို လွန်မြောက်သော မဟာပုရိသ၊ ဥတ္တမပုရိသအဖြစ်ဖြင့် ခေတ်အဆက်ဆက် အသက်ထင်ရှားရှိသည့် လူသားတိုင်း၏ နှလုံးသားမြတ်ပလ္လင်ပေါ်ဝယ် ထက်ဝယ်ခွဲ့ဖွေ ထိုင်နေတော်မူပြီပဲကိုး။ ယခုမူ အပြစ်ဒုစရိုက်တရားတို့ကို ပြုမိမှား၍ ကြီးစွာသော နောင်တကို မျက်မှောက်ပြုသော ပုထုဇဉ်တို့၏ စိတ်ငြိမ်းချမ်းမှုကို ရှာဖွေရာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု ယုံကြည်ကိုးကွယ် ဆည်းကပ်ရာအဖြစ်ဖြင့် ထိုမဟာယောဂီကြီးသည် တည်ရှိနေပြီပဲကိုး။

ထိုဗုဒ္ဓမြတ်စွာဘုရားသည် အချိန်ကာလတိုင်းအတွက် သစ္စာတရား၏ ထွန်းပရာအဖြစ် တည်ရှိနေသော်လည်း ယခုကာလ လူသားအပေါင်းတို့မှာ ကိုယ်ကျိုး၊ အတ္တ၊ လောဘ၊ ဒေါသ၊ မာနတရားများဖြင့် တိမ်သလာဖုံးသကဲ့သို့ အမှန်တရား၏ တည်ရာသစ္စာရှင်ကြီးကိုပင် မမြင်နိုင်၊ မတွေ့နိုင် အမိုက်ဖုံးလျက် ရှိကြတုန်းပင်။

ဒုက္ကရစရိယကို ကာလအတန်ကြာကျင့်ပြီးနောက် ဗုဒ္ဓမြတ်စွာဘုရားသည် ဤလောက၌ ထင်ရှားပွင့်ခဲ့လေပြီ။ ထိုမြတ်စွာဘုရား၏ ကိုယ်တော်မှလည်း သစ္စာတရား ရောင်ခြည်တော်များ ဖြာထွက်ခဲ့လေသည်။ ထိုရောင်ခြည်တော်တို့သည် ကာလနိမိတ်ကိုသော်လည်းကောင်း၊ ဒေသနိမိတ်ကိုသော်လည်းကောင်း ကျော်လွန်ကာ တစ်လောကလုံးသို့ ထွန်းပခဲ့လေပြီ။ ထိုရောင်ခြည်တို့သည် လူမျိုးဟူသော နိမိတ်၊ တိုင်းနိုင်ငံဟူသော နိမိတ်အားလုံးကိုလည်း ကျော်လွန်ကာ လူသားအပေါင်း၏ နှလုံးသားဝယ် တစ်သွေးတည်း တစ်သားတည်း စိတ်တူစာတ်တူအောင်လည်း ပြုနိုင်ခဲ့ပြီကို။

အကျွန်ုပ်မြင်တတ်ပါပြီ။ ထိုသူလူသားအပေါင်းတို့၏ နှလုံးသားဝယ် ခွဲခြားစိတ်မထင်၊ တစ်သွင် တစ်ပြင်တည်း ဖြစ်စေခဲ့သော ထိုမြတ်စွာဘုရားကို လူသားတို့က မေ့ပျောက်ခြင်းငှာ မတတ်သာ၍ အမှတ်ရခြင်း၊ အောက်မေ့ခြင်း၏ တည်ရာအဖြစ်ဖြင့် စေတီပုထိုး ရုပ်ပွားတော်များစွာကိုလည်း မြေပြန့်၊ တောင်ထိပ်၊ သဲကန္တာရမကျန် နေရာအနှံ့မှာ တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ထိုကဲ့သို့ လူသားတို့၏ ကြည်ညိုသဒ္ဓါတရား ပွားများသောစိတ်ဖြင့် ပြုခဲ့သောကြောင့်လည်း ယခုအခါ ကမ္ဘာတစ်ဝန်းလုံးမှာ ဗုဒ္ဓအနုပညာလက်ရာများလည်း ပြန့်ပွားကျယ်ဝန်းရလေပြီ။ ထိုဗုဒ္ဓမြတ်စွာဘုရားအား အကျွန်ုပ်သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဂျာဗါးကျွန်းပေါ်တွင် တည်ထားသော ဘော်ရိုဘူဒိုပုထိုးတော်ကြီးမှ အနုပညာလက်ရာစုံကို အကျွန်ုပ်ဖူးတွေ့ခဲ့ဖူးပြီ။ ရာပေါင်းများစွာသော ဗုဒ္ဓဆင်းတုတော်များဖြင့် ထိုပုထိုးတော်ကြီးကို အနုပညာပြောင်မြောက်စွာ တန်ဆာဆင်လျက် ဝန်းရံထားပါသည်။ ထိုလက်ရာများကို အကျွန်ုပ်စေ့စုံစွာ ကြည့်ရှုလေ့လာခဲ့ရာ ထိုအနုပညာရှင်များ၏ ကြီးမားသော သဒ္ဓါတရားနှင့်တကွ သူတို့၏ ပင်ပန်းကြီးစွာ အားထုတ်ခဲ့မှုများကိုလည်း ထင်ထင်ရှားရှား မြင်ခဲ့မိပါသည်။ ဤသည်ပင်လျှင် 'တပသ' ခေါ် ခြိုးခြံစွာကျင့်ခြင်း၏ နိမိတ်ဖြစ်နေသည်ကိုလည်း အကျွန်ုပ် သတိပြုမိခဲ့ပါ၏။

အနုပညာရှင်အပေါင်းတို့သည် ဤတွင် ကြီးပွားလိုသောစိတ်၊ ဂုဏ်သတင်းကျော်စောခြင်း၊ အချီးအမွမ်းခံလိုခြင်း စသော လောဘ၊ မာနတရားတို့ကို လောင်ကျွမ်းစေသော တပသအကျင့်ဖြင့် မြတ်စွာဘုရားအား စင်ကြယ်သော အနုပညာကို ပြုစုပူဇော်ထားကြသည်ကိုလည်း အကျွန်ုပ် မြင်မိခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ခြေတော်စုံကို ခိုလှုံကာ လောကသိအောင် မိမိ၏ အကုသိုလ် ဒုစရိုက်မှုပြုခဲ့သည်များကို ဝန်ချသောအားဖြင့် ကျောက်စာကမ္ပည်းရေးထိုးကာ ကြေညာခဲ့သော အသောကရာဇာ၏ ကောင်းမှုတော်များကို

အကျွန်ုပ် မြင်ရသောအခါ၌ ထိုမင်း၏ မြတ်စွာဘုရားအား ယုံကြည်ကိုးကွယ် ဆည်းကပ်သော ဉပါသကာစိတ်ကို အကျွန်ုပ်ရင်မှာ ခံစားသိမြင်ခဲ့ရပါသည်။ သူနှင့်တူသော မင်းလည်း ဤကမ္ဘာပေါ်တွင် နောက်ထပ်ပေါ်ပေါက်ပါဦးတော့ မည်လား။

အသားအရောင် ခွဲခြားခြင်း၊ အဆင့်အတန်း ခွဲခြားခြင်း၊ အခွင့်အလမ်း ခွဲခြားခြင်း၊ အယူဝါဒခွဲခြားခြင်းဆိုသော ယုတ်မာရက်စက်သော တရားများ ကြောင့် ဤလူ့မြေပြင်ဝယ် သွေးကွက်များစွာ စွန်းထင်းညစ်ပေခဲ့ရဖူးလေပြီ။ ဤကဲ့သို့ မုန်းတီးခြင်း၊ ခါးသီးခြင်း တရားတို့ဖြင့် လူအချင်းချင်း အဆိပ်မွှန်စေ သော ခေတ်၏ ကွယ်ရာမဲ့ဘဝဝယ် မေတ္တာကရုဏာတရားကို ဟောတော်မူ သော အကြင် ဥတ္တမပုရိသ၏ မြတ်သောတရားစကားများသည် အကျွန်ုပ်တို့ အဖို့ တမ်းတရာ တရားစစ်ဖြစ်ခဲ့ပါပြီ။

ဤလောက၌ သဒ္ဓါကြည်ညိုခြင်းဖြင့်သာ ပေးကမ်းခြင်းကို ပြုတတ်သော ထိုတရားကိုလည်း အကျွန်ုပ် အလွန်လေးစားမိပါ၏။ ကြောက်စိတ်ဖြင့် ကိုးကွယ်ရသော အကြင်ဘာသာ တရားမျိုးကား လူသားအချင်းချင်းကိုလည်း တစ်ဦးအပေါ်တစ်ဦး အရိုအသေတန်စေသည်ဟု အကျွန်ုပ် ယူဆပါသည်။

ထိုသို့သော လူအချင်းချင်း အရိုအသေကင်းစေသော တရားမျိုးသည် ဘာသာရေးသဘောအရသာ ဆိုးကျိုးကို ပေးနိုင်သည်မဟုတ်။ နိုင်ငံရေးအရ၊ လူမှုရေးအရလည်း အဆင့်အတန်း ခွဲခြားမှုမျိုးကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ မင်း၏ စည်းစိမ်၊ အဆင့်အတန်းကို သိဒ္ဓတ္ထမင်းသားဘဝ၌ပင် ဗုဒ္ဓမြတ်စွာ ဘုရားသည် စွန့်လွှတ်ခြင်းဖြင့် လူသားအပေါင်းအား ဆင်းရဲခြင်းမှ လွတ်မြောက် ရေးလမ်းကို ရှာဖွေရန် အားထုတ်ခဲ့လေသည်။

ဗုဒ္ဓဝါဒမှာ လူတန်းစား ခွဲခြားသော သဘောထားမရှိ။ သူကား ဘာဘေး ရီးယန်း (အရိုင်း)၊ သူကား အာရိယန် (လူ့ယဉ်ကျေး) များ ဟူသော အခွဲအခြား မရှိ။ သူသည် အဆင့်အတန်းဟူသော လောကီ ပကာသန အားလုံးကို စွန့်ပယ် လျက် အရိုးသားဆုံး၊ အနိမ့်ဆုံးဘဝဖြင့် မြိုးမြဲသောတပသအကျင့်မြတ်ကို ကျင့်ကြံခဲ့လေသည်။ လူသားတိုင်းကို ဗုဒ္ဓဝါဒက အမြတ်ထားသည်။ အလျှုခံ ပုဂ္ဂိုလ်ကိုပင် လှူဒါန်းသူက ရိုသေစွာ လှူရသော တရားမျိုး ဖြစ်သည်။ ထို တရားသည် လူလူချင်း ရန်သူဟုမြင်သော တရားဆိုးတို့၏ ချုပ်ရာကုန်ရာ တရားဖြစ်သည်။ အဘယ့်ကြောင့် လူကို လူချင်း 'ရန်သူ' ဟူသော စကားဖြင့် သတ်မှတ်ကြကုန်သနည်း။ လူတို့အချင်းချင်း သက်ာမကင်းခြင်း၊ စိတ်မချခြင်း၊ မယုံကြည်ကြခြင်းကြောင့်ပင် ဖြစ်သည်။

ဗုဒ္ဓ၏ မေတ္တာဝါဒသည် ထိုကဲ့သို့ လူအချင်းချင်း မယုံသင်္ကာမှု ကင်းဝေးစေသော ကရုဏာတရားမျိုး ဖြစ်သည်။ ကရုဏာတရားဟူသော်ကား ကိုယ်ချင်းစာတရားမျိုးပင်တည်း။ မိမိကိုယ်ကို ပြုစေလိုသကဲ့သို့ သူတစ်ပါးအပေါ်၌ ပြုမူကျင့်ကြံသော တရားပင်တည်း။ ထိုတရားသည် လောကကို ငြိမ်းချမ်းစေသော တရား မဟုတ်ပါလော။

ဓမ္မရုပ်စုံမဂ္ဂဇင်း
၁၉၉၂ ခုနှစ်၊ ဩဂုတ်လ

အလင်္ကာ ရှင်ကိုယ်ထိန်း ထိုးနှိုက်လာရ ပြင်ဆင်ပြီး ပြုလုပ်ပေးခဲ့ရသော စိတ်ဓာတ်
ထိုးဖောက်ပြီး အလင်္ကာ ... ဆောင်ရွက်သော ဆိုင်ရာဝန်ကြီး ကိုယ်စားလှယ်များ ထောက်
ရှုမြင် ပြီးကြောင်း ဆုံးဖြတ်ချက် ...
... ...
အလင်္ကာ ...

အိမ်ရှေ့ပိုင်ရာ
ဝင်ခံရုံးကြီး ၁၆ ၁,၃၅၀

# လူသားဘယ်တော့ လိမ္မာမလဲ

ဗုဒ္ဓ၏ ရှေးကျသော ပါဠိစာပေကျမ်းဂန်များတွင် အချို့သော မိန့်ဆိုချက်များ၌ အောက်ပါအတိုင်း တွေ့ရှိရသည်။

အလိမ္မာပညာဖြင့်နေသော ဘဝသည် အကြီးကျယ်ဆုံးဘဝ ဖြစ်သည်။

'ပညာဇာဝိံ ဇီဝိတံ အဟု သေဋ္ဌံ'

အသိပညာ အလိမ္မာသည် လူသားအတွက် ရတနာ ဖြစ်သည်။

'ပညာ နာရန် ရတနံ'

'ပညာနှင့်တူသော အလင်းရောင်သည် မရှိ'

နတ္ထိ ပညာ သမာ အာဘာ

ဗုဒ္ဓ၏ အဆုံးအမအရ ဘဝ၏ ရည်မှန်းချက်သည် ပညာသို့ ပေါက်မြောက်ရေးပင် ဖြစ်သည်။ ပညာဆိုသော ပါဠိစကားကို အများအားဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသောအခါ Wisdom ဟု ပြန်ဆိုတတ်ကြသည်။ သို့သော် ပါဠိစကားလုံးပညာ၊ သက္ကတစကားလုံး Prajna သည် အင်္ဂလိပ်စကားလုံး Wisdom ထက်ပို၍ နက်ရှိုင်းသည်။ ပို၍ အဝန်းကျယ်သည်။ ဗုဒ္ဓ၏ သဘောအရ ပညာ၏ သဘောသည် အရာဝတ္ထုတို့ကို ရှိအတိုင်းတိုင်း သဘာဝကျကျ ဓမ္မဓိဋ္ဌာန်သဘောဖြင့် သိမြင်ခြင်း ဖြစ်ရုံမျှမက၊ သစ္စာတရားကို သိမြင်ရုံမျှမက လောဘ၊ ဒေါသ၊ မောဟတရားတို့မှ လုံးဝလွန်မြောက်ပြီးလျှင် သတ္တဝါမှန်သမျှအား ကျောသားရင်သား မခွဲခြားဘဲ မေတ္တာကရုဏာထားနိုင်ရေးလည်း ဖြစ်ပေသည်။ ဤအလိမ္မာ ပညာ၏ သဘောကို လူသာမန်အသိဖြင့်လည်းကောင်း၊ လောကီအသုံးချ အသိဉာဏ်ပညာဖြင့်လည်းကောင်း စမ်းသပ်စစ်ဆေးနိုင်သော လက်တွေ့သိပ္ပံပညာလောက်ဖြင့်လည်းကောင်း ရောထွေး၍ မစဉ်းစားသင့်ပေ။

ဗုဒ္ဓ၏ စည်းကမ်းနည်းလမ်းများသည် လူသားကို တစ်ဖက်စောင်းနင်း တိုးတက်ဖွံ့ဖြိုးစေသော နည်းလမ်းစည်းကမ်းများ မဟုတ်ကြချေ။ လူသားကို ဘက်စုံပြည့်ဝသော လူသားအဖြစ် တိုးတက်ဖွံ့ဖြိုးစေသော စည်းကမ်းနည်းလမ်းများသာ ဖြစ်ကြပေသည်။ လူသားတွင် ရုပ်ပိုင်းဘဝ သာယာဝပြောရေးသည် အခြေခံကျသော လိုအပ်ချက်ဖြစ်သည်။ ထိုရုပ်ဘဝ လိုအပ်ချက်အပြင် လူသားမှာပြည့်ဝသော လူသားဖြစ်ရေးအတွက် အခြား လိုအပ်ချက်နှစ်ခုလည်း ရှိသေးသည်။ ထိုလိုအပ်ချက်နှစ်ခုကိုလည်း ရုပ်ဘဝတိုးတက်ဖွံ့ဖြိုးအောင် လုပ်သလို၊ တစ်ပြိုင်နက်မှာပင် အလားတူ တိုးတက်ဖွံ့ဖြိုးအောင် ပြုလုပ်ကြရပေမည်။ ထို အရာနှစ်ခုမှာကား တခြားမဟုတ်။ လူသား၏ နှလုံးသားနှင့် လူသား၏ ဦးနှောက်ဖြစ်၏။ ဤစကားလုံးနှစ်ခုကို ကျွန်ုပ်သည် သင်္ကေတသဘောဖြင့် သုံးနှုန်းလိုက်ခြင်းသာ ဖြစ်၏။ အသည်းနှလုံးသည် ချစ်ခြင်းမေတ္တာကို ကိုယ်စားပြု၏။ ထိုစကားထဲတွင် ကရုဏာတရား၊ ကိုယ်ချင်းစာတရား၊ စွန့်ကြဲခြင်းစာဂနှင့် အလားတူ မွန်မြတ်သော စိတ်လှုပ်ရှားစဖွယ် အရည်အသွေးများအားလုံး အကျုံးဝင်ပေသည်။ ဦးနှောက်ဆိုသော စကားသည် လူသား၏ အသိဉာဏ်ပညာပိုင်းကို သင်္ကေတပြု၍ ဖော်ပြသော စကားဖြစ်သည်။ ဆင်ခြင်ဉာဏ်၊ ဝေဖန်ပိုင်းခြား ဆုံးဖြတ်စီရင်သောဉာဏ်၊ ကြံစည်စိတ်ကူးသောဉာဏ်နှင့် အခြားသော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများအားလုံး ပါဝင်ပေသည်။

အကြင်သူသည် စိတ်လှုပ်ရှား (ခံစားမှု) အပိုင်းကိုသာ တိုးတက်ဖွံ့ဖြိုးအောင် ပြုလုပ်ပြီး ဆင်ခြင်စဉ်းစားဝေဖန် သုံးသပ်ဆုံးဖြတ်သော အပိုင်းကို အားကောင်းအောင်၊ ဖွံ့ဖြိုးအောင် မပြုလုပ်ဘဲနေလျှင် ထိုလူသည် စိတ်ကောင်းနှလုံးကောင်းရှိသော လူပေါကြီး၊ လူမိုက်ကြီးဖြစ်နေပေလိမ့်မည်။ သို့မဟုတ်ဘဲ ဆင်ခြင်သုံးသပ်ဆုံးဖြတ်တတ်သော အသိဉာဏ်ပိုင်းကိုသာ တိုးတက်ဖွံ့ဖြိုးအောင် ပြုလုပ်ပြီး လျစ်လျူရှုထားလျှင် ထိုသူသည် တစ်ကိုယ်ကောင်းဆန်သော အတ္တသမား၊ အသည်းမာသော ပညာရှိ ပဏ္ဍိတကြီး ဖြစ်သွားပေလိမ့်မည်။

ထိုသူသည် ပညာကားရှိ၏။ သို့သော် ဘဝတူ လူသားချင်းအပေါ်၌ ထားအပ်သော မေတ္တာကရုဏာတရားကား ခေါင်းပါးသူဖြစ်၏။ သို့ဖြစ်ရာ လူသား၏ ဘက်စုံ မျှမျှတတ တိုးတက်ဖွံ့ဖြိုးရေး၊ ပြည့်ဝသော လူသားတစ်ယောက်ဖြစ်မြောက်ရေးမှာ နှလုံးသားဘက်ရော ဦးနှောက်ဘက်ပါ အညီအမျှတစ်ပြိုင်နက် တိုးတက်ဖွံ့ဖြိုးအောင် ပြုလုပ်မှသာ ဖြစ်နိုင်ပေသည်။ ဤကား ဗုဒ္ဓ၏ ပညာနှင့် ပတ်သက်သော ရည်မှန်းချက် ဖြစ်၏။

ကမ္ဘာတစ်ဝန်းလုံးရှိ မျက်မှောက်ခေတ်ပညာရေးစနစ်၏ ယေဘုယျရည်မှန်းချက်သည် အသက်မွေးမှုအတွက် ကျွမ်းကျင်သော အသိပညာရှိသည့်

အမျိုးသား၊ အမျိုးသမီးများကို ထုတ်လုပ်ရေးသာ ဖြစ်နေပေသေးသည်။ ယေဘုယျကျွမ်းကျင်မှု၊ အဆင့်မြင့် (အထူး) ကျွမ်းကျင်မှုကိုသာ ဦးစားပေးနေ၏။

ထိုပညာရေးစနစ်သည် အတတ်ပညာအရည်အသွေး ထူးချွန်ထက်မြက်ရေးကိုသာ အလေးထားသော၊ အထူးအလေးထားသောစနစ် ဖြစ်သည်။ လူသား၏ ကိုယ်ကျင့်တရားနှင့် စိတ်ဝိညာဉ်ဆိုင်ရာ အရည်အသွေးများ တိုးတက်ဖွံ့ဖြိုးရေးကိုကား လျစ်လျူရှုထားသော ပညာရေးဖြစ်၏။ ထို့ကြောင့် ထိုပညာရေးစနစ်ဖြင့် မွေးထုတ်လိုက်သော လူသားများသည်ကား တည်ငြိမ်မှုနှင့် သဘောထားညီမျှမှုကင်းသော လူသားများ ဖြစ်လာကြလေသည်။ ထို့ကြောင့် ထိုလူသားများရင်ထဲတွင် အမြဲတမ်း ကျေနပ်ရောင့်ရဲခြင်းကင်းသော ဝိရောဓိများ ဖြစ်ပေါ်လျက်ရှိသည့်ပြင် ပုဂ္ဂလိကလူသားနှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအကြားမှာလည်း အစဉ်ပဋိပက္ခဖြစ်ပွားနေရပေတော့သည်။ ထိုသို့မဟုတ်လျှင်လည်း ထိုလူသားများသည် စဉ်းစားဝေဖန်ခြင်းမရှိဘဲဖြစ်ရာ ဘဝမှာ ရောင့်ရဲနေကြသူများ ဖြစ်နေတတ်ပေသည်။

လူသား၏ ကိုယ်ကျင့်သီလကောင်းမွန်တိုးတက်ရေး၊ စိတ်ဝိညာဉ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းသည် ဘာသာတရားများမှာသာ တာဝန်ရှိသည်ဟု ယူဆခြင်းသည် အလွန်ဆိုးရွားသောအမှား ဖြစ်သည်။ 'ဘာသာကိုးကွယ်' (Religion) ဆိုသော စကားသည် မျက်မှောက်ခေတ် လူသားအများစုအတွက် ခံတွင်းတွေ့သော စကားမဟုတ်ပေ။ ထိုသို့ဖြစ်ရခြင်းမှာ ဘာသာကိုးကွယ်မှုဆိုသော သဘောကို ခေတ်မစားတော့သည့် သေးသိမ်သော ပူဇော်ပသမှုလေ့ထုံးစံများနှင့် ထပ်တူပြုကြသော အကြောင်းကြောင့် ဖြစ်ပေသည်။

ခေတ်သိပ္ပံပညာနှင့် အတတ်ပညာများက လူထက် အဘက်ဘက်က အဆပေါင်းများစွာတိကျ၍ သာလွန်စွမ်းဆောင်နိုင်သော စက်ကိရိယာယန္တရားများ တီထွင်ထုတ်လုပ်ပေးခဲ့ပြီး ဖြစ်ပေသည်။ သို့ရာတွင် ထိုယန္တရားများမှာ အသိဉာဏ်ပညာကင်းမဲ့သော စက်ယန္တရားများသာ ဖြစ်ကြပေသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ကျင့်သုံးနေသော လက်ရှိပညာရေးစနစ်သည်လည်း အသိဉာဏ်ပညာပါသော စက်နှင့်တူသော လူသားများကို မွေးထုတ်ပေးနေသော စနစ်ကြီးဖြစ်နေလေပြီလားဟု စဉ်းစားစရာ ဖြစ်နေပေပြီ။

ထိုပညာရေးစနစ်က မွေးထုတ်ပေးသော လူသားများသည် ကာလပေါ် စက်ယန္တရားများလောက် စွမ်းဆောင်နိုင်မှု တိကျမှုလည်း မရှိပေ။ ထိုကဲ့သို့သော ဉာဏ်ပညာကင်းမဲ့သော လူသားယန္တရားများကပင် ကမ္ဘာ့အရေးအခင်းများကို ကိုင်တွယ်ဖြေရှင်းနေကြသည်ဖြစ်ရာ ကမ္ဘာကြီးမှာ မည်မျှ အန္တရာယ်ကြီးမားနေပြီဆိုသည်ကို စဉ်းစားဖို့ကောင်းပြီ။

ဗုဒ္ဓ၏ ဘဝနှင့်ပတ်သက်သော ရည်မှန်းချက်မှာ ပညာစခန်းသို့ တက်လှမ်းရေးပင်ဖြစ်ကြောင်းကို အကျွန်ုပ်ဆိုခဲ့ပြီးပြီ။ ယခု 'ပညာ' ဆိုသည်မှာ ဘာကိုဆိုလိုသနည်း။ ရှင်းရပေဦးမည်။ မဂ္ဂင်တရားတော်အရ ပညာဆိုသည်မှာ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပပင် ဖြစ်သည်။ မှန်သော အမြင်နှင့် မှန်သော အတွေးကို ဆိုလိုသည်။

ဤတွင် သမ္မာဒိဋ္ဌိ (မှန်သောအမြင်) ရရှိအောင် ပြုစုပျိုးထောင်ရာတွင် အဆင့်လေးဆင့် ရှိသည်။ ပထမအဆင့်သည် ကျွန်ုပ်တို့၏ ဘဝကို ရှိအတိုင်းတိုင်း သိရေးပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဒေသနာကို အမှန်အကန် သိရေးပင် ဖြစ်သည်။ ၎င်းမှာ လူသား၏ ကြုံတွေ့နေရသော သုခ၊ ဒုက္ခအားလုံးကို မှန်မှန်ကန်ကန် သိနားလည်ဖို့ လိုအပ်ပေသည်။

အကျွန်ုပ်တို့၏ ဘဝသည် ခြောက်ပြစ်ကင်းမဟုတ်။ မမြဲ။ အနိစ္စဖြစ်သည် ဆိုသောအချက်ကို သိမြင်ဖို့ လိုသည်။ ဘဝထဲမှာ အလိုမကျ၊ မကျေနပ်မှုနှင့် ပဋိပက္ခတွေ ဒင်းကြမ်းပြည့်နေသည်ကို သိရမည်။ ထို့ပြင် ဤဘဝသည် သည်အတိုင်း ပစ်ထား၍မရ။ အစဉ်သဖြင့် တိုးတက်နေအောင် ကြိုးပမ်းဆောင်ရွက်နေမှသာ အဆင်ပြေသည်ဆိုသောအချက်များကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ဖို့လိုသည်။ ထိုသို့ ဘဝကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်တတ်ခြင်းသည် သမ္မာဒိဋ္ဌိ (Right Understanding) ဖြစ်သည်။ ဤကား ဒုက္ခသစ္စာကို သိခြင်း ဖြစ်၏။

ဒုတိယအချက်သည် ကျွန်ုပ်တို့ ဘဝ၌ ကြုံတွေ့လာရသမျှသော ပြဿနာများ ပဋိပက္ခအားလုံးသည် တခြားကြောင့် ဖြစ်ပေါ်လာသည်မဟုတ်။ ကျွန်ုပ်တို့ကိုယ်မှဖြစ်သော တစ်ကိုယ်ကောင်းဆန်သော အတ္တဆန္ဒကြောင့် ဖြစ်ရသည်။ မှားယွင်းသော ငါစွဲသက္ကာယဒိဋ္ဌိကို အခြေခံ၍ ဖြစ်ရသည်။ ထိုသက္ကာယဒိဋ္ဌိကိုပင် ဘဝ၏ ဘက်ပေါင်းစုံသို့ ချဲ့ထွင်မှုကြောင့်ဖြစ်ရသည်ဆိုသောအချက်ကို နားလည်ခြင်းပင် ဖြစ်သည်။

တတိယအချက်သည် ဤဆင်းရဲခြင်းအတိဒုက္ခအပေါင်းမှ လွတ်မြောက်အောင် ရုန်းထွက်နိုင်လျှင် ငြိမ်းချမ်းသာယာသော၊ ဆင်းရဲကင်းသောဘဝကို ရရှိနိုင်သည်ဆိုသောအချက်ကို အသိအမှတ်ပြုရေးပင် ဖြစ်သည်။ ကျွန်ုပ်တို့ဘဝသည် ဒုက္ခထောင်ချောက်ထဲမှာ မျှော်လင့်ချက်ကင်းစွာ ပိတ်မိနေသည်ကား မဟုတ်ကြချေ။ ဒုက္ခမှ ကင်းဝေးသော သဘောသည် ရှိသည်ဆိုသည်ကို သိရမည်။

စတုတ္ထအချက်မှာ ထိုဒုက္ခကင်းဝေးသောအဖြစ်သို့ ဆိုက်ရောက်အောင် သွားနိုင်သောလမ်းသည် ရှိသည်။ ဘဝလွတ်မြောက်ခြင်းအတွက် ထွက်ရပ်လမ်း

ရှိသည်။ ထိုလမ်းစဉ်တွင် ကိုယ်ကျင့်တရားပိုင်းရော၊ စိတ်ဝိညာဉ်ပိုင်းရော၊ ပညာပိုင်းရောအတွက် ဖွံ့ဖြိုးအောင်လုပ်သောနည်းများ ပါရှိသည်။

ဤသို့ကျင့်အပ်သော အဆင့်လေးဆင့်ကိုပင် အရိယာသစ္စာလေးပါးဟု ခေါ်သည်။ ဤအရိယာသစ္စာတရားလေးပါးကို ကျွန်ုပ်တို့၏ ဘဝ၌ ကြုံတွေ့နေရသော ပြဿနာအားလုံးတွင် အသုံးချ၍ ဖြေရှင်းနိုင်သည်။ ပထမအချက်မှာ ကျွန်ုပ်တို့အနေနှင့် ပြဿနာ (ဝါ) ပဋိပက္ခကို မှန်မှန်ကန်ကန် ရှင်းရှင်း လင်းလင်း သိမြင်နားလည်ရေးပင် ဖြစ်သည်။ ထို့နောက် ထိုပြဿနာ စတင်ဖြစ်ပေါ်လာရသောအကြောင်းရင်း မူလကို ရှာဖွေရပေသည်။ တတိယအနေအားဖြင့် ဤပြဿနာ၊ ဤအခက်အခဲမှ ကျွတ်နိုင်၊ လွတ်နိုင်သော အလားအလာရှိသလားဆိုသည်ကို ကြည့်ရမည်။ နောက်ဆုံးအနေနှင့်မူ ထွက်မြောက်နိုင်သော အခြေအနေရှိသည်မှန်လျှင် ထိုအခြေအနေသို့ ရောက်အောင် သွားနိုင်မည့် အဖြစ်နိုင်ဆုံးနည်းလမ်းကို ရှာကြံကြရပေမည်။

ယခု မှန်သောအတွေး (သမ္မာကမ္မန္တ) သည် အဘယ်နည်း။ ကိုယ်ကျိုးဆန္ဒသက္ကာယဒိဋ္ဌိမှ လွတ်မြောက်ရေးအတွက် တွေးတောကြံစည်ခြင်းလည်းကောင်း၊ ငါ၊ ငါ့ဥစ္စာဟု တွေးတောသော၊ အတ္တဆန်သောအတွေးကို ငြင်းပယ်ခြင်း၊ အကြမ်းမဖက်ချစ်ခြင်းမေတ္တာဖြင့် သတ္တဝါအားလုံးအပေါ် မေတ္တာထားခြင်း စသည်တို့သည် သမ္မာကမ္မန္တတွင် အကျုံးဝင်သည်။ ဤသို့ ကြံစည်တွေးတောရာ၌ ငါစွဲ အတ္တပြုတ်သွားသည်။ စစ်မှန်သော မေတ္တာတရား၌ ငါအတ္တစွဲအတွက် နေရာမရှိချေ။

ဤတွင် အကျဉ်းချုပ်၍ ဖြေပြခဲ့သော ရှင်းလင်းချက်များကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓရှုမြင်သော အလိမ္မာဉာဏ်ပညာသဘောတွင် အရိယာသစ္စာတရားကို ထိုးထွင်းသိမြင်မှုသာမက ငါစွဲ (သက္ကာယဒိဋ္ဌိ) ပြုတ်ရေးကိစ္စ၊ မေတ္တာထားရေးကိစ္စပါ ပါဝင်နေကြောင်း တွေ့ရှိရပေမည်။ ဤတွင် ငါစွဲ၊ ဒေါသနှင့် အကြမ်းဖက်မှုများမှ ကင်းရှင်းသော တွေးတောကြံစည်မှုအားလုံး ပါဝင်နေပေသည်။

ထို့ကြောင့် ပါဠိစကားလုံးပညာကို အဓိပ္ပာယ်ငုံမိအောင် အင်္ဂလိပ်စကားလုံးဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြရလျှင် Wisdom-Love ဟု ဆိုသင့်လေသည်။ အလုံးစုံသော ကိုယ်ကျိုးအတ္တဆန်သောအတွေး၊ ဣသာမစ္ဆရိယ၊ ဒေါမနဿ၊ အကြမ်းဖက်မှုအားလုံးတို့သည် ဤလူမှုရေး၊ နိုင်ငံရေး၊ ကိုယ်ရေးကိစ္စများမှာ ပါသော မေတ္တာကင်းမဲ့မှုကြောင့် ဖြစ်ရသည်ချည်းသာ ဖြစ်၏။

ဤပညာ၏ ထင်ရှားသော လက္ခဏာတစ်ရပ်မှာ လွတ်လပ်စွာ တွေးခေါ်မှု၊ အာယာတကင်းမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်တစ်ခု အောက်တွင် ကျေးကျွန်ဖြစ်ရခြင်းမှ ကင်းလွတ်မှု ဖြစ်သည်။

ထို့ထက်ပို၍ဆိုးသောအချက်မှာ အသိဉာဏ်၏ ကျေးကျွန် (အယူဝါဒ ကျေးကျွန်) ဖြစ်ရခြင်းပင် ဖြစ်၏။ ထိုအသိဉာဏ် (အယူဝါဒ) ကျွန်ဖြစ်ရခြင်းကား သိရလည်း ခက်၏။ ထိုကျွန်ဘဝမှ လွတ်မြောက်အောင် လုပ်ဖို့လည်း ခက်သည်။

ယခုခေတ်တွင် ဤအယူဝါဒ ကျွန်ပြုသောစနစ်သည် လူသာမန်တို့ လောကမှာသာ ပြန့်ပွားနေသည်မဟုတ်။ အသိပညာရှင်၊ အတတ်ပညာရှင်ဟု ဆိုသူများ လောကမှာလည်း ပြန့်ပွားလျက်ရှိပေသည်။ လူထုဆက်သွယ်ရေး စနစ်များဖြစ်သော သတင်းစာ၊ ရေဒီယို၊ တယ်လီဗီးရှင်း၊ ရုပ်ရှင်နှင့် အချို့ စာအုပ်များသည် ထိုစနစ်ကို ပြန့်ပွားအောင် ဖြန့်ဖြူးနေကြသော အရာများ ဖြစ်ကြပေသည်။

လွတ်လပ်စွာတွေးခေါ်မှု၊ လွတ်လပ်စွာ စူးစမ်းလေ့လာမှု သဘောတို့ကို ကာလာမသုတ်တွင် ဗုဒ္ဓမြတ်စွာဘုရားဟောကြားထားခဲ့ပေသည်။ ထိုသဘောတရားမျိုးကို အခြားသော မည်သည့်အယူဝါဒမှာမှ တွေ့မြင်နိုင်မည်မဟုတ်ပေ။ ထိုသဘောကို ပါဠိစကား၌ ဧဟိပဿိကောဟု ဖော်ပြ၏။ အဓိပ္ပာယ်မှာ 'လာပါ၊ ကိုယ်တိုင် လေ့လာဆန်းစစ်ကြည့်ပါ' ဟု ဖိတ်ခေါ်ခြင်း ဖြစ်၏။ 'လာယုံကြစမ်းပါ' ဟု ခိုင်းထားခြင်း မဟုတ်ပေ။

ပညာကိုရှာသောသူ၏ စိတ်သည် တစ်စုံတစ်ခုကို စွဲလမ်းခြင်း၊ ကပ်ငြိခြင်းကင်းရမည်၊ တစ်စုံတစ်ခုကို အယူအစွဲသန်နေလျှင် အခြားသော အယူအဆများကို အထင်သေးပေတော့မည်။ ဤတစ်ခုတည်းသာ အမှန်ဖြစ်သည်။ ကျန်သော အရာအားလုံး မှားသည်ဟု ဆိုပေတော့မည်။

ဤလွတ်လပ်စွာ တွေးခေါ်မှု၏ ထောက်ကူသော အယူအဆမှာ သည်းခံစိတ်ရှိခြင်း၊ နားလည်မှုရှိခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဘာသာနိုင်ငံများ နိုင်ငံရေးအရ စစ်တိုက်သည်ကားရှိသည်။ သို့သော် ဘာသာရေးအတွက် ညှဉ်းဆဲသတ်ဖြတ်ခြင်းမျိုးကား လုံးဝ မရှိပေ။

လွတ်လပ်စွာ တွေးခေါ်ခြင်း၊ သည်းခံခြင်း၊ ကိုယ်ချင်းစာခြင်း သဘောတို့သည် ပညာ၏သဘောပင် ဖြစ်သည်။ နောက်အရေးပါသော ပညာ၏ သဘောတစ်ခုမှာ အနိစ္စဆိုသော လောကနိယာမတရားကြီးကို သိမြင်သဘောပေါက်ခြင်းပင် ဖြစ်သည်။

ဗုဒ္ဓ၏ အတွေးအခေါ်အရ တည်မြဲခိုင်ခံ့သောအရာဟူ၍ ဘာဆိုဘာမျှ မရှိချေ။ မပြောင်းလဲသောတရားဟူ၍ လုံးဝ မရှိချေ။ ဘဝ အပါအဝင် အားလုံးသော အရာခပ်သိမ်းတို့သည် သင်္ခါရတရားများချည်းသာ ဖြစ်ကြသည်။ ပြုပြင်၍ ဖြစ်ရသော အရာချည်းသာပင်။ အချင်းချင်းအမှီပြု၍ အမြဲတစေ ပြောင်းလဲဖောက်ပြန်နေသော သမုတိသစ္စာချည်းသာ ဖြစ်ကြကုန်သည်။

ဤပြောင်းလဲခြင်းတရားကို ဘယ်တန်ခိုးတော်ရှင်မှ တားဆီး၍ ရကောင်းသည် မဟုတ်ချေ။ ထိုတရားကို နားမလည်သူများသည် ဝမ်းနည်းကြ၊ ပူဆွေးကြ၊ သောကရောက်ကြရသည်။

အသိ အလိမ္မာ ဉာဏ်ပညာရှိသူတို့သည် ယေဘုယျသစ္စာတရားဖြစ်သော ဤအနိစ္စတရားကို ရှုမြင် နားလည်ကြသည်။ ထို့ကြောင့် မမြဲ၊ ဖောက်ပြန်သော သဘောတို့နှင့် ကြုံတွေ့ကြရသောအခါ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ သောကပရိဒေဝရောက်ခြင်း မရှိကြတော့ပေ။ ပညာ၏ သဘောမှာ မရှောင်မလွှဲသာသော ကိစ္စများနှင့် အလိုက်သင့်နေနိုင်ခြင်းလည်း ဖြစ်ပေသည်။

လောက၏ အရှုပ်အထွေးများကို ဘယ်သူသည် ဖြေရှင်းနိုင်ပါမည်နည်းဟု ဗုဒ္ဓအား တစ်ခါက မေးဖူးလေသည်။ ဗုဒ္ဓက သီလ၊ သမာဓိ၊ ပညာဖြင့် အားကြီးသော ပုဂ္ဂိုလ်သည် လောက၏ အရှုပ်အထွေးကို ဖြေရှင်းနိုင်သည်ဟု ဖြေတော်မူခဲ့ဖူးလေသည်။

RF: When is man is wise

VEN. Dr. Walpola Rahula.

ဓမ္မရုပ်စုံမဂ္ဂဇင်း

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ

# ဗုဒ္ဓနည်းကျရှာ ဗုဒ္ဓနည်းကျသုံး

ဗုဒ္ဓဘာသာ အယူဝါဒအရ လူသားတို့ ရရှိခံစားအပ်သော ချမ်းသာသုခနယ်တွင် အဓိကကျသော သုခနယ် လေးမျိုး ရှိသည်။

ဖုင်းတို့မှာ (၁) **အတ္ထိသုခ** သို့မဟုတ် ငွေကြေးဥစ္စာခနေ စသည် အသက်မွေးမှုဂုပ်ငန်းပိုင်ဆိုင်မှု ချမ်းသာလည်း တစ်ရပ်၊ (၂) **ဘောဂသုခ** သို့မဟုတ် အထက်ဖော်ပြပါ ငွေကြေးပစ္စည်းဥစ္စာ စသည်တို့ကို အဓိပ္ပာယ်ရှိရှိ သုံးစွဲမှု ချမ်းသာလည်း တစ်ရပ်၊ (၃) **အနဏသုခ** အသက်မွေးမှုတွင် ကြွေးမြီ ကင်းရှင်းခြင်း ချမ်းသာလည်း တစ်ရပ်၊ (၄) **အနဝဇ္ဇသုခ** အသက်မွေးမှုစင်ကြယ်ခြင်း၊ အသက်မွေးမှုနှင့်စပ်၍ အပြစ်ဆိုဖွယ်မရှိခြင်းလည်း တစ်ရပ် ဖြစ်ပါသည်။

ဤဆောင်းပါးတွင် လူသားတို့၏ ချမ်းသာသုခကို ဖြစ်စေတတ်သော အတ္ထိသုခအကြောင်းကို အကျယ်တဝင့် ဆွေးနွေးမည် ဖြစ်ပါသည်။ အတ္ထိသုခဟူသည်ကား အသက်မွေးမှုအတွက် လိုအပ်သော ငွေကြေးပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု ဖြစ်ပါသည်။ အတ္ထိသုခကို မြန်မာဆန်ဆန်ဘာသာပြန်လိုက်မည်ဆိုလျှင် စည်းစိမ်ချမ်းသာဟု ဆိုနိုင်မည် ထင်ပါသည်။ စည်းစိမ်ဥစ္စာသည် စားဝတ်နေရေးအတွက် မကြောင့်မကြ၊ မတောင့်မတနေရခြင်း၊ သက်သောင့်သက်သာ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ရန် လိုအပ်သမျှ ပစ္စည်းဥစ္စာ ပြည့်စုံခြင်း ဖြစ်ပါသည်။

အတ္ထိသုခနယ်တွင် နေ့စဉ် လိုအပ်သော အစားအသောက်၊ အသုံးအဆောင် ပစ္စည်းဥစ္စာများနှင့် ထိုပစ္စည်းများကို ဝယ်ယူနိုင်သော ငွေကြေးပြည့်စုံခြင်း ပါဝင်ပါသည်။ ဤကား စီးပွားရေးဘဝ၏ အခြေခံအုတ်မြစ် ဖြစ်၏။ အတ္ထိသုခဆိုသော စကားထဲတွင် တစ်လောကလုံး အကျုံးဝင်သည်။ သို့သော်

ထိုစကားကို ယခုခေတ် လူသားများက ရှုထောင့်တစ်မျိုးမှကြည့်ပြီး စီးပွားရေး ဘဝ၏ အခြေခံကို ကုန်ထုတ်လုပ်မှု၊ ကုန်ဖြန့်ဖြူးမှု၊ ကုန်စားသုံးမှု၊ သိုလှောင် ထိန်းသိမ်းမှုဟု ရှုမြင်ကြသည်။

ကုန်ထုတ်လုပ်မှု ပြဿနာကို အစပြု၍ စီးပွားရေးပညာရှင်များသည် လူ အင်အား အရင်းအမြစ် အသုံးချရေးကို အလွန်အမင်း အရေးထား၍ ပြောဆို ကြလေသည်။ အလုပ်ကိုအားစိုက်၍ လုပ်ကိုင်ခြင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်း အတွက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုလုံးအတွက်ဖြစ်စေ စီးပွားတိုးတက်ဖွံ့ဖြိုး ခြင်းအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်ဟု ယူဆကြသည်။

ထို့အတူ ဗုဒ္ဓဘာသာ သဘောတရားအရမှာလည်း ဓန (စည်းစိမ်ဥစ္စာ) သည်လည်း ဥဋ္ဌာနာဓိဂတ ထကြွလုံ့လပြုခြင်းဖြင့် ရအပ်သော အရာဟု အဓိပ္ပာယ်သတ်မှတ်သည်။ ကျေးလက်က ပန်းပဲသမား၏ လက်ကဲ့သို့ အကြော အပြိုင်းပြိုင်းထပြီး အားသန်သောလက်သည် ငွေကိုရအောင်ရှာပြီး ထိုငွေကို ကာကွယ်ထိန်းသိမ်းနိုင်သောလက် ဖြစ်သည်ဟု ဆိုသည်။ ထိုကဲ့သို့ မိမိ၏ လက်အင်အားဖြင့် ရှာဖွေ၍ရသောငွေကို ပါဠိဘာသာအားဖြင့် ဗဟုဗလ ပရိစိတဟုခေါ်သည်။ အလုပ်လုပ်သူ၏ တရားသဖြင့် ဆည်းပူး၍ရအပ်သော ဥစ္စာဟူလို။

မိမိတို့ နေထိုင်ကျက်စားရာ လူ့အဖွဲ့အစည်းထဲတွင် နေထိုင်သူတိုင်းသည် ရိုးသားဖြောင့်မတ်သော အလုပ်သမားဖြစ်ရမည်ဟု ဆိုလိုသည်။ ထိုသဘော တရားကဲ့သို့ အားကောင်းသော အခြားအယူအဆတစ်ရပ်မှာ **သေဒဝက္ခိတ္တ** ဆိုသော ပါဠိစကားလုံး ဖြစ်သည်။ ချွေးဖြင့်ရင်း၍ ပင်ပန်းစွာ လုပ်ကိုင်ခြင်းဟု အနက်ရသည်။

ဤစကားရပ်များကို ထောက်ရှုကြည့်လျှင် လူ့အဖွဲ့အစည်း ရှင်သန် တိုးတက်ကြီးပွားရေးတွင် လုပ်အားတန်ဖိုး၊ လုပ်အားခ၏ သိက္ခာကို ဖော်ဆောင် ထားကြောင်း သက်သေထင်ရှားသည်။ ထိုစကားသည် ပျင်းရိဖင့်နွဲ့သော လက် ဖြင့် လူ့ဘောင်တိုးတက်ကြီးပွားအောင် မဆောင်ရွက်နိုင်ကြောင်းကို ဖော်ပြ သည်။ ထို့အတူ ရှေးကျသော ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှု ကို ထိထိရောက်ရောက် စူးစမ်းလေ့လာကြည့်သင့်သည်။

ရှေးခေတ် ဗုဒ္ဓဘာသာလူ့အဖွဲ့အစည်းများတွင် လုပ်ငန်းကျွမ်းကျင်မှုကို အလေးထားကြောင်း၊ အတတ်ပညာကျွမ်းကျင်မှုကို ဦးစားပေးကြောင်း တွေ့ရှိ ရသည်။ စက်မှုနှင့် အတတ်ပညာအရာ၌ ကျွမ်းကျင်သော အတတ်ပညာရှင်ကို ဒက္ခသလိမ္မာကျွမ်းကျင်သူဟု ခေါ်ကြသည်။ ထိုသူတို့သည် လုပ်ငန်းခွင်ထဲ တွင် စနစ်တကျ လေ့လာသင်ကြားတတ်မြောက်ထားကြသူ အန္တေဝါသိများ

ဖြစ်ကြသည်။ ထိုခေတ်တွင် အတတ်ပညာပိုင်းဆိုင်ရာ အထူးကျွမ်းကျင်မှုရရှိရေးကိုလည်း လိုလားခဲ့ကြသည်။ ရလဒ်ကား အရည်အသွေးမြင့်မားသော ကုန်ပစ္စည်းများကို ယှဉ်ပြိုင်ထုတ်လုပ်နိုင်ရေးပင် ဖြစ်၏။

ထိုကဲ့သို့သော မူဝါဒကို ချမှတ် အကောင်အထည်ဖော်မှသာ စီးပွားတိုးတက်ဖွံ့ဖြိုးနိုင်သည်ဟု နားလည်သဘောပေါက်မှုသည် ရှေးခေတ်ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းများခေတ်ကပင် ရှိခဲ့ပြီးဖြစ်ကြောင်းကို သိသာသည်။ ဗာရာဏသီပြည်သားတို့၏ ကျွမ်းကျင်မှုနှင့် စန္ဒကူးနံ့သာကုန်ပစ္စည်းများ ထုတ်လုပ်မှုတွင် ထိုဒေသ၌ ဗာရာဏသီပြည်သားတို့၏ လက်ရာသည် အကောင်းဆုံး၊ အမွန်မြတ်ဆုံးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။

လယ်ယာစိုက်ပျိုးမှုလုပ်ငန်းတွင်လည်း အချိန်မကုန်၊ လူမပင်ပန်းလှဘဲ ကောက်ပဲသီးနှံ အများဆုံးထွက်ရှိအောင်လုပ်ရေးတွင် အတတ်ပညာကျွမ်းကျင်မှုသည် ပဓာနကျကြောင်းကို ထိုခေတ်လူသားများ အသိအမှတ်ပြုခဲ့ကြလေသည်။ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီလွှာ ကောင်းမွန်မှန်ကန်ရေးအတွက် ကြိုးပမ်းခဲ့ကြပုံများမှာလည်း ဗုဒ္ဓစာပေကျမ်းဂန်များတွင် အတင်အရှားတွေ့ရသည်။

ဤကဲ့သို့ စီမံဆောင်ရွက်ခဲ့ကြခြင်းမှာ ထိရောက်သော ကြိုတင်စီမံမှုဖြင့် ဆောင်ရွက်မှသာ အချိန်ကုန်၊ ငွေကုန်၊ လူပန်းသက်သာပြီး ကောက်ပဲသီးနှံ အများဆုံး ထွက်ရှိနိုင်သည်ဆိုသော ယုံကြည်ချက်၊ ခံယူချက် ရှိခဲ့ကြသော ကြောင့်ပင် ဖြစ်ပေသည်။

ဆိုခဲ့ပြီးသော အချက်အလက်များအပြင် စီးပွားရေးကုန်ထုတ်လုပ်မှု အပိုင်းတွင် အလွန်အရေးပါသော၊ အခြားထည့်သွင်းစဉ်းစားသော အချက်တစ်ရပ် ရှိသေးသည်။ ထိုအချက်မှာ တစ်ဦးတစ်ယောက်က မိမိ၏ စီးပွားဥစ္စာခနေ တိုးတက်ကြီးပွားအောင် ဆောင်ရွက်ရာတွင် တရားသဖြင့် ဆောင်ရွက်မှသာ အမှန်တကယ် ကြီးပွားနိုင်သည်ဆိုသော အချက်ဖြစ်၏။ ဤကား တစ်ဦးတစ်ယောက် ချမ်းသာကြီးပွားရေးမှာဖြစ်ဖြစ်၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ကြီးပွားချမ်းသာရေးမှာဖြစ်ဖြစ် တရားဓမ္မနှင့်အညီ ကျင့်ကြံရမည်။ စီးပွားရေးကို ဓမ္မအပေါ်မှာ အခြေခံရမည်၊ တရားသော နည်းလမ်းဖြင့်သာ ဆောင်ရွက်ရမည်ဟု ဆိုလိုသည်။ ဤကား ဗုဒ္ဓဘာသာ၏ ထာဝရရည်မှန်းချက် ဖြစ်သည်။

ဗုဒ္ဓဘာသာလောကတွင် ဤအယူအဆသည် အဆန်းတကြယ်မဟုတ်ချေ။ အသက်မွေးမှုစင်ကြယ်ခြင်း၊ သမ္မာအာဇီဝအလုပ်ဖြစ်ရမည်ဆိုသည်ကို ဗုဒ္ဓဘာသာတိုင်း တန်ဖိုးထားတတ်ကြသည်။ ဘောဂ သို့မဟုတ် စည်းစိမ်ဥစ္စာကို တရားသဖြင့် လုပ်ကိုင်စားသောက်နည်းဖြင့်သာ ရှာဖွေရမည်။ ရှာ၍ရသမျှ

တို့သည် ဓမ္မိက ဖြစ်ရမည်။ ဓမ္မ လဒ္ဓ ဖြစ်ရမည်။ သူတစ်ပါးကို ဖျက်ဆီးခြင်း၊ လိမ်လည် လှည့်ဖြားခြင်း၊ သူတစ်ပါးကို ဆင်းရဲစေ၊ ကိုယ်မှုချမ်းသာစေ ဆိုသော ယုတ်မာသော နည်းလမ်းများဖြင့် စီးပွားရှာခြင်းကို ဗုဒ္ဓဘာသာအယူဝါဒက ငြင်းပယ်သည်။ ဤအချက်သည် သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုသော မဂ္ဂင် ရှစ်ပါးတွင် အထင်အရှား ဖော်ပြထားသောအချက် ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့၏ အသက်မွေးမှု ချောင်လည်၍ ဥစ္စာပစ္စည်း ချမ်းသာအောင်၊ စည်းစိမ်ခံစားရအောင် ပြုလုပ်ရာ၌ မိမိ ပတ်ဝန်းကျင် လူ့ အဖွဲ့အစည်းထဲတွင် အတူနေကြသော ကိုယ့်အမျိုးသားများ၊ လူသားများ အချင်းချင်း ညှဉ်းဆဲနှိပ်စက်ဖျက်ဆီးခြင်းမျိုး မဖြစ်ရအောင် လုပ်ကြရပေမည်။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ တစ်စုံတစ်ယောက်သောသူသည် မိမိ ကြီးပွားလျှင် ပြီးရော၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော သဘောဖြင့် လုပ်ကိုင်ဆောင်ရွက်ပါလျှင် ထိုလုပ်ရပ်၏ တန်ပြန်ရိုက်ခတ်သော ဂယက်ကို မကြာခင်မှာပင် မိမိကိုယ်တိုင်လည်း ခံစားလာရမည်ဖြစ်သောကြောင့် ဖြစ်၏။ ထိုကဲ့သို့ မိမိတို့၏ တစ်ဖက်စောင်းနင်း အပြုအမူကြောင့် လူ့အဖွဲ့အစည်းတွင် ညီညွတ်မျှတမှု တစ်ကြိမ်ပျက်ယွင်းသွားလျှင် ၎င်းကို ပြန်၍ ညီညွတ်မျှတ အောင် ပြုလုပ်ရေးသည် လွန်စွာခက်ခဲသောအလုပ် ဖြစ်ပေသည်။

ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ သဘာဝအရင်းအမြစ်များကို ကိုယ်ကျိုး တစ်ခုတည်းကြည့်ပြီး မတရားသုံးစွဲနေထိုင်မှုများကိုပဲကြည့်ပါ။ ထိုမတရားမှုများ အတွက် လူတိုင်းပေးဆပ်နေကြရပြီဖြစ်သည်ကို နမူနာယူနိုင်ပါသည်။

စစ်နှင့်စစ်၏ ဖျက်ဆီးမှုများမှာကား ပြောဖွယ်ရာ မရှိတော့ပေ။ တစ်နည်း အားဖြင့် ဘောဂဓေါ် စည်းစိမ်ဥစ္စာကို တရားဓမ္မကို အခြေခံ၍ ရှာဖွေသုံးစွဲပါမူ ကား ဘာမှအပြစ်ဆိုဖွယ်ရာမရှိချေ။ ယုတ္တိရှိသော လူမှုတန်ဖိုးများကို ကျွန်ုပ်တို့ ဆွေးနွေးတင်ပြခဲ့ပြီးသော ဘာသာရေးတန်ဖိုးများဖြင့် ဖြည့်ဆည်း၍ ဖြစ်ပေါ် လာအောင် ဖန်တီးခြင်းသည် မိမိတို့၏ ဘဝအခြေအနေကို ချမ်းသာအောင် ကာကွယ်စောင့်ရှောက်ရာကျပါသည်။

စီးပွားရေးမမျှတမှုကြောင့် ဖြစ်ပေါ်လာသော လူမှုရေး အနှောင့်အယှက် များမှာ ဥစ္စာဓနကို သုံးစွဲသော အဆင့်တွင် ပေါ်ပေါက်လာကြသည်ဟု ယူဆ နိုင်သည်။ စီးပွားဖြစ် ကုန်ထုတ်ရာတွင် အင်အားအပြည့်အဝရှိဖို့ လိုကြောင်း ကို ရှေ့တွင် ဖော်ပြခဲ့ပြီးပြီ။ ရုပ်ဝတ္ထုပစ္စည်းလိုအပ်ချက် ရှုပ်ထွေးလာမှုကြောင့် ငွေကြေးအသစ်များကို သုံးစွဲဖို့ လိုအပ်လာသည်ဆိုသော အချက်မှာလည်း ငြင်းဖွယ်ရာ မရှိပါ။ ငွေကြေး သုံးစွဲမှုဖြစ်ပေါ်လာခြင်းကြောင့် နယ်နိမိတ်

ကန့်သတ်ချက်များ ပြုလုပ်လာရသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စားဝတ်နေရေး ညီမျှအောင် ဆောင်ရွက်ရေးကိစ္စသည် စိတ်ဓာတ်ပျက်ပြားရတော့မည်ကဲ့သို့ ဖြစ်နေရပြီဖြစ်၏။

ရိုးသားဖြောင့်မတ်စွာ အားစိုက်ခွန်စိုက် လုံ့လပြု၍ ရှာဖွေခြင်းဖြင့် ရအပ်သော စီးပွားရေးအဆင့်နှင့် ထိုစီးပွားရေးအရင်းအမြစ်များကို သုံးစွဲ၍ဖြစ်သော လူနေမှုအဆင့်သည် သဘာဝကျကျ ဆက်စပ်မှုရှိရပေသည်။ ဤကား မိသားစုအဆင့်မှာရော၊ တိုင်းနိုင်ငံအဆင့်မှာရော အရေးထား စဉ်းစားရမည့်အချက်ဖြစ်၏။ ထိုအဆင့်တွင် ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်ကောင်းသော စီးပွားရေး အယူအဆဖြစ်သည့် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒကို စက်မှု ထွန်းကားပြီးနောက် လူ့အဖွဲ့အစည်းစသည်တို့က ရင်ဆိုင်ကြရပေမည်။ ဤ အယူအဆများသည် ကမ္ဘာကြီးကို စိတ်ဝမ်းကွဲပြားစေသော အယူအဆများ ဖြစ်သည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုကြရမည် ဖြစ်၏။

ဗုဒ္ဓဘာသာ ကျမ်းဂန်များ၌ ငွေကြေးဥစ္စာဓနအား သတိရှိရှိ သုံးစွဲရေးကိစ္စကို အသေးစိတ် ပြဋ္ဌာန်းထားသည်။ ငွေကြေးသုံးစွဲမှုအပိုင်း၌ ချွေတာစုဆောင်းရေး၊ ရင်းနှီးမြှုပ်နှံရေးများကိုလည်း ဖော်ပြထားသည်။ ထိုဖော်ပြချက်များသည် ဗုဒ္ဓ၏ စီးပွားရေးစနစ်ပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ဥစ္စာဓနကို အကောင်းဆုံး သုံးစွဲရေးကိစ္စများပါဝင်သည်။ သန္တုဋ္ဌိဆိုသော ကျေနပ်ရောင့်ရဲမှုသည်သာလျှင် အကြီးမားဆုံးချမ်းသာဖြစ်သည်ဟု ပြဋ္ဌာန်တော်မူခဲ့သည်။ (သန္တုတိ ပရမံ ဓနံ)

ဗုဒ္ဓ၏ စီးပွားရေးစနစ်တွင် ထိရောက်သော အခြားအယူအဆတစ်ရပ်မှာ အသုံးအဖြုန်းကို ထိန်းချုပ်ရေးအပိုင်း ဖြစ်သည်။ အသုံးအဖြုန်းကြီးခြင်း၊ အမြော်အမြင်မရှိခြင်း၊ ငွေတန်ဖိုး၊ ပစ္စည်းတန်ဖိုးမတည်ငြိမ်ခြင်းတို့သည် စီးပွားပျက်စီးခြင်း၊ သုခချမ်းသာမရခြင်းသို့ ရောက်စေနိုင်သောအချက် ဖြစ်သည်။ ဗုဒ္ဓဘာသာက အသုံးအဖြုန်းခြိုးခြံခြင်း၊ ရိုးရိုးသားသား နှိမ့်နှိမ့်ချချနေခြင်းကို တန်ဖိုးထားသည်။ ဤကား မာနအလိုသို့ မလိုက်ခြင်း၊ ပပလွှားလွှား ကြွားကြွားဝါဝါ မနေခြင်းကို ဆိုလိုသည်။

လူမှုရေးပလွှားမှု၊ ပြိုင်ဆိုင်မှုများသော လူ့အဖွဲ့အစည်းသည် စီးပွားရေးအကျပ်အတည်း ကြုံရမည်သာ ဖြစ်သည်။ ဤသို့လျှင် ပစ္စည်းဥစ္စာကို ရိုးသားဖြောင့်မတ်စွာ လုံ့လစိုက်ထုတ်၍ ရှာဖွေရမည်။ အသုံးအဖြုန်းကို ဉာဏ်နှင့်ဆင်ခြင်၍ ထိန်းချုပ်ရမည့်ပြင် ချွေတာစုဆောင်းရေးနှင့် ရင်းနှီးမြှုပ်နှံရေးကိုလည်း အရေးထား၍ စဉ်းစားရမည်ဖြစ်ကြောင်းကို မြတ်ဗုဒ္ဓက ပြဋ္ဌာန်တော်မူခဲ့လေသည်။ ချွေတာစုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းသည် စီးပွားရေးကို တည်ငြိမ်အောင် ပြုလုပ်ခြင်း ဖြစ်၏။ ဤကဲ့သို့ ချွေတာစုဆောင်းထားမှု၊ ရင်းနှီး

မြှုပ်နှံထားမှသာ ဘေးအန္တရာယ်နှင့်ကြုံရသောအခါ ဘဝလုံခြုံစိတ်ချမှုကို ရနိုင်မည် ဖြစ်၏။ နောက်တစ်ချက်မှာ ဤကဲ့သို့ ချွေတာစုဆောင်းပြီး ရင်းနှီးမြှုပ်နှံနိုင်မှသာ တစ်ဦးတစ်ယောက်၏ စီးပွားရေးကို ချဲ့ထွင်ရာလည်း ကျပေလိမ့်မည်။

ဤသို့ပြုလုပ်မှသာလျှင် အတ္တိသုခဟုဆိုအပ်သော စီးပွားဥစ္စာကြောင့် ရအပ်သော ဘဝလုံခြုံမှုနှင့် ဘဝချမ်းသာကို အမှန်အကန် ရရှိနိုင်ပေလိမ့်မည်။

**To Earn and To Spend The Buddhist Way**

**By Dr. Jotiya Dhirasekera.**

**ဓမ္မရုပ်စုံမဂ္ဂဇင်း**

**၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ**

# မြန်မာဗုဒ္ဓဘာသာ ကမ္ဘာ့စိတ်ဝင်စားမှု

မကြာမီရက်များအတွင်းက တစ်နေ့တည်းမှာ ထူးခြားသော အဖြစ်အပျက်နှစ်ခုဆုံ၍ ဖြစ်ပျက်ခဲ့သည်။ ဓမ္မရုပ်စုံမင်္ဂလာဇင်းဖောင်ပိတ်ပြီး နောက်ရက်များတွင် ကျွန်တော်အိမ်မှာ အနားယူရင်း စာအုပ်တစ်အုပ်ရေးနေသည်။ ထိုစဉ် နိုင်ငံခြားသားတစ်ယောက်က စကားပြောချင်သည်ဆိုပြီး ဖုန်းဆက်သည်။ ဘယ့်နှယ်လုပ်ပြီး နိုင်ငံခြားသားက ဒီဖုန်းနံပါတ်ကို ရတာလဲ၊ ဖုန်း မှားသလားဆိုပြီး သွားရောက်နားထောင်လိုက်သည်။ အမှန်ပင် ကျွန်တော့်ထံသို့ ဖုန်းဆက်ခြင်း ဖြစ်သည်။

ဖုန်းဆက်သူမှာ ကနေဒါနိုင်ငံမှ အာကေးဒီးယားတက္ကသိုလ်၊ ဗုဒ္ဓဘာသာဌာနပါမောက္ခ ဘရူးစ်မက်သယူးဆိုသူ ဖြစ်သည်။ သူ့ကို မန္တလေးမှ ကျွန်တော်၏ ဓမ္မမိတ်ဆွေ ဒေါက်တာစိုးတင့်က ကျွန်တော့်ဖုန်းနံပါတ်၊ လိပ်စာနှင့်အတူ မိတ်ဆက်စာပေးလိုက်ကြောင်း ပြောသည်။ မြန်မာဗုဒ္ဓဘာသာအကြောင်းကို လေ့လာချင်၍ သူမြန်မာနိုင်ငံကို ရောက်နေသည်။ မန္တလေး၊ တောင်ကြီးတို့သို့ သွားပြီးပြီ။ နောက်တစ်ရက် နှစ်ရက်အတွင်းမှာ သူဗန်ကောက်သို့ ထွက်ခွာရမည်။ မနက်ဖြန်ညနေပိုင်းတွင် ကျွန်တော့်ကို တွေ့ချင်သည်၊ တွေ့ခွင့်ပြုမလားဟု မေးသည်။ ဗုဒ္ဓဘာသာအကြောင်းသိလိုပါလျှင် တွေ့ပါမည်၊ ညနေ ၄ နာရီ လာပါဟု ပြောလိုက်သည်။

ဒေါက်တာစိုးတင့်ထံမှ လာသည်။ ကနေဒါသားဆိုကတည်းက တလောက ကျွန်တော့်ထံသို့ မန္တလေးပရိယတ္တိတက္ကသိုလ်မှ ဦးပဥ္စင်း ဦးကောသလ္လရောက်လာပြီး ပြောဆိုသွားသော စကားများကို အမှတ်ရသည်။ ဦးပဥ္စင်းက ကနေဒါမှာ ဒေါက်တာစိုးတင့်၏ဦးလေး၊ စိတ်ရောဂါဆရာဝန်ကြီးတစ်ဦး ရှိသည်။

သူသည် ယခုအသက်ကြီးပြီ။ သူ့ကို ဒီဘဝတွင် တစ်မဂ်တစ်ဖိုလ်ရအောင် အင်္ဂလိပ်လိုတရားပြနိုင်မည့်ပုဂ္ဂိုလ်ဆိုလျှင် ကနေဒါသို့ ပင့်ချင်သည်။ ဒကာကြီးကူညီနိုင်မလားဟု မေးဖူးသည်။ ထို့ကြောင့် လိုရ မည်ရ ဆိုပြီး ဒေါက်တာမက်သယူးနှင့် တွေ့တုန်း ကြုံခိုက် အရံသင့်ပေးလိုက်နိုင်အောင်ဆိုပြီး ကျွန်တော်ညတွင်းချင်း အင်္ဂလိပ်လို စာတမ်းတစ်စောင်ရေးလိုက်သည်။ စာတမ်း၏အမည်မှာ The Development of Cula-Sotapanna, One who is destined to enter the Stream: A Practical Approach to Buddhism. ဟူ၍ဖြစ်သည်။ 'သောတာပတ္တိမဂ်ကို မုချရမည့် စူဠသောတာပန် ထွန်းကားရေး-ဗုဒ္ဓဘာသာသို့ လက်တွေ့ချဉ်းကပ်ပုံတစ်ခု'၊ အမှန်မှာ ဤစာတမ်းကို ဒေါက်တာမက်သယူးအတွက် ရည်ရွယ်ခြင်း မဟုတ်ပါ။ ကနေဒါနိုင်ငံရှိ မြန်မာဆရာဝန်ကြီး ဒေါက်တာထွန်းလွင်ဆိုသူ ပုဂ္ဂိုလ် (ဒေါက်တာ စိုးတင့်၏ ဦးလေး) အတွက်ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဤစကားကို ပြောရခြင်းမှာ ကျွန်တော့်စိတ်ထဲတွင် အနောက်နိုင်ငံသားများသည် မြန်မာဗုဒ္ဓဘာသာကို စိတ်ဝင်စားစွာ လေ့လာလိုခြင်းကို မငြင်းနိုင်သော်လည်း ထိုကဲ့သို့ လေ့လာခြင်းသည် တရားရဖို့အတွက်မဟုတ်ဘဲ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတွင် ဤသို့ဤပုံ ဖြစ်ပေါ် တိုးတက်နေသည်ဟု သူ၏ လေ့လာတွေ့ရှိချက်ကို ကမ္ဘာပေါ် ထုတ်ဖော်ပြောဆိုခြင်းဖြင့် ပညာရှင်အသိုက်အဝန်းမှာ နေရာရရှိရေး အတွက်သာ ဖြစ်သည်ဟု နားလည် နေမိလေသည်။ ယခု ဒေါက်တာ မက်သယူးရောက်လာခြင်း၏ အကြောင်းကိုတော့ ကျွန်တော် မသိသေးပါ။ သို့သော် ဒီအတိုင်းပင် ဖြစ်လိမ့်မည်ဟူ၍ကား စဉ်းစားထားလေသည်။

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ နောက်နေ့နံနက်မှာ ချမ်းမြေ့ရိပ်သာမှ တိုက်အုပ်ဆရာတော် ဦးဇဝန ဖုန်းဆက်သည်။ ယနေ့ ချမ်းမြေ့ရိပ်သာသို့ ဂျပန်လေ့လာသူအဖွဲ့တစ်ဖွဲ့လာမည်။ ဒကာကြီးလာပြီး ရှင်းပြပါ။ ဆရာတော်ကနိုင်ငံခြားကို ထွက်သွားပြီ။ ယခု ဂျာမနီကို ရောက်နေသည်ဟု အကြောင်းကြားပြန်ပါသည်။ ခက်ပြီ၊ ပါမောက္ခမက်သယူးကိုလည်း ညနေမှာ ချိန်းထားသည်။ ဂျပန်အဖွဲ့ကိစ္စလည်း ပေါ်ပြန်သည်။ ဂျပန်အဖွဲ့ ဘယ်အချိန်လာမှာလဲဟု မေးကြည့်တော့ နေ့လယ် ၁ နာရီလောက် လာမည်ဟု ဆိုသည်။ တော်သေး၏။ ထို့ကြောင့် နေ့လယ်တွင် ချမ်းမြေ့ရိပ်သာ၌ ဂျပန်လေ့လာသူအဖွဲ့ကို ပထမတွေ့ဆုံပြီးနောက် ညနေပိုင်းတွင် ပါမောက္ခမက်သယူးနှင့် အိမ်မှာ အေးအေးဆေးဆေး တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

ချမ်းမြေ့ရိပ်သာသို့ ကျွန်တော် ရောက်တော့ ၁ နာရီခွဲခါနီးနေပြီ။ ဂျပန်အဖွဲ့မရောက်သေး။ ၂ နာရီမှ လာမည်ဆို၍ စိတ်ချမ်းသာရသည်။ ဂျပန်

လေ့လာရေးအဖွဲ့ဆိုသည်မှာ ကြီးကြီးမားမား ဂျပန်ကမ္ဘာလှည့်ခရီးသည်များလား အောက်မေ့သည်၊ လက်စသတ်တော့ လေ့လာရေးအဖွဲ့မှာ ဂျပန်ကျောင်းဆရာတစ်ဦး ခေါင်းဆောင်သော သူငယ်တန်းအရွယ် ဂျပန်ကလေးငယ်အဖွဲ့ဖြစ်လေသည်။

သူတို့ ကားသည် ၂ နာရီတိတိမှာ ချမ်းမြေ့ရိပ်သာသို့ ရောက်လာသည်။ အာကီရာတာခဲအုချိဆိုသူ အသက်လေးဆယ်နီးပါးခန့်ရှိသော ဂျပန်ကျောင်းဆရာက ဦးဆောင်လာသည်။ ယောကျ်ားကလေးသုံးယောက်နှင့် မိန်းကလေးတစ်ယောက်ပါသည်။ ဂျပန်စကားပြန် မြန်မာအမျိုးသမီးတစ်ဦးလည်း ပါလာသည်။ တိုက်အုပ်ဆရာတော် ဦးဇဝနမှာ ကိစ္စဖြင့် မြို့တွင်းသို့ သွားစရာရှိနေသည့်အတွက် ထိုဂျပန် လေ့လာသူ ကလေးငယ် အဖွဲ့အား ကျွန်တော့်ကို အပ်ထားခဲ့လေသည်။

ကျွန်တော် သူတို့ကို ချမ်းမြေ့ဆရာတော်ဘုရား၏ စံကျောင်းတော်ပေါ်သို့ ခေါ်သွားသည်။ ဆရာတော် ဦးဇဝနလည်း ခေတ္တလိုက်လာသည်။ ကျွန်တော်က ချမ်းမြေ့ဆရာတော် နိုင်ငံခြားခရီး ကြွသွားကြောင်း ပြောပြသည်။ ထိုအခါ ကလေးတွေက သူတို့မေးခွန်းတွေ မေးချင်လျှင် ဘယ်သူ့ကို မေးရမှာလဲဟု မေးသည်။ တိုက်အုပ်ဆရာတော် ဦးဇဝနမှာလည်း အပြင်သို့ သွားစရာကိစ္စရှိနေသည်။ တော်သေးသည်။ ဆရာတော်က ဦးပဥ္စင်း ဦးဝါယမကို စံကျောင်းပေါ်သို့ ကြွရန် မှာထားခဲ့ဟန်တူသည်။ ဦးဝါယမ ကြွလာသည်။ ဦးဝါယမသည် ဂျပန်စကားအတော်အတန်တတ်သည်။ ဂျပန်တစ်ယောက် ပဥ္စင်းခံတုန်းက သူပင် အနုသာသနဆရာလုပ်ပြီး ဂျပန်ဘာသာဖြင့် ရဟန်းခံပွဲ ကျင်းပခဲ့ဖူးသည်။ (ထိုအကြောင်းကို ဓမ္မရိပ်စုံအမှတ် ၃ တွင် ဖော်ပြခဲ့သည်)

ဂျပန်ကလေးများသည် အံ့သြဖွယ်ကောင်းလောက်အောင်ပင် ထူးခြားလှသည်။ သူတို့ကိုကြည့်တော့ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် တကယ့် ကလေးငယ်တွေ ဖြစ်သည်။ အကြီးဆုံးမှ ဆယ်နှစ်အရွယ်ရှိလိမ့်မည်။ သို့သော် သူတို့သည် ထူးထူးခြားခြား မေးခွန်းတွေကိုလည်း စာရွက်ကလေးပေါ်မှာ ရေးလာသည်။ အငယ်ဆုံးဟု ထင်ရသူက စပြီး မေးသည်။ မေးသော မေးခွန်းတွေမှာ မြန်မာဗုဒ္ဓဘာသာကို စူးစမ်းသော မေးခွန်းတွေချည်း ဖြစ်သည်။ ဘယ်လို အစားအစာကို ဘုဉ်းပေးပါသလဲ။ ဘယ်နှကြိမ်ဘုဉ်းပေးပါသလဲ။ ဘာကြောင့် မွန်းလွဲ ညစာမစားပါသလဲ။ ညပိုင်းမှာ ဗိုက်မဆာဘူးလား။ အရည်ကိုတော့ သုံးဆောင်ပါသလား။ ဘယ်အချိန် အိပ်ရာက ထပါသလဲ။ ဦးပဥ္စင်း ဦးဝါယမက နံနက် ၃ နာရီမှာ အိပ်ရာက ထရသည်ဟုဆိုသောအခါ ကလေးများအားလုံး မျက်စိပြူးပြီး အံ့မယ်လေး ၃ နာရီမှာ ထရတယ်ဆိုတော့ နေ့ပိုင်းမှာ အိပ်မငိုက်

ဘူးလား၊ ၃ နာရီထပြီး ဘာလုပ်ရသလဲ။ ဘယ်အချိန် ဆွမ်းခံသလဲ။ ဘာကြောင့် ဘုန်းကြီးဝတ်သလဲ။ ဂျပန်ပြည်မှာ ဘုန်းကြီးတွေ အိမ်ထောင်သားမွေးပြုကြသည်။ မြန်မာဘုန်းကြီးတွေက ဘာဖြစ်လို့ မပြုတာလဲ။ ဘုန်းကြီးလုပ်တာလခရသလား။ လခမရကြောင်း ပြောသောအခါ ဒါဆို ဘယ်က ပိုက်ဆံရသလဲ။ နောက်ကလေးတစ်ယောက်က မြန်မာဘုန်းကြီးတွေမှာ အဆင့်အတန်း ဘယ်နှမျိုးရှိသလဲ။

ဘယ်လို အရည်အချင်းရှိမှ ဆရာတော် ခေါ်သလဲ။ ဘယ်လို ဘုန်းကြီးတွေ ဘုန်းကြီးပြီး နာမည်ကျော်သလဲ။ ဘယ်လို ဘာသာအယူဝါဒတွေကို လေ့လာသလဲ။ မဟာယာနနှင့် ထေရဝါဒ ဘာကွာသလဲ။ ဒီကျောင်းမှာ စာကြည့်တိုက်ကောရှိသလား စသည် မေးလိုက်ပုံများမှာ ကလေးငယ်များနှင့်ပင် မတန်ဟု ဆိုလောက်ပါသည်။

ကျွန်တော့်စိတ်ထဲတွင် ဤကလေးများကား အမှန်ပင် ထူးခြားသည်။ ထူးခြားသော ဤကလေးများသည် မြန်မာဗုဒ္ဓဘာသာအကြောင်းကို ခရေစေ့တွင်းကျ သိချင်နေကြသည်။ အထူးသဖြင့် ရှင်ပြုခြင်းအကြောင်း၊ သာမဏေ (ကိုရင်) အကြောင်းများကို သူတို့ မေးသည်။ သူတို့စိတ်ထဲမှာ ကိုရင်ဘဝကို စိတ်ဝင်စားကြောင်း အလွန် ထင်ရှားသည်။ သည်ကလေးများသည် နောင်သောအခါ ထေရဝါဒဗုဒ္ဓဘာသာကို အမှန်ပင် စိတ်ဝင်စားပြီး ထေရဝါဒဗုဒ္ဓဘာသာ၌ (မစ္စတာကော၊ ကိတာတာနီနှင့် ဂျပန် ဦးပဥ္စင်း ဦးဝိမလတို့လို) ကျင့်ကြံအားထုတ်ကြမည့် ကလေးတွေ ဖြစ်ကြလိမ့်မည်ဟု တွေးမိသဖြင့် ကျွန်တော် ဝမ်းမြောက်မိလေသည်။

ညနေပိုင်းတွင် ပါမောက္ခ မက်သယူး လာမည်ဖြစ်သဖြင့် ကျွန်တော် အချိန်မီ အိမ်သို့ ပြန်ခဲ့သည်။ ၄ နာရီတိတိတွင် သူရောက်လာသည်။ ဒေါက်တာ စိုးတင့်ထံမှ မိတ်ဆက်စာကလေးလည်း ပါလာသည်။ သူ့ကို ကျွန်တော် တတ်နိုင်သမျှ အကူအညီပေးမည်ဖြစ်ကြောင်း ပြောလိုက်သည်။ ဒေါက်တာမက်သယူးက သူသည် စာတမ်းငယ်တစ်စောင် ပြုစုလို၍ မြန်မာနိုင်ငံသို့ ခဲခဲယဉ်းယဉ်း လာရောက်ပြီး ကတိုက်ကရိုက် လေ့လာရခြင်းဖြစ်ကြောင်း၊ ထိုစာတမ်းကို ကနေဒါရှိ ပညာရှင် အသိုက်အဝန်းတစ်ခုမှာ ဖတ်ပြရန် ရည်ရွယ်ကြောင်း၊ ပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ချက်မရှိကြောင်း၊ စာတမ်းထဲတွင်လည်း ကျွန်တော်၏ အမည်ကို ဖော်ပြပြီး ရေးသားမည် မဟုတ်ကြောင်း ပဋိညာဉ်စကားများကို ပြောဆိုသည်။

သူသည် ကနေဒါနိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသဖြစ်သော နိဗာစကိုရှာ အရပ်က ဖြစ်သည်။ အာကေးဒီးယား တက္ကသိုလ် ဗုဒ္ဓဘာသာဌာနတွင်

ပါမောက္ခအဖြစ် ဆောင်ရွက်နေသည်။ သီရိလင်္ကာနိုင်ငံတွင် အချိန်အတန်ကြာ နေထိုင်ပြီး ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာခဲ့သည်။ သီရိလင်္ကာတွင်လည်း သူ့မှာ အိမ်ရှိသည်ဆိုပြီး သူ၏ ဧည့်ခံကတ်ပြားကလေးကို ပေးသည်။ ပြီးမှ သူ မြန်မာပြည်တွင် မန္တလေး၊ တောင်ကြီးမြို့များသို့သွားပြီး လူပညာရှိ ဘုန်းကြီး ပညာရှိများနှင့် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ယခု သူလာသည့် အကြောင်းမှာ ရှေးဗြိတိသျှခေတ်တုန်းက အိပ်ချ်၊ ဖီးလ်ဒင်းဟောဆိုသူ ဗြိတိသျှစာရေးဆရာ တစ်ဦးသည် The Soul of a People 'လူမျိုးတစ်မျိုး၏ ဝိညာဉ်' ဆိုသော အမည်ဖြင့် ဗုဒ္ဓဘာသာသည် မြန်မာလူမျိုးတို့၏ အသက်ဝိညာဉ်နှင့်တူသည့် အကြောင်းများကို ရေးသားခဲ့ဖူးသည်။ ထိုစာအုပ်ကို ကျွန်တော် အမှတ်ရပါ သလားဟု မေးသည်။

ကျွန်တော် မှတ်မိကြောင်း ဝန်ခံသောအခါ သူက ဗြိတိသျှစာရေးဆရာ တွေထဲမှာ အရေးပိုင်လုပ်ခဲ့သော ဖီးလ်ဒင်းဟောသည် မြန်မာလူမျိုးတို့အပေါ် စာနာသောစိတ်၊ နားလည်သောစိတ်ဖြင့် ရေးသားခဲ့သူဖြစ်သည်ဟု သူထင်မြင် ကြောင်း၊ သို့သော် သူ့ကို တချို့ကလည်း မြန်မာ့ဘဝကို အကောင်းမြင်လွန်းသူ၊ မမှန်မကန် မြင်သူဟုလည်း ဝေဖန်ကြသည်။ သူသည် ၁၈၈၆ ခုနှစ်လောက်က မြန်မာပြည်ကို ရောက်ရှိခဲ့ပြီး ထိုစဉ်က မြန်မာ့ဘဝကို ရှုမြင်သုံးသပ်ခဲ့ရာတွင် ဗုဒ္ဓဘာသာသည် မြန်မာ လူမျိုးတို့၏ အသက်နှင့်တူကြောင်း ဘက်ပေါင်းစုံက ကြည့်ရှုရေးသားခဲ့ရာ ယခုခေတ် ခေတ်သစ် မြန်မာလူမျိုးများ၏ ဘဝတွင် ကော ဗုဒ္ဓဘာသာသည် အသက်ဝိညာဉ်သဖွယ် ဖြစ်လျက်တည်ရှိနေပါသေး သလား ဆိုသည့် အချက်ကို သူစူးစမ်းရန် ရောက်ရှိလာကြောင်း ပြောသည်။

နောက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းထဲတွင် ဗေဒင်၊ ယတြာ၊ ဝိဇ္ဇာရေ၊ အင်းအိုင်ခလှဲ့၊ လက်ဖွဲ့၊ ပရိတ်၊ မန္တန်များများမပါသော ဗုဒ္ဓဘာသာစစ်စစ် မှန်မှန် (ဗုဒ္ဓဘာသာသန့်သန့်) ကကော ဖြစ်ပေါ်တိုးတက်လျက်ရှိပါသလား စသော မေးခွန်းများကို စတင်မေးမြန်းလေသည်။ ကျွန်တော်က ဗုဒ္ဓဘာသာ သည် ရှေးက မြန်မာလူမျိုးတို့၏ ဘဝထဲတွင် အသက်ဝိညာဉ်သဖွယ် ဖြစ်တည် နေခဲ့သလို ယခုတိုင်အောင်လည်း ထိုသဘောသည် ရှေးကနှင့်မတူသော အသွင်သဏ္ဍာန်မျိုးဖြင့် ပြောင်းလဲလျက် တည်ရှိဆဲဖြစ်သည်ဟုဆိုနိုင်ကြောင်း၊ ဗုဒ္ဓဘာသာသည် ရှေးက မြန်မာ့ဘဝနှင့် ဟပ်မိသလို မျက်မှောက်ခေတ် မြန်မာ့ ဘဝတွင်လည်း ခေတ်နောက်ကျမကျန်ခဲ့ဘဲ မြန်မာလူမျိုးတို့၏ စိတ်နေသဘော ထားနှင့် အညီပင် တည်ရှိနေကြောင်း၊ ဗုဒ္ဓဘာသာကတခြား၊ မြန်မာ့ဘဝ မြန်မာ့ စိတ်ထားများက တခြားဖြစ်မသွားကြောင်း၊ အနောက်တိုင်းကလာသော ကာလ ပေါ် အတွေးအခေါ်တွေကို အထင်ကြီးသူတွေက မြန်မာ့ဘဝထဲသို့ သွတ်သွင်း

လာသော်လည်း တိုင်းတစ်ပါးဖြစ် ထိုအတွေးအခေါ်များသည် မြန်မာ့ဘဝ၊ မြန်မာ့ စိတ်နေသဘောထားဖြင့် လုံးဝမအပ်စပ်သဖြင့် ဘယ်ဝါဒမှ မြန်မာနိုင်ငံတွင် အမြစ်မစွဲကြောင်း၊ ဥပမာ သူတစ်ပါးပစ္စည်းကို မပေးဘဲယူခြင်း (အဒိန္နာဒါနာ) သည် အကုသိုလ်ဖြစ်သည်ဆိုသော သဘောထားသည် မြန်မာတို့၏ နှလုံးသားမှာ စွဲနေသဖြင့် သူတစ်ပါးပစ္စည်းကို ပြည်သူပိုင် သိမ်းသောအခါ မြန်မာလူမျိုးများ ဝမ်းမသာဘဲ စိတ်မချမ်းမသာ ဖြစ်ကြကြောင်း၊ ထိုလုပ်ရပ်ကို မှန်သည်၊ တရားသည်ဟုလည်း မြန်မာတို့ မယုံကြည်ကြောင်း ပြောပြလိုက်သည်။

မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာအစစ် Pure Buddhism ကော ထွန်းကားနေပါသလားဆိုသော မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်က ပါမောက္ခ မက်သယူးအနေနှင့် ဗုဒ္ဓဘာသာသန့်သန့်၊ စစ်စစ်ဆိုတာ ဘာကို ဆိုလိုပါသလဲ၊ ပထမ အဓိပ္ပာယ်ဖွင့်ဖို့ လိုလိမ့်မယ်။ ခုစကားရိပ်ကို ထောက်ကြည့်တော့ စပီရိုဆိုတဲ့ ပညာရှင်တစ်ယောက်ရေးတဲ့ စာအုပ်ထဲမှာ ပိဋကတ်တော်ထဲမှာပါတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးကိုသာ ပဓာနထားတဲ့ သူ့အခေါ် Nibbanic Buddhism လိုမျိုးကို ဆိုလိုပုံရတယ်၊ ဟုတ်ပါသလားဟု ကျွန်တော်မေးတော့ သူက အန္တရာယ်ကင်းဘေးရှင်း သဘောတွေ၊ မှော်ပညာ၊ လောကီဗေဒင်ပညာ၊ ဝိဇ္ဇာရေတွေ မပါတဲ့ သီလသမာဓိပညာသန့်သန့်ကို အခြေခံတဲ့ ဗုဒ္ဓဘာသာကို ကျွန်တော် ဆိုလိုတာပါဟု ပြောသည်။

သူ့ကို ကျွန်တော်က မြန်မာဗုဒ္ဓဘာသာမှာ လောကီရေး၊ လောကုတ္တရာရေးလို့ နှစ်ပိုင်း ရှိတယ်။ ဒါကို ခွဲပြီး သုံးသပ်တတ်ဖို့ လိုတယ်။ သီလ သမာဓိ ပညာဆိုရာမှာတောင်မှ ပထမ မဂ်ကို မရောက်မချင်း လောကီနယ်ထဲမှာပဲ ရှိသေးတယ်။ ဒါကြောင့် လောကီနယ်မှာတင်ပဲ အဆင့်အတန်းက မတူပါဘူး။ အဆင့်နိမ့်တဲ့ အပိုင်း (အောက်လမ်းဆိုတာ) ရယ်၊ အဆင့်မြင့်တဲ့အပိုင်း (အထက်လမ်းဆိုတာရယ်) ရှိနေတယ်။ မြန်မာနိုင်ငံမှာ အရင်တုန်းကတော့ လောကီနှင့်ယှဉ်တဲ့ ဗုဒ္ဓဘာသာ အယူအဆ အစဉ်အလာတွေပဲ ရှိခဲ့တယ်။ ၁၉ ရာစု အကုန်လောက်မှာ ပေါ်ထွန်းခဲ့တဲ့ ကျေးဇူးရှင် လယ်တီဆရာတော်ခေတ်ကစပြီးမှ လောကုတ္တရာ မဂ်ပညာ ဖိုလ်ပညာတွေ ထင်ပေါ်ကျော်ကြားလာတယ်။ ခုအခါမှာတော့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရည်သန်ပြီး ဝိပဿနာကမ္မဋ္ဌာန်းလုပ်ငန်းကို အပတ်တကုတ် လုပ်တဲ့ အစဉ်အလာကြီးဟာ မြန်မာနိုင်ငံမှာ အရှိန်အဟုန်ရပြီး တော်တော်အားကောင်းနေပြီဟု သူ့ကို ရှင်းပြလိုက်သည်။

ဒေါက်တာမက်သယူးလည်း အတော်ပင် အားရကျေနပ်သွားသည်။ သူ့အနေနှင့် ဂျက်ကောန်းဖီးရေးသည့် The Living Buddhist Masters ဆိုသည့် စာအုပ်ကို ဖတ်ဖူးကြောင်း၊ ထိုပဋိပတ္တိလုပ်ငန်းများနှင့်မူ သူအကျွမ်းတဝင်မရှိသေးကြောင်း ဝန်ခံသည်။ ကျွန်တော်တို့ တစ်နာရီခန့် ဆွေးနွေးကြသည်။ ကျွန်တော် တတ်နိုင်သမျှ သူသိချင်သည်များကို ပြောပြလိုက်ပါသည်။

မည်သို့ပင်ဆိုစေ၊ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာကို ကမ္ဘာက ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တစ်နေ့တခြားပိုပြီး စိတ်ဝင်စားလာကြခြင်းမှာ အရှေ့တိုင်းတွင် အနောက်တိုင်းသားများ လိုချင်သော တန်ဖိုးများရှိနေသည့်အတွက်သာ ဖြစ်လိမ့်မည်ဟု တွေးမိပြီး ကျွန်တော် ဝမ်းမြောက်နေပါတော့သတည်း။

**ဓမ္မရုပ်စုံမဂ္ဂဇင်း**<br>**၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ**

## ဗုဒ္ဓစိတ်ပညာနှင့် အိပ်မက်

ဗုဒ္ဓဓမ္မသည် ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်ကို ဆိုခြင်း ဖြစ်သည်။ အဘိဓမ္မာကို အနောက်တိုင်းသားများက ဘာသာပြန်သောအခါ Buddhist Psychology, Buddha's Psychological Ethics ဗုဒ္ဓစိတ်ပညာ၊ ဗုဒ္ဓ၏ စိတ်ပညာနှင့် ဆိုင်သော ကိုယ်ကျင့်တရားပညာ စသည်ဖြင့် ပြန်ဆိုကြသည်။ အမှန်မှာလည်း ဗုဒ္ဓဓမ္မသည် စိတ်အကြောင်း၊ စိတ်၏ လုပ်ဆောင်ချက်များအကြောင်း၊ စိတ်ကို ကိလေသာ အနှောင်အဖွဲ့များမှ လွတ်မြောက်ကြောင်းတို့ကို သင်ကြားခြင်းပင် ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာတွင် အာရုံနှင့် ဒွါရ (အာရုံဖြစ်ပေါ်ရာအရပ်) ခြောက်ပါး ထိတိုက်သောအခါ ဖြစ်ပေါ်လာသော ဝိညာဏ်သိစိတ်ကို စက္ခုဝိညာဏ်မြင်စိတ်၊ သောတဝိညာဏ်ကြားစိတ်၊ ဃာနဝိညာဏ်နံစိတ် စသည်ဖြင့် အာရုံကြောင့် ဖြစ်သောစိတ် (perceptual process) က တစ်မျိုး၊ နောက်စိတ်တစ်မျိုးမှာ ပဋိသန္ဓေကစ၍ပါလာသော ဘဝင်စိတ်၊ လူမှာအပြင်သိစိတ်တစ်မျိုး၊ ဘဝင်စိတ် ခေါ် အတွင်းသိစိတ် တစ်မျိုးရှိသည်ဟု ဗုဒ္ဓစိတ်ပညာက ယူဆထားသည်။ ခေတ်သစ်စိတ်ပညာရှင်များကလည်း လူမှာ Subconscious ခေါ် အတွင်းသိစိတ်တစ်မျိုးရှိကြောင်းကို လက်ခံထားကြပြီဖြစ်၏။

ဗုဒ္ဓစိတ်ပညာအရ အာရုံသိစိတ်တစ်ခုဖြစ်တိုင်းမှာ အာရုံ၏ လှုံ့ဆော်ပုတ်ခတ်မှုကြောင့် ဘဝင်စိတ် အလျင်ပြတ်ပြီး မှတ်သားမှု၊ သိမ်းဆည်းမှု၊ ပိုင်းခြားမှု၊ တုံ့ပြန်မှု စသည့် လုပ်ဆောင်ချက်များ ပါဝင်လျက်ရှိသည်။

ဗုဒ္ဓစိတ်ပညာတွင် အိပ်မက်သည် စိတ်၏ လုပ်ဆောင်ဖန်တီးမှု တစ်ရပ်အဖြစ် ပါဝင်နေသည်။ ကမ္ဘာကျော် မိလိန္ဒပဉှာတွင် အရှင်နာဂသေနအား

မိလိန္ဒမင်းကြီးက အိပ်မက်နှင့် ပတ်သက်၍ လေးလေးနက်နက် မေးမြန်းစုံစမ်းခဲ့ဖူး၏။ ထိုအကြောင်းကို ဤတွင် အထိုက်အလျောက် အကျယ်ဆိုသင့်၏။ ဆိုရမည်ဆိုလျှင် ဤသို့ ဖြစ်၏။

မိလိန္ဒမင်းကြီးက လောကမှာ လူယောက်ျား၊ မိန်းမတို့သည် အိပ်မက်ဆိုသော သဘောကို မြင်မက်နေကြပါသည်။ အိပ်မက်လည်း အမျိုးမျိုးဖြစ်၏။ ကောင်းတာလည်းရှိ၊ မကောင်းတာလည်း ရှိ၏။ သို့ဖြစ်ရာ အိပ်မက်ဆိုသည် အဘယ်နည်း။ အိပ်မက်ဘယ်နှမျိုးရှိပါသလဲဟု မေးသည်။ ထိုအခါ အရှင်နာဂသေနက 'မင်းကြီး၊ အိပ်မက်ဆိုတာ စိတ်မှာ အာရုံထင်ခြင်း သဘောပင်ဖြစ်၏' ဟု ဖြေပြီးနောက် အိပ်မက်သည် ခြောက်မျိုးရှိကြောင်း အကျယ်ပြသသည်။ ခြောက်မျိုးဆိုသည်မှာ

(၁) လေဓာတ်ပျက်သောကြောင့် မက်သော အိပ်မက်

(၂) သည်းခြေဓာတ်ပျက်သောကြောင့် မက်သော အိပ်မက်

(၃) သလိပ်ဓာတ်ပျက်သောကြောင့် မက်သော အိပ်မက်

(၄) နတ်တို့ လှည့်စား၍ မက်သောအိပ်မက်

(၅) အကျင့်ပါနေသော အကျင့်ကြောင့်ဖြစ်သော အိပ်မက်

(၆) ပုဗ္ဗနိမိတ်ဖြစ်၍ မက်သောအိပ်မက် ဟူ၍ ဖြစ်၏။

အထက်ပါ အိပ်မက်ခြောက်မျိုးတို့တွင် ပုဗ္ဗနိမိတ်ဖြစ်၍ မက်သော အိပ်မက်မျိုးသာ အိပ်မက်မက်သလို အမှန်ဖြစ်တတ်၏။ ကျန်ငါးမျိုးမှာ အမှန်မဖြစ်တတ်၊ မှား၏။

အရှင်နာဂသေန၏ အဖြေကို ကြားသော မိလိန္ဒမင်းလည်း နောက်ထပ်မေးမြန်း၏။ မေးပုံမှာ အရှင်ဘုရား ဆိုပါတော့။ ပုဗ္ဗနိမိတ်အားဖြင့် မြင်မက်သော အိပ်မက်ပင်ဖြစ်စေ ထိုသို့ အိပ်မက်မက်သောသူသည် မိမိအလိုလိုသွားပြီး ထိုအာရုံကို ရွေးချယ်သလား၊ သို့မဟုတ် အာရုံကပင် စိတ်မှာ လာထင်တာလား။ ဒါမှမဟုတ် တစ်ပါးသူ တစ်ယောက်ကပဲ လာပြောတာလား၊ လာပြတာလား၊ မင်းကြီးအမေးက ဇေ့စပ်လှ၏။ အရှင်နာဂသေနလည်း အတိအကျဖြေသည်။ မင်းကြီး စိတ်က ထိုအာရုံကိုသွား၍ ရွေးချယ်သည်လည်းမဟုတ်။ တစ်ယောက်ယောက်က လာ၍လည်း မကြား။ အိပ်မက်မက်သောအချိန်မှာ နိမိတ်က သူ့အလိုအလျောက် စိတ်မှာ လာထင်ခြင်း ဖြစ်သည်။

အရှင်နာဂသေနသည် ထိုသို့ဖြစ်ပုံကို ဥပမာအားဖြင့် မင်းကြီး နားလည်အောင် ပြသည်။ (အကျယ်ကို သိလိုမူ မိလိန္ဒပဥှာ သုပိနပဥှာခန်းကိုဖတ်) ထိုအခါ မင်းကြီးက အရှင်ဘုရား အိပ်မက်မက်သောသူသည် အိပ်ပျော်၍ ဘဝင်ကျနေခိုက်မှာ မက်တာလား၊ နိုးနေစဉ်မှာ မက်တာလားဟု မေးမြန်းသည်။

အရှင်နာဂသေနလည်း မင်းကြီးအိပ်ပျော်၍ ဘဝင်ကျနေခိုက်မှာလည်း အိပ်မက်မမက်၊ နိုးနေစဉ်မှာလည်း မမက်၊ အမှန်မှာ ငိုက်မျဉ်းဆဲ၊ ဘဝင်စိတ်လည်း မဖြစ်သေး။ ထိုသို့ အိပ်နိုးတစ်ဝက်ကြားကာလမှာသာ အိပ်မက်မက်သည်။ ဘဝင်စိတ်ဖြစ်သွားလျှင် ထိုစိတ်မှာ အာရုံမဖြစ်တော့။ အာရုံမဖြစ်သောစိတ်သည် ချမ်းသာ ဆင်းရဲကို မသိ။ မသိစိတ်သည် အိပ်မက် မမက်နိုင်။ ဘဝင် မကျခင် အိပ်တစ်ဝက်၊ နိုးတစ်ဝက် မျောက်မျဉ်းဆဲမှာသာ အိပ်မက်မက်သည်။ ထို့အပြင် ဘဝင်ကျသောသူ၊ နိရောဓသမာပတ် ဝင်စားသူ၊ နိုးနေခိုက် စိတ်ပျံ့လွင့်နေသူတို့သည် အိပ်မက် မမက်တတ်ဟူ၍ တိတိကျကျ ဖြေသည်။ ထိုအခါ မင်းကြီးက 'အရှင်ဘုရား၊ ငိုက်မျဉ်းသောစိတ်မှာအစ၊ အလယ်၊ အဆုံးသည် ရှိသလား' ဟု ထပ်မေးလေသည်။ ရှင်နာဂသေနက 'မင်းကြီး ငိုက်မျဉ်းခြင်း၏ အစ၊ အလယ်၊ အဆုံးသည်ရှိ၏ဟုဆိုပြီး အိပ်စမှာ ကိုယ်လေးလံထိုင်းမှိုင်းခြင်းစဖြစ်လျှင် ထိနမိဒ္ဓ (ငိုက်မျဉ်းခြင်း) အစဖြစ်သည်။ ငိုက်မျဉ်းလာချိန်မှာ အိပ်စိတ်၊ နိုးစိတ် ရောနေပြီး ၎င်းသည် ငိုက်မျဉ်းခြင်း၏ အလယ် ဖြစ်သည်။ ဘဝင်ကျ၍ အိပ်ပျော်သွားပြီဆိုလျှင် ငိုက်မျဉ်းခြင်း၏ အဆုံးကို ရောက်ပြီ။ အိပ်မက်သည် ငိုက်မျဉ်းခြင်း၏ အလယ်၊ မျောက်မျဉ်းစဉ် မြင်မက်သည်ဟု သိပ္ပံနည်းကျ ဖြေတော်မူသည်။

စင်ကာပူနိုင်ငံထုတ် The Young Buddhist 1986 စာစောင်တွင် သီရိပိရေရာ (သီရိလင်္ကာ) က Buddhist Psychology of Dream ဆိုပြီး ဆောင်းပါးတစ်ပုဒ် ရေးခဲ့လေသည်။ သူသည် အထက်ပါ မိလိန္ဒပဉှာ သုပိနပဉှာခန်းကို ကိုးကား၍ ရေးသားခဲ့လေသည်။ ပြီးမှ အဘိဓမ္မာ ဝိဘင်း အဋ္ဌကထာတွင် အိပ်မက်၏ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ဖော်ပြထားကြောင်း ရေးသည်။ လေထဲမှာ လွင့်ပျံနေသလို၊ တောင်ပေါ်က အမြင့်က လိမ့်ကျသလို စသည့် အိပ်မက်မျိုးသည် လေ၊ သည်းခြေ၊ သလိပ်ဖောက်ပြန်၍မက်သော အိပ်မက်များ ဖြစ်ကြသည်။ ထို့အတူ ကြောက်စရာ သားရဲတိရစ္ဆာန်ကလိုက်၍ ပြေးရခြင်းမျိုး စသည်လည်း လေ၊ သည်းခြေ၊ သလိပ်ကြောင့် ဖြစ်ရသည်။ ပုဗ္ဗနိမိတ်ကြောင့်ဖြစ်သော အိပ်မက်သာလျှင် မှန်ပုံကို ပြသည်။

ပုဗ္ဗနိမိတ်ထင်သော အိပ်မက်ကို ပြရာ၌ ကမ္ဘာကျော် ဗုဒ္ဓဝင် အိပ်မက်ကြီး သုံးခုကို နမူနာ ပြထားလေသည်။ ပထမအိပ်မက်မှာ ဘုရားလောင်း ပဋိသန္ဓေယူနည်းအကြောင်းကို ကြိုတင်နိမိတ်ပြသော မယ်တော်မာယာ၏အိပ်မက်၊ ထို့နောက် ဘုရားလောင်း ဒုက္ကရစရိယာကျင့်စဉ်က မြင်မက်သော အိပ်မက်ကြီးငါးချက်၊ တတိယ အိပ်မက်မှာ လူသိများလှသော ကောသလမင်းကြီး၏ အိပ်မက် ၁၆ ချက်တို့ ဖြစ်လေသည်။ ဤတွင် ဘုရားအလောင်းတော်မြင်မက်သော အိပ်မက်ကြီး ငါးချက်ကိုသာ ဖော်ပြပါအံ့။ (ဇိနတ္ထပကာသနီ)။

ပဥ္စဝဂ္ဂီတို့က 'သိဒ္ဓတ္ထမင်းသားသည် အလွန်ငြိုးခြံစွာ ကျင့်သည်ကိုမျှ ဘုရားမဖြစ်နိုင်။ ယခုအဘယ်မှာ ဖြစ်တော့အံ့နည်းဟု ဘုရားအလောင်းကို စွန့်ခွာ၍ တစ်ဆယ့်ရှစ်ယူဇနာကွာသော ဣသိပတနမိဂဒါဝုန်တောသို့ သွားကြကုန်၏။ ထိုနောက်မှ ကိုယ်တော်တစ်ယောက်တည်း ကျင့်တော်မူ၍ လူတို့သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း (၁၄) ရက်၊ အင်္ဂါနေ့ ညဥ့်တွင် အိပ်မက်ကြီး ငါးအင်ကို မြင်မက်တော်မူ၏။

အိပ်မက်ကြီးငါးပါးကား (၁) မြေအပြင်ကို အိပ်ရာပြု၍ ယူဇနာငါးရာရှိသော ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့အနောက် သမုဒ္ဒရာ အပြင်ဘက် လက်တော်ကိုထားပြီးသော် ခြေတော်အစုံကို တောင်သမုဒ္ဒရာ၌ထားလျက် စက်တော်မူရသည်ဟု မြင်မက်သည်လည်း တစ်ပါး၊

(၂) ဝင်ရိုးပမာ သန္တာနီအဆင်းရှိသော တိရိယမည်သော မြက်သည် ချက်တော်မှဖောက်၍ ဘဝဂ်သို့ ရောက်အောင် တက်သည်ဟု မြင်မက်သည်လည်း တစ်ပါး၊

(၃) အဆင်းဖြူသော ပိုးမျိုးသည် ခြေတော်မှ ပုဆစ်တိုင်အောင် လွှမ်း၍ တက်သည်ဟု မြင်မက်သည်လည်း တစ်ပါး၊

(၄) အထူးထူးသော အဆင်းရှိသော ငှက်အပေါင်းတို့သည် လေးမျက်နှာမှ လာကုန်၍ ခြေတော်ရင်းမှာ နေကုန်သော် အလုံးစုံ အဖြူချည်းသာဖြစ်သည်ဟု မြင်မက်သည်လည်း တစ်ပါး၊

(၅) ကြီးစွာသော မစင်တောင်ထက်သို့တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကပ်ခြင်းမရှိဟု မြင်မက်တော်မူသည်လည်း တစ်ပါး။

ဘုရားအလောင်းတော်၏ ဤအိပ်မက်သည် ဘုရားမုချ ဧကန်ဖြစ်မည့်အကြောင်း နိမိတ်ကောင်းကို ပြသော အိပ်မက် ဖြစ်၏။ မြေအပြင်ကို အိပ်ရာပြု၍ မြင်မက်သော အိပ်မက်၏ အဓိပ္ပာယ်သည် အနှိုင်းမဲ့ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကို ရမည့်အကြောင်း နိမိတ်ကောင်းဖြစ်၏။ ဒုတိယ အိပ်မက်ဖြစ်သော ချက်တော်က တိရိယမြက်များပေါက်၍ ကောင်းကင်သို့ တက်ရသည်မှာ အလောင်းတော်သည် မဂ္ဂင်ရှစ်ပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်မည့် အကြောင်း နိမိတ်ကောင်းဖြစ်၏။

တတိယအိပ်မက်ဖြစ်သော အဆင်းဖြူသော ပိုးမျိုးသည် ခြေတော်မှ ပုဆစ်ကိုင်တက်ခြင်းကား လူအပေါင်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ဗုဒ္ဓသာသနာတော်၌ သရဏဂုံတည်ကြမည်ကိုပြသော နိမိတ် ဖြစ်၏။

စတုတ္ထအိပ်မက်အရ အရပ်လေးမျက်နှာမှလာသော အဆင်းအရောင်အမျိုးမျိုးရှိသော ငှက်တို့သည် ခြေတော်ရင်း၌ အားလုံး အဖြူရောင်ချည်းသာ ဖြစ်သွားကြခြင်းမှာ ပုဏ္ဏားမျိုး၊ မင်းမျိုး၊ သူကြွယ်မျိုး၊ ဆင်းရဲသားမျိုး စသည့်

အမျိုးဇာတ်လေးပါးတို့သည် ဤသာသနာတော်၌ အညီအညွတ်ရဟန်းပြုကြ ကုန်သည့် အတိတ်ကောင်း နိမိတ်ကောင်းဖြစ်၏။

ပဉ္စမအိပ်မက်ဖြစ်သော မစင်တောင်ပေါ်သို့ တက်ရသော်လည်း မစင်များ လိမ်းကပ်ခြင်းမရှိခြင်းမှာ မြတ်စွာဘုရားသည် များလှစွာသော လာဘသက္ကာရ တို့နှင့် ပြည့်စုံသော်လည်း ထိုပစ္စည်း လာဘ်လာဘတို့၌ တပ်မက်ခြင်း အလျှင်း မရှိသည်ကိုပြသော နိမိတ်ဖြစ်၏။ ဤကား အဋ္ဌကထာအလို ဖြစ်၏။

အထက်ပါ အိပ်မက်ကြီးငါးခုသည် ဗုဒ္ဓဝင်တွင် အထင်ကရ ဖြစ်၏။ အလောင်းတော်ကို ပဋိသန္ဓေယူခါနီး မြင်မက်သော မယ်တော်၏ အိပ်မက် သည်လည်း အလောင်းတော်ကို ဖွားမြင်မည့် ပုဗ္ဗနိမိတ်ကိုပြသော အိပ်မက်ဖြစ် ၏။ ကောသလမင်းကြီး၏ အိပ်မက် ၁၆ ချက်သည် နောင် အနာဂတ်တွင် လူသားတို့၏ ဘဝပြောင်းလဲဖြစ်ပေါ်လာမည်ကို ကြိုတင်ပြသော ပုဗ္ဗနိမိတ်ဖြစ် သည် ဆို၏။ အိပ်မက်ခြောက်မျိုးတို့တွင် ပုဗ္ဗနိမိတ်ကိုပြသော အိပ်မက်သည် သာ မှန်ကြောင်း အရှင်နာဂသေနက မိလိန္ဒမင်းကြီးအား ပြောကြားသော စကားကို ခေတ်သစ် ပရစိတ်ပညာ ဆရာများကလည်း ထောက်ခံကြ၏။ ဂရိ (ခေါမ) စာပေတွင်လည်း ပုဗ္ဗနိမိတ်ကိုဆောင်သော အိပ်မက်များအကြောင်းကို မကြာခဏ ဖော်ပြလေ့ရှိ၏။

ထို့ပြင် နတ်များ လှည့်စားသော အိပ်မက်များအကြောင်းကိုလည်း ဂရိ အနောက်တိုင်း စာပေများတွင် ထည့်သွင်းဖော်ပြခဲ့ကြ၏။ အနာဂတ်ကို ကြိုတင် သိမြင်နိုင်သော မနောဓာတ်၏ သဘောကို ယခုမျက်မှောက်ခေတ်တွင် စိတ် ပညာဆရာများ လေ့လာတွေ့ရှိနေကြပြီ ဖြစ်၏။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ ကဲ့သို့ သော အမြင်ဓာတ်၊ အကြားဓာတ် သဘော (Clairvoyance, Clairaudience) သူတစ်ပါးစိတ် အကြံအစည်ကိုသိခြင်း၊ (ပရစိတ္တ ဝိဇာနန) နှင့် အတိတ်ဘဝ ကဖြစ်ကြောင်းကုန်စင်ကို ပြန်လည်အောက်မေ့ခြင်း (ဇာတိဿရ) စသော စိတ် တန်ခိုးများကို ဘုရား၊ ရဟန္တာများ ရရှိနိုင်ကြောင်း ဗုဒ္ဓစိတ်ပညာ၌ ဆိုထား၏။

ဝိနည်းပိဋကတ်၌ အိပ်မက်နှင့် ပတ်သက်၍ ဖော်ပြထားသော အချက် လည်း ရှိ၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စေတနာနှင့်တကွ သိစိတ် ချုပ်စ ဘဝင်သို့လည်း မကျမီ မျောက်မျဉ်းစဉ်ဝယ် အိပ်မက်သည် မက်၏။ ထို့ကြောင့် အိပ်မက်ထဲတွင် လူသတ်သည်၊ မုဒိမ်းတန်ကျင့်သည်ဟု မြင်မက် စေကာမူ စေတနာမပါသောကြောင့် ထိုသို့ မြင်မက်ခြင်းသည် ရဟန်းသံဃာ များ၌ အာပတ်မဖြစ်ကြောင်း ဆိုပါသည်။

အိပ်မက်ထဲ၌ အပြစ်တစ်စုံတစ်ရာ ပြုလုပ်ခြင်းသည် အကုသိုလ် မဖြစ် ကြောင်း ဗုဒ္ဓစိတ် ပညာအရ အိပ်မက်မက်ခြင်းသည် သွေးလေ ချောက်ချား၍ လည်း ဖြစ်သည်။ နတ်များ လှည့်စားမှုကြောင့်လည်း ဖြစ်သည်။ အတိတ်က

အတွေ့အကြုံ အထုံဝလေ့ကြောင့်လည်း မက်သည်။ အထူးမှာ အတိတ် နိမိတ် (ပုဗ္ဗ) ကို ပြညွှန်သောအားဖြင့်လည်း မက်သည်။

အမှန်မှာ ပဋိစ္စသမုပ္ပာဒ် သံသရာထွက်ပေါက်ကို မတွေ့ရသေးသော ပုထုဇဉ်မှန်သမျှသည် အိပ်မက်မက်သည်များချည်းသာ ဖြစ်ကြကုန်သည်။ ပုထုဇဉ် သည်ကား မမြဲသည်ကို အမြဲထင်၏။ အသုဘကို သုဘ ထင်၏။ အနတ္တကို အတ္တထင်၏။ ပျို့မျှစ်ခြင်းသည် အိုမင်းခြင်း အဆုံးရှိသည်ကိုလည်း မမြင်တတ်။ လှပခြင်းသည် အကျည်းတန်ခြင်း အဆုံးရှိသည်ကိုလည်း မရှုတတ်။ အသက်ရှင်ဆဲ၌ပင် သေခြင်း၌ တည်နေသည်ကိုလည်း သဘော မပေါက်တတ်။ သူ၏ အိပ်မက်ကမ္ဘာဝယ် ဘာမှ လက်ဆုပ် လက်ကိုင်ပြစရာ မရှိသော အနတ္တသဘောတို့ကိုပင် ပုထုဇဉ်သည် အတ္တထင်လျက် စွဲလမ်း တပ်မက်နေကြလေသည်။ ဘုရားရဟန္တာစသော အရှင်သူမြတ်တို့သည်သာ သစ္စာတရားကို ထင်ရှားသိမြင် တော်မူကြကုန်သော အိပ်မက်မှ ကင်းစင်သူ အစဉ်နိုးကြားနေသူများစင်စစ် ဖြစ်ကြပေတော့သတည်း။

**Buddhist Psychology of Dream**<br>
**Siri Perera Srilanka.**<br>
**The Young Buddhist 1986**<br>
**မွေ့ရှပ်စုံမဂ္ဂဇင်း**<br>
**၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ**

# ဗုဒ္ဓစိတ်ပညာနှင့် ခေတ်သစ်စိတ်ပညာ

ဗုဒ္ဓဓမ္မသည် လည်းကောင်း၊ ခေတ်သစ်စိတ်ပညာသည်လည်းကောင်း လူသား၏ စိတ်အကြောင်းကို လေ့လာကြသည်။ ခေတ်သစ်စိတ်ပညာက လောကီစိတ်အကြောင်းကို လေ့လာသည်။ စိတ်နှင့်ဆိုင်သော လူ့အသိဉာဏ်နယ်ပယ်ကို အကျယ်ချဲ့ရန်အတွက် ဖြစ်သည်။ သို့သော် ဗုဒ္ဓစိတ်ပညာကမူ လူ့စိတ်ကို လေ့လာရာ၌ လူ့စိတ်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ရေး၊ ရာဂ ဒေါသ၊ မောဟ စသော ကိလေသာ အညစ်အကြေးများ သန့်ရှင်းစင်ကြယ်ရေးကို ပဓာန ထားသည်။ အကုသိုလ်ဒုစရိုက်များ၏ အမြစ်အရင်းကို ဖယ်ရှားသုတ်သင်ပြီး စိတ်ကို အပြီးတိုင် သုတ်သင်ရှင်းလင်းသန့်စင်ကာ ဝိသုဒ္ဓိ၏ အခေါင်အထွတ်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရေးကို ပဓာနထားပေသည်။

ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာမှာရော ခေတ်သစ်စိတ်ပညာမှာပါ လူ့စိတ်ကို အဓိကထား၍ လေ့လာသည်မှန်သော်လည်း ၎င်းတို့၏ ရည်ရွယ်ချက်နှင့် လေ့လာရေးနယ်ပယ်သည်ကား ခြားနားလှပေတော့သည်။

ဤဆောင်းပါးတွင် ဗုဒ္ဓအဘိဓမ္မာနှင့် ခေတ်သစ်စိတ်ပညာတွင် တွေ့ရှိရသော တူညီချက်များနှင့် ကွဲပြားချက်များကို ဆွေးနွေးတင်ပြရန် ရည်ရွယ်ပါသည်။ ဗုဒ္ဓဓမ္မကို လူအများအား ဟောကြားသင်ပြမည်ဆိုလျှင် ဗုဒ္ဓဘာသာတွင်လည်း သင်ပြပုံ သင်ပြနည်းအမျိုးမျိုးကို အသုံးပြုပါသည်။ ထိုနည်းလမ်းများသည် ခေတ်သစ်စိတ်ပညာက လက်ခံကျင့်သုံးသော နည်းလမ်းများနှင့် တူညီမှုများစွာရှိကြောင်း လေ့လာတွေ့ရှိရသည်။ ခေတ်သစ်စိတ်ပညာမှာ လူပုဂ္ဂိုလ်ကိုလိုက်၍ နားလည်နိုင်မှု စွမ်းရည်ချင်းမတူဘဲ အဆင့်ဆင့် ကွဲပြားလျက်ရှိကြောင်း အသိအမှတ်ပြုထားသည်။ တပည့်နှင့် ဆရာတို့သည် လူအများ

နားလည် သဘောပေါက်နိုင်သော နည်းလမ်းများဖြင့် သင်ကြားပို့ချရမည် ဖြစ်ကြောင်းကိုလည်း ညွှန်ကြားထားသည်။

ဗုဒ္ဓဓမ္မမှာလည်း တရားကို နားလည်သဘောပေါက် လက်ခံနိုင်သော လူ့ဉာဏ်သည် အနုအရင့် အဆင့်အတန်း လေးမျိုးရှိကြောင်းကို အသိအမှတ် ပြု၍ ဖော်ပြထားသည်။ ၎င်းတို့မှာ (၁) ဥဃ္ဃဋိတညူ၊ (၂) ဝိပဉ္စိတညူ၊ (၃) နေယျနှင့် (၄) ပဒပရမပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။

တစ်ဖန် ခေတ်သစ်စိတ်ပညာ၏ ကဏ္ဍတစ်ခုဖြစ်သော ပရစိတ်ပညာတွင် တယ်လီပက်သီခေါ်သော စိတ်တစ်ခုနှင့်တစ်ခု ဆက်သွယ်နိုင်သော နည်းလမ်း ရှိကြောင်းကို သိပ္ပံနည်းကျ လေ့လာတည်ထောင်ထားပြီး ဖြစ်၏။ ဤပရစိတ် ပညာဆိုင်ရာ ထူးခြားသော စိတ်ချင်းဆက်သွယ်နည်းကို ဒျူ့တက္ကသိုလ်မှ စိတ် ပညာပါမောက္ခ ဒေါက်တာရိုင်း၏ သုတေသနများ၏ ရလဒ်အဖြစ် ရရှိခဲ့ခြင်း ဖြစ်၏။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရအပ်သော သက်သေအထောက်အထား များကိုလည်း အခြားသော တက္ကသိုလ်များရှိ ပရစိတ်ပညာလေ့လာရေးဌာန များနှင့် ပူးပေါင်းဆောင်ရွက်စမ်းသပ်ခြင်းဖြင့် ရရှိခဲ့ပေသည်။

ဓမ္မပဒအဋ္ဌကထာတွင် စူဠသုဘဒ္ဒါအကြောင်း ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ပါရှိ၏။

ထိုဝတ္ထုတွင် စူဠသုဘဒ္ဒါဆိုသော အမျိုးသမီးငယ်သည် ဘုရား၊ တရား၊ သံဃာ၌ ယုံကြည်ကိုးကွယ် ဆည်းကပ်ခြင်းမရှိသော မိသားစုထဲက ဘုရား၊ တရား၊ သံဃာကို အလွန်ယုံကြည် ကိုးကွယ်သူ ဖြစ်၏။ ထိုဝတ္ထုတွင် စူဠသုဘဒ္ဒါ မိန်းကလေးသည် မြတ်စွာဘုရားနှင့် တပည့်သံဃာတော်များအား မိမိဆွမ်းလုပ်ကျွေးလိုသည့်အကြောင်းကို အဝေးမှနေ၍ စိတ် (မနော) ဖြင့် ဆက်သွယ်လျှောက်ထားခဲ့လေသည်။

ဝတ္ထုဇာတ်လမ်းအကျဉ်းကား ဤသို့ဖြစ်၏။

'မြတ်စွာဘုရား ဇေတဝန်ကျောင်းမှာ နေတော်မူစဉ် ဥဂ္ဂါမြို့မှ ဥဂ္ဂါသူဌေး နှင့် အနာထပိဏ်သူဌေးတို့သည် ငယ်စဉ်သူငယ်ချင်း ကျောင်းနေဖက်များဖြစ် ကြသဖြင့် ငယ်စဉ်ကြီးသော် သားသမီးချင်း ပေးစားကြရန် ကတိပြုခဲ့ကြသည်။ သို့သော် ဥဂ္ဂါသူဌေးကား မိစ္ဆာအယူရှိသူဖြစ်၏။ အနာထပိဏ်သူဌေးလည်း ကတိရှိသဖြင့် သမီး စူဠသုဘဒ္ဒါကို ဥဂ္ဂါသူဌေးသားနှင့် ပေးစားလိုက်ရ၏။ ဥဂ္ဂါသူဌေးသည် မင်္ဂလာအခါများ၌ အဝတ်မဝတ်သော တိတ္ထိတို့ကို အိမ်သို့ ပင့်ဖိတ်ပြီး ဆွမ်းကျွေး၏။ စူဠသုဘဒ္ဒါသည် ရှက်သဖြင့် တိတ္ထိတို့ကို ဥဂ္ဂါသူဌေး က လာဖူးရန် ခေါ်သောအခါ မလာဘဲ ပုန်းရှောင်မျက်ကွယ်ပြုလျက်သာနေ လေသည်။ ထိုအခါ သူဌေးကတော်သည် စူဠသုဘဒ္ဒါထံမှ ဘုရားရှင်နှင့်တကွ

ရဟန်းသံဃာတော်များ၏ ဂုဏ်ကျေးဇူးကို ကြားရလေလျှင် 'သင်တို့၏ ဆရာရဟန်းများကို ငါ့အားပြပါလော့။ ပင့်ဖိတ်၍ လှူဒါန်းပူဇော်ပါလော့' ဟု ဆို၏။ စူဠသုဘဒ္ဒါသည် လှူဖွယ်ဝတ္ထုများကို စီစဉ်ပြီးသော် ပြာသာဒ်ပေါ်တက်၍ ဇေတဝန်ကျောင်းတော်သို့ ရှေးရှုကာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ဆင်ခြင်လျက် ပန်းနံ့သာဖြင့် ပူဇော်ပြီးလျှင် 'မြတ်စွာဘုရား၊ မနက်ဖြန် ဘုရားအမှူးပြုသော သံဃာအပေါင်းတို့ကို တပည့်တော်မ ပင့်ဖိတ်ပါ၏၊ ဤ အမှတ်သညာဖြင့် သိတော်မူပါစေသတည်း' ဟု မိဌာန်ပြီးလျှင် မြတ်လေးပန်းရှစ်ဆုပ်ကို ကောင်းကင်သို့ ပစ်မြှောက်ဖြန့်ကြဲလေ၏။ ထိုပန်းများသည် မြတ်စွာဘုရားတရားဟောနေသော ဘုရားရှင်ပေါ် မျက်နှာကြက်၌ တည်လေ၏။ တရားပွဲပြီးဆုံးသောအခါ အနာထပိဏ်သူဌေးက မနက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်လေသော် မြတ်စွာဘုရားက 'ငါဘုရားသည် မနက်ဖြန်အတွက် စူဠသုဘဒ္ဒါ၏ဆွမ်းကိုလည်း ခံပြီးပြီ' ဟု မိန့်တော်မူ၏။ 'စူဠသုဘဒ္ဒါသည် ဤမှ ယူဇနာတစ်ရာနှစ်ဆယ် ဝေးသည့် ဥဂ္ဂမြို့၌ နေပါ၏' ဟု အနာထပိဏ်သူဌေးက လျှောက်သော် မြတ်စွာဘုရားက 'သူဌေးကြီး၊ ရပ်ဝေး၌ နေကြသော်လည်း သူတော်ကောင်းတို့သည် ရှေ့မျက်မှောက်ခေတ်၌ တည်သကဲ့သို့ ထင်ရှားပြုကုန်လေ' ဟု မိန့်တော်မူလေသည်။

ဤဝတ္ထုတွင် မည်မျှပင် အရပ်အနေဝေးသော်လည်း စိတ်ချင်းဆက်သွယ်၍ သိနိုင်သော တယ်လီပက်သီနည်းရှိကြောင်းကို ခေတ်သစ်စိတ်ပညာမှာသာမက ဗုဒ္ဓမြတ်စွာကလည်း ရှေးကပင် လက်ခံထားပြီး ဖြစ်ကြောင်းကို ထင်ရှားသိသာတော့သည်။ ပသေနဒီကောသလမင်းကြီးလည်း ဤသို့ စိတ်ချင်းဆက်သွယ်၍ သိနိုင်ခြင်းကို ကြားသိရသောအခါ များစွာ အံ့ဩဝမ်းမြောက်ဖြစ်ခဲ့ရဖူးလေသည်။

ခေတ်သစ်စိတ်ပညာက ရောဂါဝေဒနာများနှင့် ကိုယ်ရည်ကိုယ်သွေးကမောက်ကမ ချွတ်ယွင်းခြင်းများ၏ အကြောင်းကို လေ့လာရှာဖွေကာ ဘဝင်စိတ်တွင် စွဲထင်နေသော ဥပါဒါန်များကို ပယ်ဖျောက်ကုသလျှင်ရကြောင်းကို ဟောကြားထားပါသည်။ ဤတွင် အကျွန်ုပ်၏ အတွေ့အကြုံ (စိတ်ညှို့စိတ်ခွဲဆရာတစ်ဦး၏ အတွေ့အကြုံ) အနည်းငယ်ကို ပြောပြပါမည်။ မကြာမီက လူငယ်တစ်ဦး ခေါင်းတစ်ခြမ်းကိုက်ရောဂါဝေဒနာ စွဲကပ်နေခဲ့သည်မှာ နှစ်အတန်ကြာပြီဖြစ်သော်လည်း ဘယ်ဆေးဝါးနှင့်မှ ကုသ၍ မရသည့်အဆုံး၌ အကျွန်ုပ်ထံသို့ စိတ်ညှို့အိပ်မွေ့ချပြီး ကုသပေးပါရန် ရောက်ရှိလာလေသည်။ သူ့ကို အိပ်မွေ့ချပြီး လေ့လာလိုက်သောအခါ သူသည် ကျိုက်ထီးရိုးသို့ သွားစဉ်အခါက ပရလောကမှ သူတော်စင်များ သီတင်းသုံးရာ သစ်ပင်ခြေရင်းတွင်

မဆင်မခြင် မတောင်းပန်ဘဲ အပေါ့သွားခဲ့မိသဖြင့် ရက္ခစိုးက မကျေနပ်၍ သူ့ကို ဖမ်းထားကြောင်း ပေါ်လာလေသည်။

ထိုအခါ အကျွန်ုပ်သည် ထိုအကြောင်းကို သိရသဖြင့် ရက္ခစိုး ကျေနပ်အောင် ဘယ်လိုလုပ်ရမလဲဟု မေးမြန်းကာ နီးစပ်ရာ ညောင်ပင်တွင် မုန့်ဖြူမုန့်နီ၊ ရေ၊ ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်၍ တောင်းပန်ခိုင်းလိုက်ရလေသည်။ ဤကား အတိတ်က သူမေ့၍ မသိတော့သော ဘဝင်စိတ်ထဲက ရောဂါဖြစ်ရသည့် အကြောင်းကို ဖော်ထုတ်ကုသခြင်း ဖြစ်၏။ တချို့လူနာများမှာလည်း ထိုသို့ စိတ်ကို အကြောင်းခံ၍ ရုပ်မှာ ဝေဒနာ ဖြစ်နေကြသူတွေရှိပါသည်။ ထိုရောဂါများစွာကိုလည်း အကျွန်ုပ် ဖော်ထုတ်ကုသပေးခဲ့ရာ အောင်မြင်မှု ရရှိခဲ့ပါသည်။

ထိုသို့ အတိတ်ကာလ၊ အတိတ်ဘဝက ပြုခဲ့သော ကံ၊ ကံ၏ အကျိုးအပြစ်ကြောင့် ယခု မျက်မှောက်ခေတ်တွင် ရောဂါဝေဒနာများ ခံစားနေရသူတွေ အများအပြား ရှိသည်ဟု ခေတ်သစ်စိတ်ပညာက ယူဆသည်။ ထိုအယူအဆကို ဗုဒ္ဓမြတ်စွာဘုရားသည် ရှေးနှစ်ပေါင်းသုံးထောင်နီးပါးကပင် ဖော်ထုတ်ဟောကြားတော်မူခဲ့ပြီးလေပြီ။ ဇာတကဝတ္ထုများ၌ အတိတ်ဘဝက ဆေးသမားဖြစ်စဉ် လူနာ၏ မျက်စိရောဂါကုသရာ အသပြာမရသဖြင့် လူနာအပေါ် ဒေါသဖြစ်၍ မျက်စိကန်းအောင် ပြုလုပ်ခဲ့သည့်ဝဋ်ကြောင့် ယခုဘဝတွင် မျက်စိကန်းရသူများအကြောင်းများကိုလည်း ဟောသည်။ ယခုဘဝတွင် တချို့ ရဟန်းသံဃာများ မတော်မလျော်ပြုမူသော စိတ်ဖောက်ပြန်မှုများကို တွေ့ကြုံရသောအခါ ထိုရဟန်း ဤသို့ အတိတ်အကြောင်းရှိခဲ့ပုံ၊ ဇာတကဝတ္ထုကို ထုတ်ဖော် ဟောကြားလေ့ရှိပါသည်။ ထိုကဲ့သို့ ယခုဘဝ၌ စိတ်ဓာတ် ကိုယ်ရည်ကိုယ်သွေး ချွတ်ယွင်းဖောက်ပြန်သော အပြုအမူများပြုလုပ်သော ရဟန်းများကို တွေ့ကြုံရသောအခါ မြတ်စွာဘုရားက အတိတ်က ထိုသို့ ပြု၍ ဖြစ်ရသည့် အကြောင်းကို ပုဗ္ဗေနိဝါသဉာဏ်တော်ဖြင့် ပြန်လည် ဖော်ထုတ်ဟောကြားလိုက်သောအခါ ထိုရဟန်းလည်း သတိသံဝေဂရပြီးလျှင် ထိုအပြုအမူမျိုးကို နောက်ထပ် မပြုလုပ်တော့ဘဲ ထိုစိတ်ချွတ်ယွင်းမှုရောဂါလည်း ပျောက်ကင်းသွားလေတော့၏။

ခေတ်သစ်ပညာရေးစိတ်ပညာတွင် သင်ကြားပို့ချသောအခါ ရုပ်မြင်သံကြားနည်းကို အသုံးပြုပြီး သင်ကြားလိုသည့်အချက်ကို ဥပမာသာဓကများပြ၍ သင်ကြားပို့ချနည်းကို အသုံးပြုတတ်ကြ၏။ ဤကဲ့သို့ ဥပမာများ၊ သာဓကများဖြင့် ဟောကြားဆုံးမနည်းကို သုတ္တန်ဒေသနာတော်များ၌ မြတ်စွာဘုရားသည် အကြိမ်ကြိမ်အခါခါ အသုံးပြုခဲ့ဖူးလေပြီ။

သသပသုတ္တန်တွင် မြတ်စွာဘုရားသည် ရင်းတိုက်တောထဲတွင် ကြွေကျနေသော သစ်ရွက်များကို လက်တစ်ဆုပ်စာ ကောက်ယူပြီးနောက် 'ရဟန်း

တို့ ငါ၏ လက်ထဲက ရင်းတိုက်ရွက်များနှင့် ကြွေကျနေသော ရင်းတိုက်ရွက်များသည် အဘယ်ကများ၍ အဘယ်က နည်းသနည်း' ဆိုသော အမေးဖြင့် မိမိဟောထားသော တရားတို့မှာ လက်ဆုပ်ထဲက သစ်ရွက်များလောက်သာ ရှိပြီး မဟောဘဲထားရသော တရားတို့မှာ တောထဲ၌ ကြွေကျနေသော သစ်ရွက်များလောက်များကြောင်းကို ထင်ရှားအောင် ရုပ်မြင်သံကြားနည်းဖြင့် ဟောကြားတော်မူခဲ့ဖူးလေပြီ။

ထို့အတူ နခသိခသုတ္တန်တွင်လည်း မြေမှုန့်အချို့ကို လက်သည်းခွံပေါ် တင်ပြီး လက်သည်းခွံပေါ်က မြေမှုန့်နှင့် ကမ္ဘာပေါ်ကမြေမှုန့် ဘယ်ကများသနည်းဟု မေးပြီးလျှင် လောကမှာ အပါယ်သို့သွားသော သတ္တဝါသည် မြေပြင်ပေါ်က မြေမှုန့်လောက်များပြီး၊ သုဂတိဘုံသို့ သွားသော သတ္တဝါက လက်သည်းခွံပေါ်က မြေမှုန့်လောက်နည်းကြောင်းကို ထင်ရှားအောင် ရုပ်မြင်သံကြားနည်းဖြင့် ဟောပြောဆုံးမခဲ့လေသည်။

ထို့အတူ အပါယ်သို့ကျပြီးသော သတ္တဝါသည် သုဂတိဘုံသို့ နောက်တစ်ခါ ပြန်ရောက်ရန် အခွင့်အလမ်းနည်းပုံကို လိပ်ကန်းနှင့်ထမ်းပိုး ဉပမာဖြင့် ထင်ရှားအောင် ဟောတော်မူခဲ့ဖူးသည်။ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်တွင်လည်း ရေခွက်ထဲက ရေကို သွန်ချမှောက်လှန်၍ ရှင်ရာဟုလာအား သီလ၏ တန်ဖိုးကို သိလွယ်အောင် ရုပ်မြင်သံကြားနည်းဖြင့် ဟောတော်မူခဲ့ဖူးလေသည်။

ခေတ်သစ်စိတ်ပညာက အငွေ့ဖြစ်အောင် မီးတိုက်ပြီး သန့်စင်သောအခါမှ ပြန်၍ခဲစေသောနည်း Method of Sublimation ကို အသုံးပြုတတ်ပါသည်။ ထိုနည်းသည် အတွေးနှစ်ခုသည် တစ်ပြိုင်နက်တည်း မဖြစ်ပေါ်နိုင်ဆိုသော သဘောတရားကို အခြေခံသည်။ မြတ်စွာဘုရားကလည်း ဝိသက္ကသဏ္ဌာနသုတ်တွင် ငုတ်ကို ငုတ်ဖြင့် တူးဆွရသလို၊ ဆူးကို ဆူးဖြင့် ထွင်ရသလို၊ ဒုစရိုက်စိတ်၊ အကုသိုလ်စိတ် တစ်ခုကို ၎င်း၏ ဆန့်ကျင်ဘက် အတွေးဖြင့် သုတ်သင်ရှင်းလင်းရပုံကို ဟောကြားတော်မူခဲ့လေသည်။ မုန်းတီးသော ဒေါသစိတ်ကို ချစ်ခင်သော မေတ္တာစိတ်ဖြင့် သုတ်သင်ဖယ်ရှားရသည့် သဘောကို ဆိုလိုသည်။

ခေတ်သစ် စိတ်ပညာက ပညာသင်ကြားရာ၌ ဟာဗေရှန်နည်း Herbatian Method ကို အသုံးပြုရန် သင်ကြားပေးသည်။ ထိုနည်းအရ ပြဿနာကို ဆရာက ပါဝင်ဖြေရှင်းပေးခြင်း မပြုဘဲ တပည့်များဘာသာ ဖြေရှင်းစေသောနည်းဖြစ်သည်။ တပည့်ကို ဆရာက တစ်စုံတစ်ခုသော အစိတ်အပိုင်းအထိ လမ်းညွှန်ပြပြီးနောက် ထိုပြဿနာကို တပည့်အား ဆက်လက်ပြေလည်အောင် ဖြေရှင်းခိုင်းသောနည်း ဖြစ်သည်။ ဤနည်းသည်လည်း မြတ်ဗုဒ္ဓ ကျင့်သုံးတော်မူသောနည်းနှင့် ထပ်တူထပ်မျှပင် ဖြစ်သည်။

ဤနည်းကို ဗုဒ္ဓမြတ်စွာဘုရားသည် ကိသာဂေါတမီကိစ္စတွင် အသုံးပြုတော်မူခဲ့လေသည်။ သားသေဆုံး၍ ယူကျုံးမရဖြစ်ကာ ဆောက်တည်ရာမဲ့ဖြစ်နေသောကိသာဂေါတမီက သူ့သားအသက်ပြန်ရှင်အောင် မြတ်စွာဘုရားကယ်တော်မူပါဟု တောင်းဆိုလေသည်။ ထိုအခါ မြတ်စွာဘုရားက 'ချစ်သမီးကိသာဂေါတမီ၊ လူသေဖူးခြင်းမရှိသော အိမ်မှ မုန်ညင်းစေ့ကိုရလျှင် သင့်သားအသက်ပြန်ရှင်စေနိုင်သည်' ဟု ပြဿနာလုပ်၍ လူမသေဖူးသော အိမ်ကမုန်ညင်းစေ့ကိုရှာရာ နောက်ဆုံးတွင် လောက၌ လူသေဖူးခြင်းမရှိသောအိမ်ဟူ၍ မရှိကြောင်း တွေ့ရသဖြင့် ကိသာဂေါတမီ တရားရခဲ့ဖူးလေသည်။ သူ့ပြဿနာကို သူ့ဘာသာ အဖြေရှာ၍ တွေ့သွားသောနည်း ဖြစ်ပါသည်။ သောကပရိဒေဝ မီးတောက်လောင်နေသော ကိသာဂေါတမီ၏ စိတ်ရောဂါကို ဘုရားရှင်တော်မြတ် ကုသခဲ့ပုံတစ်နည်း ဖြစ်ပေသည်။

နောက် ခေတ်သစ် စိတ်ပညာက အသုံးပြုသော 'ဟီယူရစ္စတစ်နည်း' Hieuristic Method ထိုနည်းအရ လူတစ်ဦးကို သတိသံဝေဂရအောင် အခွင့်အခါကို စောင့်၍ သင်ကြားဆုံးမရသောနည်း ဖြစ်သည်။

ဤနည်းသည် ဘုရားလောင်း ဧကပတ္တဇာတကတွင် အသုံးပြုသောနည်းနှင့် ထပ်တူထပ်မျှ တူနေပေသည်။ ဤတွင် ဗောဓိသတ္တဘုရားလောင်းကမင်းသားငယ်တစ်ပါးအား အမျက်ဒေါသကြီးခြင်း၏ အပြစ်ကို ပြရန် အခွင့်ကိုစောင့်၍ သွန်သင်သောနည်းကို အသုံးပြုခဲ့လေသည်။

ဘယ်ဘာသာတရားမှာမှ စိတ်ကို ဤမျှလောက် အသေးစိတ်၊ အနုစိတ် ခွဲခြမ်းစိတ်ဖြာလေ့လာသော အဘိဓမ္မာတရားမျိုး မရှိချေ။ ဗုဒ္ဓဘာသာတရားတော်အရ စိတ်သည် အထည်ဒြပ်ရှိသော အတ္တမျိုးမဟုတ်၊ ဖြစ်ပြီးပျက်သွားသော သိမှုတို့၏ အစဉ်အဆက် ဖြစ်ပေါ်နေသော တရား အနတ္တမျိုး၊ အနိစ္စမျိုးသာဖြစ်ကြောင်းကို ပြည့်ပြည့် စိတ်၏ ဖြစ်ပေါ်မှု လျင်မြန်ပုံကိုလည်း စိတ်တစ်ခဏတွင် ကုဋေတစ်သိန်းဖြစ်ပျက်နိုင်ကြောင်းကိုလည်း ဟောကြားတော်မူလေသည်။

ထို့ကြောင့် စိတ်အစဉ်သည် မြစ်ရေ အလျင်နှင့် တူကြောင်းကိုလည်း ဟောတော်မူခဲ့လေသည်။ လူ့စိတ်သည်လည်း သိမှုတစ်ခုပြီးနောက် ဆက်ကာဆက်ကာ ဖြစ်လိုက် ပျက်လိုက်၊ ထပ်ဖြစ်လိုက်ဖြစ်နေသော အစဉ်အဆက် သိမှုတစ်ခုသာဖြစ်၍ သိသူဟူ၍ သီးခြားမရှိကြောင်း ဖော်ထုတ်တော်မူခဲ့လေသည်။ ဗုဒ္ဓ၏ အယူတွင် ဝိညာဉ်ကောင်၊ အတ္တကောင်မရှိ။ စိတ်ဟူသည် ပစ္စုပ္ပန်တည့်တည့်တွင် အာရုံနှင့် အာရုံဒွါရတိုက်ဆိုင်ပြီး ပေါ်လာသော သိမှုအစဉ်သာ ဖြစ်သည်။ အနတ္တသဘောသာ ဖြစ်သည်။

ခေတ်သစ်စိတ်ပညာကလည်း စိတ်ကို အမျိုးမျိုး ခွဲခြမ်းစိတ်ဖြာလေ့လာနေရာ သိမှုအဆင့်ကို လေးမျိုးလေးစား ခွဲခြားထားသည်။ ဗုဒ္ဓဝါဒကမူ စိတ်ကိုတရားသေ သတ်မှတ်၍မရ၊ စိတ်သည် ရှုပ်ထွေးသော စေတသိက်များ၏ ခဏမျှသာတည်ပြီး ချက်ချင်း ပျောက်လွင့်သွားသော အလျင်တစ်ခုသာ ဖြစ်ကြောင်းယူသည်။ စိတ်ပညာမှာကဲ့သို့ပင် စိတ်ဟူသော နာမ်ခန္ဓာကို ဗုဒ္ဓဘာသာမှာလည်း လေးမျိုးခွဲ၍ယူသည်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဟူ၍ ဖြစ်သည်။

ခေတ်သစ်စိတ်ပညာက စေတနာ ဦးဆောင်သော စိတ်ပိုင်းကို ပို၍အလေးအနက်ထားသည်။ စေ့ဆော်တိုက်တွန်းသော စိတ်သဘာဝများကိုသာ ၎င်းတို့က လေ့လာပြီး၊ အဆုံးအဖြတ်ပေးသော စိတ်သဘာဝကိုမူ နားမလည်ကြချေ။ အမှား၊ အမှန်၊ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားဆုံးဖြတ်သော စိတ်သဘာဝကို လေ့လာရာတွင်မူ ခေတ်သစ် စိတ်ပညာထက် ဗုဒ္ဓစိတ်ပညာကများစွာ သာလွန်ခဲ့ပေသည်။ ဤအချက်တွင် ခေတ်သစ်စိတ်ပညာနှင့် ဗုဒ္ဓ၏စိတ်ပညာသည် သိသိသာသာ ကွာခြားသွားသည်။ ခေတ်သစ်စိတ်ပညာရှင်သည် ကိုယ်ကျင့်တရား (သီလ၏) တန်ဖိုးများကို အရေးထား၍ မစဉ်းစားလိုပေ။ ခေတ်သစ်စိတ်ပညာက အမှားနှင့်အမှန် ခွဲခြားတတ်အောင်၊ ကုသိုလ်နှင့်အကုသိုလ်ကို ပိုင်းခြားနားလည်အောင် မသင်ပေးနိုင်ချေ။

ဗုဒ္ဓဘာသာကသာ စိတ်၏ အပြုအမူများနှင့် ကိုယ်ကျင့်တရားဆိုင်ရာဥပဒေသများ ဆက်စပ်နေပုံကို ဟောကြားဆုံးမတော်မူနိုင်သည်။ စိတ်သဘာဝနှင့် စိတ်၏ လုပ်ဆောင်ချက်များကို ဗုဒ္ဓဘာသာလောက် ဘယ်ခေတ်သစ်စိတ်ပညာကမှ ရှင်းလင်းအောင် ခွဲခြမ်းစိတ်ဖြာ ပြသနိုင်စွမ်းမရှိချေ။ ဗုဒ္ဓဘာသာမှတစ်ပါး ဘယ်ခေတ်သစ်စိတ်ပညာကမှ လူ့စိတ်ကို ခွဲခြမ်းစိတ်ဖြာပြီးလူ့ဘဝ၏ သာယာချမ်းမြေ့မှုသို့ရောက်အောင် ဦးဆောင်လမ်းပြနိုင်ခြင်းလည်းမရှိပါ။

ဓမ္မရုပ်စုံမဂ္ဂဇင်း
၁၉၉၃ ခုနှစ်၊ ဩဂုတ်လ

## ဗုဒ္ဓအနုပညာ၏ အနက်အဓိပ္ပာယ် ထိရောက်မှု

ဗုဒ္ဓဘာသာထွန်းကားခဲ့ဖူးသော၊ ဗုဒ္ဓဘာသာထွန်းကားဆဲနိုင်ငံများ၌ အလွန်ထင်ရှားသော အခြင်းအရာတစ်ရပ်မှာ ဗုဒ္ဓအနုပညာနှင့် ဗုဒ္ဓဗိသုကာလက်ရာများ အထင်အရှားတည်ရှိနေခြင်းပင် ဖြစ်ပါသည်။ ဗုဒ္ဓအနုပညာလက်ရာများနှင့် ဗုဒ္ဓဗိသုကာပညာများ ထင်ထင်ရှားရှား တည်နေခြင်းသည် ဂိုဏ်းဂဏအားလုံးမှာပင် ဖြစ်သည်။ ထေရဝါဒနိုင်ငံများမှာလည်း ဖြစ်သည်။ မဟာယာနနိုင်ငံများမှာလည်း ဖြစ်သည်။ ရှေးက ဗုဒ္ဓဘာသာအနုပညာလက်ရာများသည် ဗုဒ္ဓဘာသာနိုင်ငံများ၌ လူအများအား ဗုဒ္ဓဘာသာဝင်များအား ပညာသင်ကြားရေး အထောက်အကူပစ္စည်းများ ဖြစ်ကြလေသည်။

ရှေးအခါကမူ ယခုခေတ်မှာလို စာအုပ်စာပေလည်း ပေါများခြင်း မရှိသေး။ စာဖတ်တတ်သူလည်း ပေါများခြင်း မရှိသေး။ ထိုခေတ်အခါမျိုးတွင် ဗုဒ္ဓဘာသာနိုင်ငံများ၌ ရဟန်းသံဃာတော်များသည် ဓမ္မစာပေများကို သင်ကြားပို့ချကြသော ဓမ္မကထိကဆရာသမားများ ဖြစ်ခဲ့ကြလေသည်။ ဓမ္မအကြောင်းအရာများကို သံဃာတော်များက နှုတ်တိုက်သင်ကြားပို့ချခြင်းဖြင့်လည်းကောင်း၊ တရားဟောကြားခြင်းဖြင့်လည်းကောင်း ပျံ့နှံ့အောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။ ထိုအခါကပင် အနုပညာလက်ရာများသည် သင်ကြားပို့ချမှု၏ သွင်ပြင်တစ်ရပ် ဖြစ်ခဲ့သည်။ ၎င်းကို ရုပ်မြင်ပညာရေးဟု ခေါ်သင့်သည်။ စာမတတ်ကြသေးသောခေတ်တွင် ရုပ်မြင်ပညာရေးသည် အလွန်ထိရောက်သော ပညာပေးနည်း ဖြစ်သည်။

ဤနည်းဖြင့် လူပြိန်းများအား သင်ကြားပို့ချခြင်းသည် အဓိပ္ပာယ်ကို ဆောင်ယူနိုင်သည်မဟုတ်ဘဲ လူတို့၏ ကြည်ညိုသဒ္ဓါစိတ်ကိုပါ ပွားများအောင်

ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာနိုင်ငံများ၌ တည်ထားခဲ့ကြသော အနုပညာ လက်ရာများနှင့် ဗိသုကာလက်ရာများသည် ရှိခိုးကိုးကွယ်ရာဌာန များအဖြစ်သာမကဘဲ လူတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံများ၌ ကုသိုလ်စိတ် တိုးပွားအောင်၊ ဖြောင့်မတ်အောင် ပြုပြင်သင်ကြားရာ အထောက်အကူပြု ပစ္စည်းများလည်း ဖြစ်ခဲ့ကြလေသည်။

မဟာပရိနိဗ္ဗာနသုတ်တော်တွင် မြတ်စွာဘုရားအား အရှင်အာနန္ဒာက မည်သို့သော ပုဂ္ဂိုလ်အား စေတီတည်ထားထိုက်ပါသနည်းဟု မေးမြန်းရာ မြတ်စွာဘုရားက ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စကြဝတေးမင်းတို့သည် စေတီတည်ထားထိုက်သူများဖြစ်ကြောင်း ဖြေကြားတော်မူလေသည်။ ထို့ပြင် စေတီပုထိုးများကို မြင်ရသောသူများ၏ စိတ်တွင် ဤကား သဗ္ဗညု မြတ်စွာ ဘုရား၏ ဓာတ်တော်မွေတော်များတည်ထားရာ စေတီပုထိုးများပင်တည်း ဟူသော သတိရအောက်မေ့စရာ အမှတ်သညာသည် ပေါ်လာလတ္တံ့၊ ထိုအခါ ထိုကြည်ညိုသူ၏ နှလုံးတွင် ငြိမ်းချမ်းသော ငြိမ်သက်မှုနှင့် ဝမ်းမြောက်ခြင်း ချမ်းသာကို ခံစားကြရလိမ့်မည်ဟုလည်း မိန့်တော်မူခဲ့လေသည်။

ထို့ကြောင့် စေတီပုထိုးများသည် ဘုရား၊ ရဟန္တာတို့အား အထိမ်းအမှတ် ပြုရုံသက်သက် မဟုတ်ဘဲ ထိုစေတီပုထိုးများကို ဖူးမြော်သူတို့မှာ ဘုရား၊ တရား၊ သံဃာ၌ အောက်မေ့သတိရသောစိတ်ကို ဖြစ်ပေါ်စေလိမ့်မည်။ ထိုကဲ့သို့ ဘုရား၊ တရား၊ သံဃာ၊ မင်းကောင်း မင်းမြတ်တို့၌ သတိရအောက်မေ့ကြည်ညို သောစိတ်သည် ကုသိုလ်ဇောကို တိုးပွားစေနိုင်ပါသည်။ လူ့စိတ်ကို ပိုမိုမြင့်မြတ် ကောင်းမွန်သောအဆင့်သို့ရောက်အောင် ပို့ဆောင်ခြင်းသည် ပညာရေး၏ ပဓာနကျသော ရည်မှန်းချက် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များ၏ အလေးအမြတ်ပြုရာ စေတီများကို အများအားဖြင့် တောင်ထိပ်များပေါ်တွင် တည်ထားကြသည်ကို အစဉ်အလာတစ်ခုသဖွယ် တွေ့ရှိရသည်။ တောင်ကုန်းတောင်ထွတ်များပေါ်၌ စေတီများကို တည်ထား ခြင်းသည် အကြောင်းရှိသည်။

တောင်ထိပ်ပေါ်တွင် တည်ထားသော စေတီတော်များကို ဖူးမြင်ရသည်မှာ အမြင့်ဆုံးနေရာ၌ အလင်းရောင်ကို မြင်ရသည်နှင့် တူသည်။ ဤဗိသုကာ လက်ရာသည် ဘဝ၏ အထွတ်အမြတ်ပြုရာ၊ ဆင်းရဲခပ်သိမ်းချုပ်ရာငြိမ်းရာ မြတ်နိဗ္ဗာန်ကို ကိုယ်စားပြုသည်။ ပရမ်သုခံ၏ သင်္ကေတ ဖြစ်သည်။

တောင်ထိပ်ပေါ်တွင် စေတီတည်ထားခြင်းသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ သွားရာ ဘဝခရီးသည် အတက်ခရီးဖြစ်ကြောင်း ပြည္သန်းခြင်း ဖြစ်သည်။ စေတီ တော်ကို အနီးကပ်ဖူးရန်အတွက် အဆင့်ဆင့်သော လှေကားထစ်များကို ကျော်

တက်၍ တောင်တက်ခရီးကို သွားရသကဲ့သို့ မင်ဖိုလ် နိဗ္ဗာန်သို့ သွားရာလမ်းသည်လည်း ခက်ခဲပင်ပန်းသော တောင်တက်ခရီးနှင့်တူကြောင်းကို သိစေလို၍ စေတီများကို ရှေးလူကြီးများသည် မြင့်သောမြတ်သော တောင်ထွတ်တောင်ထိပ်များပေါ်တွင် တည်ထားခဲ့ကြသည်ဟု ဆိုသည်။

ဗုဒ္ဓဘာသာဝင်များ သွားရမည့် ဘဝခရီးသည် အမြင့်ဆုံး၊ အမြတ်ဆုံးသော နေရာသို့ရောက်အောင်သွားသော တောင်တက်ခရီးနှင့် တူကြောင်းကို သိသာစေရန် ဤကဲ့သို့ စေတီတော်များကို တောင်ကုန်းမြေမြင့်၊ တောင်ထိပ်များပေါ်တွင် တည်ဆောက်ခဲ့ကြခြင်း ဖြစ်လေသည်။ မြေပြင်ပေါ်မှာ တည်ထားသော စေတီများကိုပင် လူတို့ပြုပြင်သော တောင်ကုန်းမြေမြင့်ရာ အရပ်တွင်သာ တည်ထားလေ့ရှိပါသည်။

အဆင်တန်ဆာများဖြင့် ပြုပြင်ထားသော စေတီမျိုးသည် တစ်ချိန်တုန်းက အိန္ဒိယနိုင်ငံတောင်ပိုင်း အမရာဝတီတွင် ရှိခဲ့ပါသည်။ ဂျာဗားကျွန်းရှိ ဘိုရိုဘူဒိုပုထိုးတော်ကြီးသည်လည်း ထိုအမျိုးအစားတွင် ပါဝင်ခဲ့ပါသည်။ အိန္ဒိယတောင်ပိုင်းရှိ အမရာဝတီစေတီတော်တွင် အဆန်းတကြယ် ပြုလုပ်ထားသော အဆင်တန်ဆာများပါသည်။ ဗုဒ္ဓ၏ ဖြစ်စဉ်တော်ကို ဖော်ပြထားသော ကျောက်ဆစ်ရုပ်တော်များလည်း ပါသည်။ စေတီတော်၏ လုံးပတ်ပေါ်တွင် ဇာတကရုပ်ကြွများ ထွင်းထုထားတတ်ကြသည်။ စေတီတော်ကို လှည့်ပတ်၍ ကြည်ညိုသူသည် ဤရုပ်လုံးရုပ်ကြွများဖြင့် သရုပ်ဖော်ထားသော ဗုဒ္ဓဝင်ဇာတ်ရုပ်များကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

စာမတတ်သူများ ပေါများသောခေတ်များတွင် ဤဗုဒ္ဓဝင် ဇာတကရုပ်လုံးရုပ်ကြွများသည် လူများအား ပညာပေးသော အနုပညာ လက်ရာကောင်းများဖြစ်ခဲ့ကြလေသည်။ စာမဖတ်တတ်သူဖြစ်စေ ဤဗုဒ္ဓ ဖြစ်တော်စဉ် ရုပ်လုံးရုပ်ကြွများကို မြင်ရသောအခါ မြတ်ဗုဒ္ဓ၏ ကြီးကျယ်မြင့်မြတ်သော အခြင်းအရာကို ကြည်ညိုလေးစားရသောစိတ်ဖြင့် တွေ့မြင်ရပေမည်။ ဥပမာ- အမရာဝတီတွင် နာဠာဂိရိဆင်ကို အောင်သော မေတ္တာစာတ်ဖြင့်အောင်ခြင်းအကြောင်းအရာကို ရုပ်ကြွင်းရုပ်ကြွထုလုပ်ထားရာ ဘုရားဖူးများ၏ စိတ်တွင် အရက်ကိုးမောင်းတိုက်ထားသဖြင့် မူးရူးနေသော တိရစ္ဆာန်ဆင်ကြီးကိုပင် မြတ်ဗုဒ္ဓ၏ ကြီးမားလှသော မေတ္တာဓာတ်၏ တန်ခိုးရှိန်စော်အာနုဘော်က အောင်နိုင်သော အစွမ်းသတ္တိရှိကြောင်းကို ချက်ချင်းသဘောပေါက် နားလည်သွားနိုင်ပါသည်။ ထို့ကြောင့် စေတီတော်ပတ်လည်တွင် အဆင်တန်ဆာပြုထားသော ဇာတ်နိပါတ်တော် သရုပ်ဖော် ကျောက်ဆစ်ရုပ်ကြွများက ဘုရားဖူးပရိသတ်အား ကောင်းစွာ ပညာပေးနိုင်ခဲ့ပါသည်။

ဘိုရိုဘူဒိုသည်လည်း အလွန်အဆင်တန်ဆာများသော ပုထိုးတော်ကြီး ဖြစ်ပါသည်။ စေတီတော်ကြီးမှာ ဘုရားဖူးများ ထိပ်ဖျားအထိ တက်ရောက်၍ ကြည်ညိုနိုင်သော ဗိသုကာလက်ရာတောင်ကုန်းကြီးသဖွယ် ဖြစ်ပါသည်။

စေတီတော်တွင်းသို့ ဝင်လိုက်သည်နှင့် မကန်းကွက်များ ဖော်ထားသော တံခါးကို မြင်ရပေသည်။ မကန်းသည် ကာလ၏ ဖျက်ဆီးတတ်သော သဘောကို ဖော်ဆောင်သည်။ ဇာတိ၊ ဇရာ၊ မရဏာကို မြင်လွယ်စေရန် ဖော်ပြထားခြင်း ဖြစ်သည်ဟု ဆိုသည်။ ဘိုရိုဘူဒိုစေတီတော်ကို လက်ယာပခုံးမှာထား၍ အတွင်းသို့ ဝင်သွားလျှင် ထိုသူသည် အံ့ဖွယ် ဗိသုကာလက်ရာများကို တစ်ဆုံး မြင်တွေ့ရပေမည်။ ထိုနေရာတွင်လည်း မြတ်ဗုဒ္ဓ၏ ဇာတကဝတ္ထုများကို ရုပ်လုံးဖော်ထားသော အနုပညာလက်ရာများကို တွေ့ရသည်။ ဤအကြောင်းများကို လာလိတဝိတ္ထာရကျမ်းတွင် ဖော်ပြထားပါသည်။ ထိုကျမ်းကို ဖတ်ရသောအခါ ဆာအက်ဒဝင်အာနိုးသည် သူ၏ ကျော်ကြားသော 'အာရှ၏ အလင်းရောင်' ကဗျာရှည်ကြီးကို ရေးသားလိုစိတ် ဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။

စေတီတော်၏ အထက်ပိုင်းသို့ လှမ်းတက်သွားပြီး အပေါ်ဆုံးအဆင့်သို့ ရောက်သောအခါ မကန်းရုပ်များပါသော တံခါးပေါက်များကို မတွေ့ရတော့ပေ။ ဘုရားဖူးပုဂ္ဂိုလ်သည် ဖျက်ဆီးတတ်သောကာလ မကန်း၏ ရန်ကို အောင်မြင်သွားသည့်သဘောကို ဖော်ပြထားသည်။ သံသရာခရီးသည်သည် ဘဝ၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်သို့ ရောက်သောအခါ သူ့အဖို့ ပြုဖွယ်ကိစ္စအားလုံး ပြီးဆုံးခြင်းသို့ ရောက်ပြီဆိုသော သဘောကို သိမြင်လာရပေတော့သည်။ သူ့အဖို့ နောက်ထပ် ပြုဖွယ်ကိစ္စမရှိတော့ပြီဆိုသည်ကို ဖော်ပြခြင်း ဖြစ်သည်။

ထို့အတူ မြတ်ဗုဒ္ဓ၏ ရုပ်ပွားဆင်းတုတော်များကလည်း သီးခြားအနက်အဓိပ္ပာယ်များကို ဆောင်လျက်ရှိပါသည်။ ဥပမာ- ဓမ္မစကြာ မုဒြာဆိုလျှင် မြတ်စွာဘုရားသည် သတ္တဝါတို့အတွက် ငြိမ်းရာအေးရာ မြတ်နိဗ္ဗာန်သို့ ပို့ဆောင်သော ဓမ္မရေအေးအမြိုက်ဆေးကို တိုက်ကျွေးနေခြင်း အနက်အဓိပ္ပာယ်ကို ဆောင်ပါသည်။ ထို့အတူ အဘယ မုဒြာဆိုလျှင်လည်း စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း ဘေးအပေါင်း၊ ရန်အပေါင်း ကင်းဝေးရာ နည်းလမ်းကို ပြညွှန်သော အနက်အဓိပ္ပာယ်ကို ဆောင်ပါသည်။ ဗုဒ္ဓ၏ ရုပ်ပွားဆင်းတုတော်များကို မုဒြာအမျိုးမျိုးဖြင့် ထုလုပ်ကိုးကွယ်ကြပါသည်။ မြန်မာနိုင်ငံတွင် တွေ့မြင်ကြရသော ဗုဒ္ဓရုပ်ပွားတော်များမှာ အများအားဖြင့် ဘူမိဖဿမုဒြာ ဖြစ်ပါသည်။ ထိုမုဒြာသည် ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူသော အောင်တော်မူမုဒြာ ဖြစ်သည်။ ထင်ရှားကျော်ကြားသော အဘယဂီရိဝိဟာရရှိ ဆင်းတုတော်ကြီးမှာ ဈာနမုဒြာ ဖြစ်ပါသည်။ မြတ်စွာဘုရား သမာပတ်ဝင်စားနေသော ပုံတော် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ အနုပညာရပ်များ၏ ထူးခြားမှုများမှာ စေတီရုပ်ပွားဆင်းတု တော်များမှာသာ ပေါ်လွင်ထင်ရှားသည်မဟုတ်။ ရုပ်ပွားဆင်းတုတော်များတည် ထားရာ တန်ဆောင်းပြာသာဒ်ကြီးများ၌လည်း ထင်ရှားကြောင်း ဒေါက်တာ ပရာနာဝိတ္တာနက ဆိုပါသည်။ ဘုရားတန်ဆောင်း ပြာသာဒ်များသည် ဓမ္မ ပသာဒသဘောကို ဆောင်သည်။ တန်ဆောင်းများ၏ အောက်ခင်းပြင်သည် ဘဝစကြာ (သံသရာ) ၏ အနက်ကို ဆောင်သည်။ ထိုမှအပေါ်သို့ ပျံတက် သွားသော ဘုံအဆင့်ဆင့်နှင့် အညွန့်အတောင်များမှာ မီးလျှံသဖွယ်ဖြစ်ပြီး ဘဝ၏ မမြဲခြင်း အနိစ္စသဘောကို ဖော်ပြပါသည်။ တံကဲများတွင် ပန်းကနုတ် များ၊ ရုပ်လုံး ရုပ်ကြွများဖြင့် သရုပ်ဖော်ကြရာ၌လည်း ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သဘောကို ဖော်ဆောင်ထားပါသည်။ ဗုဒ္ဓဆင်းတုတော်များ တည်ထား ကိုးကွယ်ရာ တန်ဆောင်းများသည် သီလ၊ သမာဓိ၊ ပညာသဘောကို ဖော် ဆောင်ထားပါသည်။

ဗုဒ္ဓအနုပညာများတွင် နံရံဆေးရေးပန်းချီများသည်လည်း တစ်ခန်း တစ်ကဏ္ဍပါပါသည်။ သီရိလင်္ကာနိုင်ငံရှိ ဝိဟာရများတွင် ထိုပန်းချီများ ယခု တိုင်ပင် ထင်ရှားရှိပါသည်။ ပုဂံပုထိုးများတွင်လည်း နံရံဆေးရေးပန်းချီများ ယခုတိုင် ထင်ရှားရှိပါသေးသည်။ ထိုပန်းချီကားများကလည်း လူအများ ဘဝ ကောင်းမွန်မြင့်မြတ်ရေးအတွက် ပညာပေးသော အရာများ ဖြစ်ကြပါသည်။

အာဂျန်တာနှင့် နာရာရှိ ဗောဓိသတ္တရုပ်ပွားတော်များသည် သတ္တဝါတို့၏ လောကကို ဗုဒ္ဓက ကရုဏာတော်ဖြင့် ကြည့်ရှုနေဟန်ကို ဖော်ညွှန်းထားကြပါ သည်။ ဗုဒ္ဓအနုပညာလက်ရာများကို လေ့လာကြည့်မည်ဆိုလျှင် ဇာတ်ဝတ္ထု များကို ရုပ်လုံးရုပ်ကြွများဖြင့် ဖော်ပြထားခြင်းသည် သံသရာ၌ အဖန်တလဲလဲ ကျင်လည်ခြင်းသဘောကို သိမြင်ခံစားရမည် ဖြစ်သည်။

သို့သော် မြတ်ဗုဒ္ဓ၏ ရုပ်ပွားဆင်းတုတော်များက သံသရာမှ ထွက်မြောက် ပြီးသော အန္တိမဘဝကို ဖော်ပြသည်။ ပြုဖွယ်ကိစ္စအားလုံး ပြီးဆုံးခြင်းအနက်ကို ဖော်ပြသည်။ မြင့်သော မြတ်သော အရပ်မှာ တည်ထားသော စေတီတော်များ က နိဗ္ဗာန်ကို ရည်ညွှန်းသည်။ ရုပ်ပွားတော်များ တည်ထားရာ တန်ဆောင်း တော်များသည်ပင်လျှင် ဓမ္မပသာဒအဖြစ် ဖော်ပြသော သင်္ကေတများဖြစ်ကြ ပေရာ ထိုပသာဒကိုကြည့်ပြီး အနိစ္စသဘော သီလ၊ သမာဓိ၊ ပညာ သဘောများ ကို ခံစားတတ်ဖို့ သိမြင်နားလည်တတ်ဖို့ လိုပါကြောင်း ဖော်ပြအပ်ပါသည်။

**ဓမ္မရုပ်စုံမဂ္ဂဇင်း**

**၁၉၉၃ ခုနှစ်၊ ဇွန်လ**

[illegible]

[illegible]

[illegible]

[illegible]

[illegible] ၁၃၅၆

# ဗုဒ္ဓ၏ လောကီကြီးပွားချမ်းသာကြောင်းတရား

ကျွန်တော် ဗုဒ္ဓဘာသာ အကြောင်းကို လေ့လာစက ဤတရားသည် လောကုတ္တရာ ချမ်းသာရေးတရားသာ ဖြစ်လိမ့်မည်ဟု ထင်နေခဲ့လေသည်။ ထိုသို့ ထင်မြင်ယူဆခြင်းမှာ သွန်သင်ဆုံးမသူ ဆရာသမား မိဘများကြောင့်လည်း ဖြစ်နိုင်သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြင်းအရာများကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဆရာသမား မိဘများက ဘုရားတရားသံဃာ ရတနာ မြတ်သုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံအကြောင်းကို ပြောသောအခါမှာ ဖြစ်စေ၊ ဒါန သီလ ဘာဝနာအကြောင်းကို ပြောသောအခါမှာဖြစ်စေ သံသရာဘေးကို ဦးစားပေး၍ ပြောလေ့ရှိသည့်ပြင် လောကုတ္တရာတရားဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ အထွတ်အထိပ်ထား၍ ပြောဆိုဆုံးမသောကြောင့် ဖြစ်ပါသည်။ နောက်ပြီး ဒါနသီလနှင့် စကားစပ်၍ပြောသောအခါတိုင်းမှာလည်း 'ရေဘူးနှင့် ဖိနပ်မပါ၊ နွေခါမှသိ၊ ဒါနနှင့် သီလမပါ၊ သေခါမှသိ' ဟု သေပြီးနောက် ဘဝသံသရာ အကျိုးကိုသာ အထွတ်တပ်၍ ပြောဆိုဆုံးမကြပါသည်။

ဝိသုဒ္ဓိမဂ်လို ကျင့်စဉ်တရားများကို လေ့လာသောအခါမှာလည်း အဓိကမှာ လောကီချမ်းသာအတွက် မဟုတ်ဘဲ ဘဝလွတ်မြောက်မှု အတွက် လောကုတ္တရာ ချမ်းသာအတွက်သာ ရည်ရွယ်ကြောင်းမှာ ထင်ရှားပါသည်။

ထိုအခါများက ကျွန်တော်တို့လို အနောက်တိုင်း အတွေးအခေါ်တွေ လွှမ်းမိုးခံရသော လောကီသား ပုထုဇဉ်များအနေနှင့် လောကီကိုသာ အထင်ကြီးစိတ် ရှိရသေးကား လောကီဘဝကောင်းစားရေးမပါသော ဘယ်အယူဝါဒကိုမျှ လှိုက်လှိုက်လှဲလှဲ လက်ခံလိုစိတ် မရှိခဲ့ပါ။

ဗုဒ္ဓမြတ်စွာဘုရားသည် နတ်ဘုရား (God) မဟုတ်၊ မဟာလူသားဘုရား ဖြစ်သည်။ လောကီထဲမှာ လူမင်းစည်းစိမ်ဖြင့်လည်း နေတော်မူခဲ့သည်။ လူမှု ပတ်ဝန်းကျင်မှာလည်း အသက်ရှင်လျက် ကျင်လည်ကျက်စားခဲ့လေသည်။ ထို့ ကြောင့် မြတ်စွာဘုရားသည် လူသားတို့၏ ဆင်းရဲခြင်း ပြဿနာအားလုံးကိုပင် သိမြင်ခဲ့ပြီး ဖြစ်လေသည်။ ဗုဒ္ဓက သတ္တဝါတွေ ဆင်းရဲရခြင်းသည် တပ်မက် ခြင်း တဏှာကြောင့်၊ သံယောဇဉ်ကြောင့်၊ ဥပါဒါန်ကြောင့် ဖြစ်ရကြောင်းကို သမုဒယ အကြောင်းထား၍ ဟောညွှန်ပြတော်မူခဲ့လေသည်။

ထိုအချက်ကို ခေတ်သစ်အတွေးအခေါ် ပညာရှင် ဆိုသူတွေက အရင်း အမြစ်နှင့်တကွ နားမလည်ခဲ့။ ထို့ကြောင့် လူတို့ ဆင်းရဲရခြင်းသည် စီးပွားရေး ကြောင့်၊ နိုင်ငံရေးကြောင့်၊ စစ်ရေးကြောင့်ဟု အပေါ်ယံသဘောများကို ကပ်၍ အကာ၌ ကပ်သောစကားများကို ဆိုကြလေသည်။ နောက်ပြီး လောကီဘဝ ချမ်းသာချင်လျှင် စီးပွားရေးရှင်သန်ကြီးပွားအောင် လုပ်ရမည်ဆိုသော အကာ၌ ကပ်သော အမြင်ကို ပြောကြသည်။ ရုပ်ဝတ္ထုပစ္စည်းတွေ၊ စည်းစိမ်ဥစ္စာတွေ ပေါ်များလျှင် လောကချမ်းသာမည်ဟု ထင်ကြသည်။ ထိုအမြင်သည် မှန်ကန် သော အမြင်မဟုတ်ကြောင်းကို ခေတ်အမြင်ရှိသူတိုင်း သိပြီး ဖြစ်ပါလိမ့်မည်။ ပစ္စည်းဥစ္စာများလေ စိတ်ပင်ပန်းဆင်းရဲရလေ ဖြစ်သည်ကို ချမ်းသာသော နိုင်ငံ များသို့ ရောက်ဖူးသူတိုင်း သိကြပါသည်။

စင်စစ် ထိုအမြင်သည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ လူသားသည် ပစ္စည်းဥစ္စာများပြားမှု၊ ကြီးပွားချမ်းသာမှုကို အလိုရှိအပ်သည်။ အလိုလည်း ရှိကြသည်။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝရေးသည် ကုသိုလ်ကောင်းမှုပြုရေး အတွက် အထောက်အပံ့ ပြုနိုင်သည်။ ပစ္စည်းကို အသုံးချတတ်လျှင် ထိုပစ္စည်း သည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ပင် ဖြစ်နိုင်သည်။ အရေးကြီးသည် ကတော့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝအောင် ဘယ်လို လုပ်ရမလဲဆိုသော အချက် ဖြစ်သည်။ ထိုအချက်ကို ခေတ်ပညာသဘောအရ ပြောလျှင် စီးပွား ရေးပညာဟု ခေါ်ရမည် ထင်ပါသည်။

စီးပွားရေးပညာသည် လောကီကြီးပွား ချမ်းသာကြောင်း ပညာဟုဆိုလျှင် လည်း ရမည် ထင်ပါသည်။ ထိုပညာနှင့် ပတ်သက်၍လည်း ဗုဒ္ဓမြတ်စွာဘုရား သည် လောကီကြီးပွားချမ်းသာရေးဖြစ်သော ဗုဒ္ဓစီးပွားရေးအမြင်ပညာကို ဟော တော်မူခဲ့ပါသည်။ နောင်အခါ ဤအချက်ကို ကျွန်တော် သိနားလည်လာပါ သည်။ သိနားလည်လာခြင်းမှာလည်း အကြောင်းတိုက်ဆိုင်၍ ဖြစ်ပါသည်။

တစ်နေ့သ၌ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှ ဥပနာယက ဆရာ တော်များ ရန်ကုန်ကို ကြွလာပါသည်။ ထိုဆရာတော်များကို ဖူးရန်အတွက် ကျွန်တော့် ဓမ္မမိတ်ဆွေတစ်ဦးအိမ်သို့ ရောက်လာသည်။ ထိုအိမ်တွင် ရန်ကုန်

ပရိယတ္တိတက္ကသိုလ်မှ ဒုတိယကျောင်းအုပ်နာယက ဆရာတော်ဖြစ်သော ဆရာတော် ဦးပဏ္ဍိတကို ဖူးရပါသည်။ ဆရာတော်က ထိုခေတ်က မြတ်စွာဘုရား၏ 'သမ္ပဒါတရား လေးပါး' ထူးခြားလှပုံကို ပြောဆိုဆုံးမတော်မူပါသည်။ ကျွန်တော်သည် ဆရာတော်ပြောကြားသော သမ္ပဒါတရားလေးပါးသည် ခေတ်စကားအရ ပြောရလျှင် ဗုဒ္ဓ၏ စီးပွားရေး အခြေခံသဘောတရားတွေပဲဟု ချက်ချင်း သဘောပေါက်လျက် မိမိရရ မှတ်သားထားခဲ့လေသည်။

ယခု ထိုအကြောင်းကို ပြောရမည့်အချိန်သို့ ရောက်ပါပြီ။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးအခြေခံဖြင့် ကြီးပွားရန်အတွက် ကြိုးပမ်းနေသော အချိန်ရောက်နေသောကြောင့် ဖြစ်ပါသည်။ ထိုအချိန်တွင် ဗုဒ္ဓ၏ သမ္ပဒါတရားလေးပါးကို ကျွန်တော်တို့ နှလုံးသွင်းတတ်ကြလျှင် လောကီအရ အမှန်ကြီးပွားနိုင်ကြောင်းကို ဤဆောင်းပါးတွင် ပြောလိုပါသည်။

မြတ်စွာဘုရားသည် အခါတစ်ပါး ကောလိယတိုင်း တက္ကရပတ္တရာ၌ သီတင်းသုံး၍နေပါသည်။ ထိုအခါတွင် ကောလိယတိုင်းသား ဗျဂ္ဃပဇ္ဇအနွယ်ဖြစ်သော ဒီဃဇာဏုဥပါသကာသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ဤသို့ လျှောက်ထားပါသည်။

'အရှင်ဘုရား၊ တပည့်တော်တို့ လူဒကာ၊ ဒကာမများမှာ လောကီရေး ကာမဂုဏ်စည်းစိမ်မှုကိစ္စတွေမှ မလွတ်နိုင်သေးပါ။ သို့ဖြစ်ပါ၍ ယခု ဘဝ အကျိုးလည်းဖြစ်၊ နောင်တမလွန်အကျိုးလည်းဖြစ်မည့် အဆုံးအမစကားကို မိန့်ကြားတော်မူပါ ဘုရား' ဟု ရိုသေစွာ လျှောက်ထားခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားက

'ဗျဂ္ဃပဇ္ဇ၊ လောကမှာ လုံ့လဝီရိယနှင့် ပြည့်စုံခြင်းဆိုတဲ့ ဥဋ္ဌာနသမ္ပဒါ၊ စောင့်ရှောက်ထိန်းသိမ်းမှုနှင့် ပြည့်စုံခြင်းဆိုတဲ့ အာရက္ခသမ္ပဒါ၊ ဝင်ငွေထွက်ငွေမျှတအောင် အသက်မွေးခြင်း ဆိုတဲ့ သမဇီဝိတာသမ္ပဒါနှင့် မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်း ဆိုတဲ့ ကလျာဏမိတ္တသမ္ပဒါတရားလေးမျိုးပြည့်စုံသောသူသည် ယခုမျက်မှောက်ဘဝမှာပင် ကြီးပွားချမ်းသာနိုင်တယ်' ဟု ဆုံးမတော်မူခဲ့ပါသည်။

ဤတရားက တိုသော်လည်း အလွန်ရှင်းပြီး အလွန်ထိရောက်ပါသည်။ သမ္ပဒါတရားလေးပါးနှင့် ပြည့်စုံမှုသည် ခေတ်သစ်ကာလတွင်လည်း ကြီးပွားချမ်းသာကြောင်း တရားအစစ်အမှန်ဖြစ်လျက်နေပါသည်။ ထိုအကြောင်းကို ဤဆောင်းပါးတွင် ခေတ်စီးပွားရေးပညာအမြင်ဖြင့် သုံးသပ်တင်ပြချင်ပါသည်။

ဥဋ္ဌာန သမ္ပဒါဆိုသည်မှာ မိမိအသက်မွေးဝမ်းကျောင်းပြုသော လုပ်ငန်း၌ ကျွမ်းကျင်၍ ဉာဏ်ပညာဖြင့် စူးစမ်းမြော်မြင်ဆင်ခြင်လျက် တက်တက်ကြွကြွ လုံ့လဝီရိယဖြင့် ဆောင်ရွက်ကြရမည်ဟု ဆိုလိုသည်။

ဤအချက်သည် ကုန်ထုတ်စွမ်းအားတိုးတက်မှုနှင့် ဆိုင်သည်။ အလုပ်လုပ်ရာတွင် လုံ့လဝီရိယရှိသောပုဂ္ဂိုလ်၊ လုံ့လဝီရိယရှိသော လူမျိုးဖြစ်ဖို့လိုသည်။ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ဂျပန်လူမျိုးများ ကြီးပွားချမ်းသာ၍ ကမ္ဘာ့ထိပ်ဆုံးတန်းဝင်ငွေအကောင်းဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်းမှာ အခြားအကြောင်းများအပြင် လုံ့လဝီရိယကောင်းခြင်းသည် အဓိကအကြောင်းတစ်ရပ်အဖြစ်ပါဝင်သည်။

ဂျပန်လူမျိုးများသည် တစ်နှစ်လျှင် နာရီပေါင်း ၂၀၅၀ အလုပ်လုပ်သည်ဟုဆိုသည်။ အလုပ်လုပ်သောအခါ ခိုခြင်းကတ်ခြင်းမရှိ။ တက်တက်ကြွကြွ စူးစူးစိုက်စိုက် လုပ်သည်။ လုံ့လစိုက်ထုတ်၍ အလုပ်လုပ်ရခြင်းကို ဂုဏ်ယူသည်။ ပင်ပင်ပန်းပန်းလုပ်မှ စိတ်ရောကိုယ်ပါလုပ်မှ ချမ်းသာကြီးပွားနိုင်သည်ဟု သူတို့ယုံကြည်ထားကြသည်။ ထို့ကြောင့် ဂျပန်တို့သည် အလုပ်ခွင်စည်းကမ်းကို လိုက်နာကြသည်။ အလုပ်ခွင်ထဲမှာ ဆေးလိပ်မသောက်၊ အလုပ်ခွင်ထဲမှာ စကားမပြော၊ သီချင်းမဆိုရ၊ ထိုကဲ့သို့ ဆေးလိပ်သောက်ခြင်း၊ စကားပြောခြင်း၊ သီချင်းဆိုခြင်းသည် လုံ့လလျှော့ခြင်း ဖြစ်သည်။ စိတ်ကို အနားပေးလိုခြင်းဖြစ်သည်။ ထိုသို့ မလုပ်အပ်ဟု နားလည်ထားကြသည်။ ဤကား ဂျပန်လူမျိုးများအနေနှင့် ဘုရားဟောသော ဥပဋ္ဌာန သမ္မဒါတရားကို နှလုံးထား၍ အလုပ်လုပ်နေကြကြောင်း ထင်ရှားသည်။ ထိုသို့လုပ်သည့်အတွက်လည်း လတ်တလော အကျိုးကို ခံစားနေကြရသည်။ ဤကား ကြီးပွားကြောင်းတရား၏ လက်တွေ့နမူနာပြယုဂ်တစ်ခုပင် ဖြစ်သည်။

အာရက္ခ သမ္ပဒါ ဆိုသည်မှာ မိမိ၏ ဉာဏ်အား၊ ကိုယ်အား၊ ဝီရိယအားဖြင့် နဖူးမှချွေး ခြေသို့ကျအောင် အားထုတ်လုပ်ကိုင်ပြီးမှ စင်ကြယ်စွာရသည့် စည်းစိမ်ဥစ္စာကို ရန်သူများမဖျက်ဆီးရအောင် လုံခြုံစွာ စောင့်ရှောက်ထိန်းသိမ်းနိုင်ရမည် ဖြစ်သည်။

ခေတ်စကားဖြင့်ပြောလျှင် ငွေကြေးဆိုင်ရာ လုံခြုံစိတ်ချရမှု (Security) ရှိအောင် လုပ်ဖို့လိုသည်။ ဤအချက်သည် စီးပွားရေး သဘောတရားအရ အလွန်ကျယ်ဝန်းသည်။ မိမိ၏ လုပ်အားဖြင့် ရှာဖွေရရှိထားသောငွေကြေးသည် မိမိအတွက် လုံခြုံစိတ်ချရသော ဘဝကိုလည်း ဖန်တီးပေးနိုင်ရမည်။ မိမိရှာဖွေရရှိစဉ်က ရှိခဲ့သော တန်ဖိုး လျော့မကျသွားဘဲ တိုးပွားနေဖို့လည်း လိုသည်။ ထို့ကြောင့် ထိုငွေကြေးများကို လုံခြုံစိတ်ချရသော ဘဏ်များ၌ အပ်နှံထားခြင်း၊ ကုမ္ပဏီကြီးများ၌ အစုရှယ်ယာများ ဝယ်ယူခြင်း၊ အခြားနိုင်ငံများတွင် ငွေချေးစာချုပ်များကို ဝယ်ယူခြင်း စသည့် နည်းများစွာဖြင့် လုံခြုံစိတ်ချရမှု၊ တန်ဖိုးတိုးပွားမှုကို ဖန်တီးနိုင်ပါသည်။

ကလျာဏမိတ္တ သမ္ပဒါ ဆိုသည်မှာ အဆွေခင်ပွန်းကောင်းနှင့် ပြည့်စုံခြင်းကို ဆိုလိုသည်။ စီးပွားရေးသဘောတရားအရ အဆွေခင်ပွန်းကောင်းဆိုသော စကား၏ နယ်သည် ကျယ်ဝန်းပါသည်။ စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်တော့မည်ဆိုလျှင် စီမံခန့်ခွဲမှုကိစ္စပါလာသည်။ ထိုကိစ္စသည် တစ်ယောက်ကောင်း တစ်ဦးကောင်း ဆောင်ရွက်၍မရပါ။ ကျွမ်းကျင်သူများစွာလိုလာသည်။ မန်နေဂျာများ၊ စာရင်းအင်းနားလည်သူများ၊ ကျွမ်းကျင်သော အင်ဂျင်နီယာများ၊ အရောင်းအဝယ် ကျွမ်းကျင်သူများ စသည်တို့ ဖြစ်သည်။ စီးပွားရေးလုပ်ငန်း ကျယ်ပြန့်လာလေလေ ပညာရှင်အစုအဖွဲ့ Team လိုလေ ဖြစ်သည်။ ထိုသူအားလုံးသည် တစ်လှေတည်းစီး တစ်ခရီးတည်းသွားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ထိုသူများနှင့် မပေါင်းသင်း၍ မရပါ။ ဘုရားဟောစကား၏ အနက်အဓိပ္ပာယ် မည်မျှ ကျယ်ဝန်းသည်ကို စဉ်းစားဆင်ခြင်သင့်ပါသည်။

သမာဇီဝိတာ သမ္ပဒါ ဆိုသည်မှာ ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် စီမံသုံးစွဲရမည်ဟု ဆိုလိုသည်။ ဤအချက်သည်လည်း အလွန်အရေးပါသည်။ ဘတ်ဂျက်ခေါ်သော ရငွေသုံးငွေ အစီအမံသဘောကို ဤအချက်က ဖော်ညွှန်းသည်။ တိုးတက်ကြီးပွားလာသော နိုင်ငံများတွင် ရသမျှ အကုန် သုံးမပစ်နိုင်အောင် မစုမနေရ ငွေစုဆောင်းမှု Saving အစီအစဉ်များ လုပ်ထားသည်။ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ခွင့်ရှိသူတိုင်း မိမိရငွေ၏ ၄၀ % ကို CPE ခေါ် စုငွေအဖြစ် မစုမနေရ စုရသည်။ ထိုငွေကို အလုပ်က အနားယူသောအခါမှ ထုတ်ပေးသည်။ ရှေးက မြန်မာနိုင်ငံတွင် ရှိခဲ့သော အိုနာစာရန်ပုံငွေမျိုးဖြစ်သည်။ ထိုသို့ စုဆောင်းသည့်အတွက် ငွေကြေးဈေးကွက်ကို ထိန်းချုပ်နိုင်သည်။ ဝယ်နိုင်အားကို ထိန်းထားသည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းနည်းသည်။ တိုင်းပြည်တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန် ငွေအမြောက်အမြားရသည်။ အလုပ်လုပ်သူမှာလည်း ဘဝလုံခြုံမှုရသည်။ ဤကား ဝင်ငွေထွက်ငွေကို နည်းစနစ်ဖြင့် မျှတအောင် ထိန်းချုပ်ခြင်း ဖြစ်သည်။

ထိုကဲ့သို့ ဘုရားဟော သမ္ပဒါ တရားလေးပါးနှင့်အညီ ဆောင်ရွက်လုပ်ကိုင်သောနိုင်ငံများသည် မိမိတို့မျက်မှောက်မှာပင် လောက၌ ကြီးပွားချမ်းသာနေကြကြောင်း နမူနာကောင်းများ ရှိပါသည်။ ဗုဒ္ဓဘာသာဝင် လူမျိုးတိုင်းသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော လောကီလောကုတ္တရာဆင်းရဲကင်းဝေးချမ်းသာရေး တရားများကို အချက်ကျကျ ကျယ်ကျယ်ပြန့်ပြန့် နားလည်အောင် အားထုတ်နိုင်လျှင် မုချကြီးပွားချမ်းသာနိုင်ကြောင်းကို ရေးသားဖော်ပြလိုက်ရပါသည်။

**ဓမ္မရုပ်စုံမဂ္ဂဇင်း**

**၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ**

[illegible]

[illegible]

[illegible]

[illegible]
[illegible]

# ရွှေဖြစ် ငွေဖြစ်နှင့် ပရလောက

မကြာမီရက်များအတွင်းက ကျွန်တော်တို့မိသားစု အိမ်သစ်တက်မင်္ဂလာပွဲသို့ ရောက်လာသော ခမ္မမိတ်ဆွေ ဦးဝင်းလှိုင်က သူ့မိတ်ဆွေတစ်ဦး၏အကြောင်းကို ပြောပြပြီး ကျွန်တော့်ထံမှ အကြံဉာဏ်တောင်းလေသည်။ ကျွန်တော်သည် ဂန္ဓာရီဝိဇ္ဇာမိုရ်လမ်းသို့ လိုက်စားခဲ့ဖူးသော အတွေ့အကြုံရှိသူဖြစ်ကြောင်း ဦးဝင်းလှိုင် သိထားသောကြောင့် သူ့မိတ်ဆွေ၏ အကြောင်းကို ပြောပြပြီး အကြံဉာဏ်တောင်းခြင်း ဖြစ်ပေလိမ့်မည်။

ဦးဝင်းလှိုင် ပြောပြချက်အရ သူ့မိတ်ဆွေသည် သင်္ဘောအရာရှိတစ်ဦး ဖြစ်သည်။ မကြာမီက သူ့သူငယ်ချင်းသည် ဂန္ဓာရီ ဝိဇ္ဇာလမ်းကို လိုက်သူ ဆရာတစ်ဦးနှင့် တွေ့သည်။ ထို့နောက် သမထလုပ်ငန်းများကို အပြင်းအထန် လုပ်သည်။ ထိုအခါ ဂန္ဓာရီ ဝိဇ္ဇာလမ်းလိုက်သူများ တွေ့လေ့တွေ့ထရှိသော အတွေ့အကြုံများကို တွေ့ကြုံလာရလေသည်။ ထိုအခါ ထိုသင်္ဘော အရာရှိသည် သင်္ဘောမလိုက်တော့ဘဲ ဝိဇ္ဇာလမ်းကိုသာ လိုက်တော့မည်ဟု ဆုံးဖြတ်ကြောင်း ဦးဝင်းလှိုင်က ပြောပြသည်။ ထို့နောက် ဤလုပ်ငန်းကို သံသယမကင်းသော ဦးဝင်းလှိုင်က ကျွန်တော့်ကို မေးခွန်းများထုတ်သည်။

ဝိဇ္ဇာဆိုတာ ရှိသလား၊ ဝိဇ္ဇာဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ သူတို့က ဘာတွေ လုပ်နေတာလဲ။

ကျွန်တော်က သိသမျှ နားလည်သမျှကို ဖြေသည်။ မြန်မာနိုင်ငံမှာ ဝိဇ္ဇာလမ်းလိုက်တဲ့အလုပ်က တော်တော်ဇာတ်ရှုပ်တယ်။ နားလည်ဖို့လည်း တော်တော်ခက်တယ်။ သတိကြီးကြီးနဲ့ မလုပ်ရင် ငွေကုန်ကြေးကျများ၊ အလုပ်ပျက်အကိုင်ပျက်ဖြစ်ပြီး အချိန်ကုန်လူပင်ပန်း၊ မဆုံးတဲ့လမ်းပေါ်မှာ စမ်းတဝါးဝါးနဲ့

အကျိုးမဲ့ဖြစ်တယ်။ ကျွန်တော်တောင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါးတုန်းက ငွေငါးသောင်းလောက် ကုန်ခဲ့ဖူးတယ်။ ကံကောင်းလို့ ခုလို ဝိပဿနာ လမ်းမှန်ပေါ်ကို ပြန်ရောက်ခဲ့ရတယ်လို့ ဆိုရတော့မယ်ဗျာ။ ကဲ ဒါက သဘောသိအောင် ခြေဆင်းအနေနဲ့ ပြောတာပါ။ ပထမပြောချင်တာကတော့ ဦးဝင်းလှိုင်မေးသလို ဝိဇ္ဇာဆိုတာ ရှိသလားဆိုတာ ကျွန်တော်လည်း သိချင်ခဲ့တယ်။

အဲဒီတော့ သိခဲ့ရသလား။

ဟုတ်ကဲ့၊ သိခဲ့ရတယ်။

ဒါဆို ဝိဇ္ဇာဆိုတာ ရှိသလား။

ဟုတ်ကဲ့၊ တိုတိုပဲ ဖြေရရင်တော့ ဝိဇ္ဇာဆိုတာ ရှိတယ်၊ လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့တဲ့ ဝိဇ္ဇာမဂ္ဂဒီပနီအစမှာ ဂန္ဓာရီ ဝိဇ္ဇာမိုရ်အတတ်အကြောင်းကို အမြွက်လောက် ရေးသားဖော်ပြထားတာတွေ့ရတယ်။ သဘောကတော့ ဝိဇ္ဇာမိုရ်အတတ်ကို လိုက်စားတဲ့ ပုဂ္ဂိုလ်တွေဟာ အောင်မြင်ထမြောက်သွားတဲ့အခါ အာကာသစိုး၊ ဘူမ္မစိုး၊ ရုက္ခစိုးနတ်တွေကို အနိုင်ရရှိပြီး သူတို့အလိုရှိရာကို နတ်များက ကူညီစောင့်ရှောက်ကြတယ်။ ဒီလို သူတို့ လိုက်စားတဲ့ ပြဒါးအတတ်၊ သံအတတ်၊ မန္တန်အတတ်၊ အင်းအတတ်တွေ မအောင်မြင်ခင်မှာတော့ အဖျက်အဆီး ရန်သူတွေ အလွန်များတယ်။ နတ်များက ချစ်ခင်ကူညီအောင် ကျင့်ကြံအားထုတ်ကြရတယ်လို့ ဆရာတော်က ဆိုထားတာ လေ့လာရပါတယ်။

သူတို့က ဘာရည်ရွယ်ချက်နဲ့ ဝိဇ္ဇာအလုပ်ကို လုပ်နေကြတာလဲ။

ကျွန်တော်လည်း ကြားဖူးနားဝကိုပဲ ဖြေရမယ်။ ယေဘုယျအားဖြင့်တော့ ဗုဒ္ဓဘာသာကို ကြည်ညိုတဲ့ ဝိဇ္ဇာတွေက သာသနာတော်ကို စည်ကားပြန့်ပွားဖို့အတွက် စောင့်ရှောက်နေတယ်။ သာသနာပြုလုပ်ငန်းကို လုပ်နေကြတယ်လို့ အယူရှိကြတယ်။ ဒါပေမဲ့ ဒါဟာ သူတို့ရဲ့ အဓိက ရည်မှန်းချက် မဟုတ်ဘူး။ ဝိဇ္ဇာဖြစ်အောင် ကြိုးစားကြတဲ့ ပုဂ္ဂိုလ်တွေမှာ တူညီတဲ့ ရည်ရွယ်ချက်တစ်ခု ရှိတယ်။ သူတို့က ဒီဗုဒ္ဓသာသနာမှာ ကျွတ်တမ်းဝင်အောင် မလုပ်ဘူး။ နောင်လာမည့် အရိမေတ္တယျမြတ်စွာဘုရားလက်ထက်ကျမှ ကျွတ်တမ်းဝင်အောင် လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်ပဲ။ ဒီတော့ အရိမေတ္တယျမြတ်စွာဘုရားပွင့်တဲ့ အချိန်မှာ ဘုရားသာသနာနဲ့ လွဲမသွားအောင်၊ ဒီဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တွေဟာ အခြားဘဝတစ်ပါးသို့ ရောက်မသွားအောင် သူတို့ရဲ့ ဝိဇ္ဇာမိုရ်အတတ်ပညာနဲ့ အသက်ရှည်အောင်လုပ်ပြီး နေကြတယ်လို့ အယူရှိကြတယ်။

ဒါဆို သူတို့က ဆုကြီးပန်တွေတော့ မဟုတ်ဘူးပေါ့။

မဟုတ်ပါဘူး။ သူတို့ကလည်း သူတို့အယူအဆနဲ့ သူတို့ပဲ။ အဓိကကတော့ ကျွန်တော် နားလည်သဘောပေါက်အောင်ပြောရရင် သူတို့က သိဒ္ဓိရှင်၊

မဟိဒ္ဓိရှင် ဖြစ်ချင်ကြတာပဲ။ တန်ခိုးတွေ၊ အစွမ်းသတ္တိတွေ အပေါ်မှာ တွယ်တာမှု တဏှာ အားကြီးတယ်လို့ ကျွန်တော်မြင်တယ်။ ဒီလိုဘာဖြစ်လို့ သုံးသပ်ရသလဲဆိုတော့ ဒီအယူအဆဟာ နှောင်းလူတွေ အပေါ်မှာ တော်တော်လွှမ်းမိုးလို့ ပြောတာပါ။ ခုခေတ်မှာလည်း ဝိဇ္ဇာလမ်း လိုက်သူတွေ ရှိတယ်။ တချို့က အဲဒီလို သိဒ္ဓိတွေ၊ မဟိဒ္ဓိတွေ ရချင်တယ်၊ တန်ခိုးရှင်တွေ ဖြစ်ချင်တယ်။ အဆန်းတကြယ်တွေ ဖန်ဆင်းပြပြီး လူတွေအပေါ်မှာ ဩဇာလွှမ်းမိုးပြီး သူတို့ကို ကိုးကွယ်တဲ့ နောက်လိုက်ပရိသတ်ကို ရှာချင်ကြတယ်။ ဒီတော့ ဝိဇ္ဇာတွေကို ကိုးကွယ်တဲ့ လူတွေ ပေါ်ပေါက်လာတာပေါ့။

ဝိဇ္ဇာကို ကိုးကွယ်ရင် သရဏဂုံ မပျက်ဘူးလား။

ဒါက ဒီလိုရှိပါတယ်။ ဝိဇ္ဇာကို ကိုးကွယ်ရာမှာ ရည်ရွယ်ချက်နှစ်မျိုးရှိတယ်။ နတ်ကိုးကွယ်ကြတဲ့လူတွေလိုပါပဲ။ ပထမရည်ရွယ်ချက်ကတော့ သူတို့မှာ ကျရောက်မည့် ဘေးအန္တရာယ်တွေကို ဝိဇ္ဇာတွေက အကာအကွယ်ပေးနိုင်တယ်ဆိုတဲ့ အယူအဆ၊ ဒုတိယရည်ရွယ်ချက်ကတော့ ဝိဇ္ဇာကို ကိုးကွယ်ရင်တော့ ဝိဇ္ဇာတွေက သူတို့ကို ချမ်းသာအောင် မ နိုင်တယ်လို့ ဆိုတဲ့ အယူအဆပဲ။ ဒီအယူအဆနှစ်ခုလုံးဟာ နိဗ္ဗာန်မဂ်ဖိုလ်နဲ့ မပတ်သက်ဘူး။ လောကီရေးသက်သက်သာ ဖြစ်တယ်။ ဒါကြောင့် ဝိဇ္ဇာကိုးကွယ်လို့ သရဏဂုံ မပျက်ပါဘူး။ သူတို့က သံသရာမှာ အပါယ်ဘေးက ကယ်တင်နိုင်တာတော့ မဟုတ်ဘူး။ လောကုတ္တရာချမ်းသာအတွက် သူတို့ကို လူတွေက ကိုးကွယ်ကြတာလည်း မဟုတ်ဘူး။ လောကီချမ်းသာအတွက် သက်သက်ပဲ။

ဝိဇ္ဇာမတယ်ဆိုတာ တကယ်ပဲလား။

ဒါက တော်တော် အငြင်းပွားဖို့ကောင်းတဲ့ မေးခွန်းပဲ။

ဝိဇ္ဇာနဲ့ တွေ့လည်း မတွေ့ဖူးဘူး။

ဝိဇ္ဇာမတာလည်း မခံရဖူးတဲ့ လူတွေက များတော့ ဝိဇ္ဇာမ မဘူးလို့လည်း ထင်နိုင်တယ်။ ကျွန်တော် ကြားလည်း ကြားဖူးတယ်။ တွေ့လည်း တွေ့ဖူးတယ်။ ဝိဇ္ဇာ မလို့ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။

ဝိဇ္ဇာ မအောင် လုပ်လို့လား။

ဒီမေးခွန်းကလည်း တော်တော်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကျွန်တော် လေ့လာခဲ့ဖူးလို့ နားလည်သလောက်ကိုပဲ ဖြေချင်ပါတယ်။

ဝိဇ္ဇာနဲ့ လူနဲ့ ဆက်ဆံရေးဟာ လောကီဆန်တယ်လို့ ကျွန်တော် မြင်တယ်။ တချို့ ပုဂ္ဂိုလ်တွေက ဝိဇ္ဇာလမ်းကို လိုက်ကြတဲ့အခါ အခက်အခဲမျိုးစုံ ကြုံကြရတယ်။ ဒီအခါ သူတို့ကို လမ်းပြပေးနိုင်မယ့် ဝိဇ္ဇာကိစ္စပြီးထားတဲ့ ဆရာကို ရှာကြတယ်။ ဒီဆရာက ရှာလို့ မရဘူး။ ကိုယ့်အလုပ်ကို ကိုယ်လုပ်နေ၊ အချိန်ကျတော့ ကံအားလျော်စွာ ဂုရုကရောက်ချိန်တန်တော့ ရောက်လာတာလည်း

ရှိတယ်။ ဒါကလည်း အခြေခံနှစ်မျိုးရှိတယ်လို့ ကျွန်တော် ထင်ပါတယ်။ ပထမ အခြေခံက ကျေးဇူးဗျ။ ဘဝတစ်ခုခုမှာ သူ့ကို ကျေးဇူးပြုခဲ့ဖူးတဲ့ပုဂ္ဂိုလ်ကို ဝိဇ္ဇာက လိုက်ရှာပြီး မတယ်လို့ ယူဆစရာ အကြောင်းတွေရှိတယ်။ နောက်တစ်ခု အခြေခံကတော့ သာသနာတော်အတွက် တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်တယ်။ သာသနာတော်ကို တကယ်တမ်း အကျိုးပြုမည့် ပုဂ္ဂိုလ်ကို ဝိဇ္ဇာက ကူညီမစတာလည်းရှိတယ်။ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘဝတစ်ဘဝမှာ ဗုဒ္ဓသာသနာတော်အကျိုးကို ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါပေမဲ့ ကံအားလျော်စွာ အခြားဘဝတစ်ဘဝကို ရောက်တော့ တခြားဘာသာပတ်ဝန်းကျင်ထဲကို ရောက်သွားတတ်တယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေကိုတော့ ဝိဇ္ဇာက ဗုဒ္ဓဘာသာလမ်းပေါ်ကို ပြန်ရောက်အောင် ကူညီပြီး စောင်မတတ်တာလည်း တွေ့ရတတ်တယ်။ အဲဒီလို လူတွေဟာ တစ်နည်းနည်းနဲ့ ဝိဇ္ဇာကို တွေ့ရတတ်တယ်။ တချို့ ဝိဇ္ဇာလမ်းလိုက်သူတွေကတော့ လိုက်ရင်းလိုက်ရင်း လမ်းချော်ပြီး ဝိဇ္ဇာလမ်းမဆုံးဘဲနဲ့ ရွှေဖြစ်၊ ငွေဖြစ်နဲ့ပဲ စခန်းဆုံးသွားကြတာလည်းရှိတယ်။

ရွှေဖြစ်၊ ငွေဖြစ်ဆိုလို့ တကယ်ကော ဖြစ်ရဲ့လား ဆရာရယ်။

ကျွန်တော့် ကိုယ်တွေ့ပြောရရင်တော့ အဂ္ဂိရတ်ထိုးပြီး ရွှေဖြစ်၊ ငွေဖြစ်လုပ်နေကြတဲ့လူတွေ တွေ့ဖူးတယ်။ မဖြစ်ပါဘူး။ တချို့က ဓာတ်သားဆိုတဲ့ ရွှေနဲ့ ရောပြီး ရောင်းလို့ရတဲ့ သတ္တုတစ်မျိုးဖြစ်အောင် လုပ်နိုင်တာပဲ တွေ့ဖူးတယ်။ ဒါကို စားလမ်းဆိုပြီး ခေါ်ကြတယ်။ အမှန်ကတော့ ၁၆ ပဲရည်ရွှေကို ဓာတ်သားနဲ့ရောပြီး ၁၄ ပဲရည်ရွှေအဖြစ် ရောင်းစားပြီး အကျိုးအမြတ်ရှာကြတာပေါ့။ ဒါက လုပ်ရိုးဟောင်းကြီးတစ်ခုပါဗျာ။ အံ့ဩစရာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကို တကယ်ရွှေဖြစ်အောင် လုပ်ပြတဲ့ ဆရာတစ်ယောက်တော့ တွေ့ဖူးတယ်။

ပြောပြပါဦး ဆရာရယ်။ ဘယ်လို ရွှေဖြစ်တာလဲ။

ဒီဆရာအကြောင်းကို ကျွန်တော် အရင်ကလည်း ပြောဖူးပါတယ်။ ပန်းအိုးထဲက စကားပြောပြီး ဗေဒင်ဟောတဲ့ဆရာပါ။

ဟုတ်ကဲ့ ကြားဖူးပါတယ်။

ကျွန်တော်ကလည်း သူ့ပညာကို စိတ်ဝင်စားတယ်။ ရင်းနှီးလာတဲ့အခါကျတော့ ပထမသူက ငွေစက္ကူလုပ်ပြတယ်။ ၁၀ တန် တစ်ရွက်၊ အစိတ်တန် တစ်ရွက် ကျွန်တော် ရဖူးတယ်။ သုံးလို့လည်း ရတယ်။ ဒါပေမဲ့ သူက ဒီငွေကို သုံးပြီးရင် ဒီငွေက ကိုယ့်ဆီပြန်ရောက်လာတဲ့ ငွေပြန်လို့ ပြောတယ်။ လက်တွေ့ကျတော့ မပြန်လာပါဘူး။ နောက် သူရွှေဖြစ်အောင် လုပ်တတ်ကြောင်း ဝန်ခံပြန်တယ်။ သူက ငွေစက္ကူလုပ်ပြတာ မြင်ထားဖူးတော့ ကျွန်တော်လည်း သိပ်

သံသယမဖြစ်ရဲဘူး။ တစ်နေ့ကျတော့ ကျွန်တော့်ကို သူက ပြဒါးစစ်စစ် တစ်ကျပ်သားလောက် ရှာခိုင်းတယ်။ ကျွန်တော်လည်း အိမ်တော်ရာ ဘုရားဝင်း ထဲသွားပြီး အင်္ဂရတ်ပညာမှာ ကျွမ်းကျင်နေတဲ့ ဆရာတော်တစ်ပါးထံမှာ ပြဒါး သွားတောင်းပြီး ဆရာတော်ကိုပါ လိုက်ကြည့်ပါရန် ပန်ကြားပါတယ်။ ဒီဆရာ ဟာ ကျွန်တော်နဲ့ ဆရာတော်ကို ကြို့ကုန်းမှာရှိတဲ့ မင်းဓမ္မတောင်ပေါ်ကို ခေါ် သွားပြီး အဲဒီတောင်ကုန်းပေါ်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာထားတဲ့ သူ့ရဲ့ ဖိုနဲ့ ကိုယ်တိုင်ထိုးပြီး ရွှေလုပ်ပြတယ်။ သူက စိန်သပေါ်မှုန့်၊ အရောင်တင်တဲ့ ရွှေဝါမှုန့်၊ ဖယောင်းတွေကို ချပေးတယ်။ ကိုယ်တိုင်ဆေးတွေနဲ့ ဖယောင်းနဲ့ လုံးခိုင်းတယ်။ နောက်ပြီး လုံသေးသေးကလေးတစ်လုံးကို ဖင်ရဲလာအောင် ဖိုနဲ့ ထိုးခိုင်းတယ်။ လုံဖင်ကလည်း နီရဲလာတော့ ဖယောင်းနဲ့ တေထားတဲ့ ဆေးလုံး ကို ထည့်ခိုင်းတယ်။ ဖယောင်းပျော်သွားတော့ နောက်လုံလေးတစ်လုံးမှာ ထည့် ထားတဲ့ ပြဒါးတစ်မတ်သားလောက်ကို ထည့်ခိုင်းတယ်။ ပြဒါးက အသံဖြုတ် ဖြုတ်မြည်ပြီး ငြိမ်သွားတယ်။ ဒီအခါကျမှ မီးပြင်းပြင်းထိုးခိုင်းတယ်။ ဆရာက ရပြီဆိုမှ ရွှေတစ်မတ်သားလောက်ရတယ်။

ရွှေက စစ်ရဲ့လား။

အဲဒါ ခုကျွန်တော်ပြောမလို့။ ကျွန်တော်က ဆရာကို တောင်းပန်ပြီး ဒီရွှေ ကို ယူခဲ့တယ်။ တရုတ်တန်းက ကျွန်တော့် အမျိုးသမီးရဲ့ ဆွေမျိုးတရုတ်ပန်းထိမ် ဆီမှာသွားပြပြီး စစ်ကြည့်တယ်။ တရုတ်ပန်းထိမ်က ဒီရွှေ ကောင်းလှချည်လား။ သူ့ကို ရောင်းပါ။ ပေါက်စျေးထက် ၁၀၀ ပိုပေးမယ်ပြောတယ်။ ကျွန်တော်လည်း ဆရာက ဒီပညာ ကျွန်တော့်မပေးဘဲနေမှာစိုးလို့ မရောင်းရဲဘူး။ ပြန်ပေးလိုက် တယ်။ မကြာခင်မှာ ဘိုးတော်စစ်ဆင်ရေးလုပ်တော့ ဒီဆရာလည်း ထိန်းသိမ်း ခံရတယ်။ သူထိန်းသိမ်းခံရတဲ့နေ့မှာပဲ ရန်ကုန်စက်မှုတက္ကသိုလ်က ဒေါက်တာ ဘွဲ့ရ ဆရာတစ်ဦးကို ကျွန်တော် တွေ့ရတယ်။ သူလည်း ဒီပညာကို လိုချင်လို့ လိုက်နေတာ အတော်ကြာပြီ။ ဒီဖော်မြူလာကိုရရင် သူကတော့ ရွှေအမြောက် အမြားထုတ်ဖို့ ရည်ရွယ်တာပေါ့။ ဒါမှမဟုတ် ကမ္ဘာမှာ ဒီပညာကို သူရောင်းစား ပြီး သန်းကြွယ်သူဌေးဖြစ်ဖို့ပေါ့။ သူက ဘာပြောသလဲဆိုတော့ သူဒီရွှေကို အီလက်ထရောနစ်နည်းနဲ့ရော၊ ငရဲမီးစားတဲ့နည်းနဲ့ရော စမ်းသပ်ပြီးပြီ။ ဒါဟာ ပရပိုက်ခေါက်ရွှေထက် ကောင်းတယ်။ စက်ထဲထည့်ကြည့်တော့ ရွှေထက်ပိုပြီး အချိန်ကြာကြာစားရတယ်။ သိပ်ကောင်းတဲ့ ပြဒါးခဲရွှေလို့ ပြောတယ်။ ကျွန်တော်လည်း ဒီဆရာအရင်က တရုတ်အမျိုးသမီးကို ထုံးခဲကနေ ပြဒါးခဲ လုပ်ပြသလို သူ့အိမ်မှာရှိတဲ့ရွှေကို ပရလောကက သူ့သရဲကယူပြီး ထည့်ပေး တာလားလို့ စဉ်းစားခဲ့တာ။ ဒီရန်ကုန်စက်မှုတက္ကသိုလ်က ဆရာပြောပြတာ

ကြားရမှ စဉ်းစားရခက်သွားတယ်။ ခုထက်ထိလည်း ဒါကို နားမလည်ဘူး။ ရွှေဖြစ်တာတော့ အမှန်ပဲ။

ဒါဆို ဆရာက ဘာဖြစ်လို့ ရွှေလုပ်ပြီး မစားတာလဲ။

ဆရာပြောတာကတော့ သူမီးပူမခံနိုင်ဘူး။ ရွှေလုပ်တာ ဥပဒေနဲ့ ငြိစွန်းတယ်။ ပြီးတော့ သူ့အနေနဲ့ ဗေဒင်ဟောတာလည်း အများကြီးရလို့ မလုပ်ဘူးလို့ ပြောတယ်။

မွေ့ရပ်စုံမဂ္ဂဇင်း
၁၉၉၄ ခုနှစ်၊ ဧပြီလ

# အထူးအာရုံသိခြင်းနှင့် အရှေ့တိုင်းလောကီပညာ

လူမှာစက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန စသော အာရုံခြောက်ပါးဖြင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေး၍သိသော အာရုံသိနည်းခြောက်နည်းရှိသည်ဟု အရှေ့တိုင်းသားများရော အနောက်တိုင်းသားများပါ သိရှိလက်ခံထားခဲ့ကြသည်။ မြင်၍သိသည်။ ကြား၍သိသည်။ နံ၍သိသည်။ အရသာခံ၍ သိသည်။ ဤသို့သိခြင်းမှာ လူတိုင်းနှင့် ဆက်ဆံသဖြင့် မဆန်းပါ။ သို့သော် အနောက်တိုင်းသားစိတ်ပညာရှင်များသည် ယခုတိုင် 'ဉာဏ်' ဆိုသော သဘောကိုလည်းကောင်း၊ အာရုံမပါဘဲ ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသဘောကိုလည်းကောင်း၊ ကောင်းစွာ မသိသေး၊ စမ်းတဝါးဝါး အနေမှာပင် ရှိသေးသည်။

ယခု အနောက်တိုင်း စိတ်ပညာလောကမှာ ဆစ်ဂမန်ဖရွိုက်ဆိုသော စိတ်ပညာရှင် ပါမောက္ခကစ၍ ဘဝင်စိတ်၏ ထူးခြားသော သဘာဝများကို စိတ်ဝင်စားပြီး လေ့လာစူးစမ်းမှုများ ပြုလုပ်လာခဲ့ကြရာ ယခုအခါ ထိုအနောက်တိုင်းသား စိတ်ပညာဆရာများသည် လူမှာမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ဖြင့် တိုက်ရိုက်ထိတွေ့ရခြင်းမရှိဘဲနှင့် အနာဂတ်ဖြစ်ရပ်များကို အလိုလို သိမြင်နိုင်သော မနောသိတစ်မျိုးလည်းရှိကြောင်းကို သိမြင်သဘောပေါက်ကာ တညီတညွတ်တည်း လက်ခံလာကြပြီ ဖြစ်ပါသည်။

ထိုသဘောကို အနောက်တိုင်းသား စိတ်ပညာရှင်များက ESP-Extra Sensory Perception အထူးအာရုံသိခြင်းဟု ခေါ်ကြသည်။ အထူးအာရုံသိနယ်တွင် အဝေးသို့ စိတ်ဖြင့် ဆက်သွယ်၍ သိခြင်းသဘော (တယ်လီပသီ) လည်း ပါသည်။ အဝေးတစ်နေရာ၌ ဖြစ်ပျက်နေသည်ကို မိမိစိတ်မှာ အလိုလို ထင်မြင်လာပြီး မနောသိဖြင့် သိမြင်ခြင်း Clairvoyance သဘောလည်း

ပါသည်။ ယခုမှသာ အနောက်တိုင်းသားက ထိုစိတ်သဘာဝ ထူးခြားချက်များကို သိစပြုလာကြခြင်း ဖြစ်သည်။ အမှန်မှာ စိတ်တွင် ထူးခြားသော စွမ်းအင်သတ္တိများရှိကြောင်းကို အရှေ့တိုင်းသားများ သိနားလည်ပြီး အသုံးချခဲ့ကြသည်မှာ ကာလကြာမြင့်လှပြီ ဖြစ်၏။

ဗုဒ္ဓစာပေကျမ်းဂန်များမှာလည်း အဝေးသို့ စိတ်ဖြင့် ဆက်သွယ်သည့်သဘော၊ အဝေး၌သာ ဖြစ်နေသည်ကို သိမြင်သည့်သဘောတို့ကို များစွာတွေ့နိုင်သည်။ စိတ်၏ ထူးခြားသော အစွမ်းသတ္တိများ အထူးအာရုံသိသဘောများမှာ မွေးရာပါ အစွမ်းသတ္တိများသာဖြစ်သည်ဟု အနောက်တိုင်းသားများ ထင်နေကြဆဲဖြစ်သည်။

တစ်ခါတစ်ရံ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာသော အထူးအာရုံသိဖြင့် သိသူများကို စိတ်ပညာရှင်များက လေ့လာစမ်းသပ်၍ မှတ်တမ်းများပြုထားကြသည်။ သို့သော် အထူးအာရုံသိဆိုသော စိတ်စွမ်းအင်ကို လေ့လာသင်ကြား၊ ကျင့်ကြံအားထုတ်ခြင်း (သမထနည်း) ဖြင့်လည်း ရအောင် အားထုတ်လျှင် ရနိုင်သည်ဆိုသော အချက်တစ်ခုကိုမူ အနောက်တိုင်းသားပညာရှင်များသည် ယခုတိုင် ထိထိမိမိ မသိကြသေးချေ။ သူတို့သည် ESP ရရှိသောသူများ ပေါ်ပေါက်လာသည့်သတင်းကို ကြားရသောအခါ ထိုသူများနောက်သို့ လိုက်ပြီး ထိုအထူးအာရုံသိသဘော၏ ထူးခြားချက်များကို နားလည်အောင်သာ အားထုတ်နေကြလေသည်။

ထိုသို့ လေ့လာအားထုတ်ကြရာတွင် ESP ရရှိနေသူများမှာ ထိုကဲ့သို့ အဝေးဖြစ်ရပ်များ၊ အနာဂတ်ဖြစ်ရပ်များကို သိမြင်ကြရာ၌ ပရလောကသားများ၏ ဆက်သွယ်မှု၊ ကူညီမှုပါသည်ဆိုသော အချက်တစ်ချက်ကိုပါ ယခုသူတို့ တွေ့ရှိလာကြရသည်။ သေသွားသော ဇနီး၊ ခင်ပွန်းတို့က ပူးကပ်ဆက်သွယ်လာကြကာ ထိုသို့ ESP အထူးအာရုံသိမျိုးရရှိအောင် ကူညီဆောင်ရွက်ပေးနေကြသည်ဆိုသော အချက်ကိုလည်း အနောက်တိုင်းသားပညာရှင်များ ယခု လက်ခံလာကြရပြီ ဖြစ်သည်။ သို့သော် အရှေ့တိုင်း လောကီပညာရပ်များ၌ တွေ့ရှိထားသော အချက်အလက်များကိုမူ သူတို့ မသိကြသေးချေ။

ကျွန်တော် ဆရာတစ်ဦးကိုမူ တွေ့ဖူးပါသည်။ ကျွန်တော့်မှာ အနောက်တိုင်း စိတ်ပညာစာအုပ်များကို ဖတ်ရှုလေ့လာထားသော ဗဟုသုတများသာရှိသည်။ ထို့ကြောင့် အရှေ့တိုင်းက ထူးခြားလှသော ESP အထူးအာရုံသိခြင်းသဘောများကို ကိုယ်တွေ့မျက်မြင် ကြုံရသောအခါ များစွာ တွေဝေအံ့သြရလေသည်။

တစ်နေ့သ၌ ကျွန်တော်တို့ မိသားစု ထိုဆရာထံသို့ ရောက်သွားပါသည်။ ထိုဆရာသည် ထိုစဉ်က ကမာရွတ်မှာနေပါသည်။ ဆရာက မုန့်ဟင်းခါး ကြိုက်

တတ်သည်။ ကျွန်တော်က သူ၏ ထူးခြားသော စိတ်စွမ်းအင်များအကြောင်းကို သိချင်သည်။ ထို့ကြောင့် ကျွန်တော်တို့ ဇနီးမောင်နှံ ထိုဆရာထံသို့ သွားသည့် အခါတိုင်း မုန့်ဟင်းခါး ချက်၍ သွားပါသည်။ ထိုတစ်နေ့ ဆရာ့အိမ်သို့ ရောက် သောအခါ ကျွန်တော်နှင့် ဇနီးတို့က ထမင်းစားခန်းတွင် ဆရာ့အတွက် မုန့်ဟင်းခါး စားပွဲ ပြင်ဆင်နေပါသည်။ ထိုအခါ ဆရာ သုတ်သုတ်ဝင်လာပြီး 'ဟေ့ ဒီကနေ့ မင်းတို့ကို ကြည်ကြည်ဌေး အလွမ်းခန်းကလေးကို ပြမယ်၊ လာကြည့်ကြ' ဟု ဆို၍ ခေါ်ပါသည်။ ဆရာ၏ ဘုရားခန်းထဲသို့ လိုက်သွား ကြပါသည်။ ဆရာသည် အဟောအပြောပညာဖြင့် အသက်မွေးမှုပြုနေပါ သည်။ အခန်းထဲတွင် တရုတ်အမျိုးသမီးတစ်ဦး ရောက်နေသည်။ ကျွန်တော် တို့လည်း ဆရာ ဘာဆိုလိုသည်ကို မသိပါ။ သူက 'ထိုင်ကြ' ဆို၍ ဝင်ထိုင်ပါ သည်။

ဆရာသည် တရုတ်အမျိုးသမီးကိုရော ကျွန်တော်တို့ကိုပါ ကျောပေးပြီး ထိုင်ပါသည်။ သူ့ရှေ့မှာ ဖန်ပန်းအိုးတစ်လုံး ပန်းများ ဝေဆာလျက်ရှိပါသည်။ ခဏကြာတော့ ပန်းအိုးထဲက အသံသေးသေးကလေးတစ်ခု ထွက်လာသည်။ 'ဩော်၊ နင့်ယောကျ်ားက ထောင်ထဲကို ရောက်နေတာကိုး' ဟု ဆိုသည်။

တရုတ်အမျိုးသမီးကလည်း ချက်ချင်းပင် ငိုသံဖြင့် 'ဟုတ်ပါတယ်' ဟု ဆိုသည်။

'နင့်ယောကျ်ားနာမည်က လင်ကျိရှင် မဟုတ်လား'

ပန်းအိုးထဲက အသံက ပြန်မေးသည်။

'ဟုတ်ပါတယ် ဆရာ' ဟု တရုတ်မက ဆိုသည်။

'အင်း၊ ဗိုင်းမွန်း ဘိလပ်ရည်စက်က ဆိုးဆေးတွေနဲ့ ပုလင်းဖုံးတွေကို နင့်ယောကျ်ားက ခိုးတယ်ဆိုပြီး သူ့အထက်အရာရှိက စွပ်စွဲတာ၊ မင်းယောကျ်ား ခိုးတာ မဟုတ်ဘူး၊ အထက်အရာရှိ မကောင်းလို့ သက်သက်ခံရတာ'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်မယောကျ်ားက လူရိုးပါ ဆရာရယ်' ဟု တရုတ်မ က ငိုသံဖြင့် ပြောသည်။

'အေး ဝဋ်ရှိတော့ ခံရတာပဲ၊ ဘယ်တတ်နိုင်မလဲ၊ ဖမ်းသွားတဲ့နေ့က သူ့မှာ အကျီက ပါးပါးကလေး၊ မိုးတွေကလည်း ရွာနေတယ်၊ သူ့မှာ ပန်းနာကလည်း ရှိတော့ အထဲမှာ သူချမ်းပြီး တော်တော်ဒုက္ခရောက်နေရှာတယ်'

ဤတွင် တရုတ်မလည်း ဖြေမဆည်နိုင်တော့ဘဲ ချုံးပွဲချ၍ ငိုပါလေတော့ သည်။ ကျွန်တော်တို့လည်း ဆရာ ကြိုပြောထားသော ကြည်ကြည်ဌေး အလွမ်း ကို ကြည့်ရမယ်ဆိုသော စကားကို အခုမှပင် သဘောပေါက်ပါတော့သည်။

ထို့နောက် ဆရာသည် ကျွန်တော်တို့နှစ်ယောက်ကို ခေါ်ပြီး အခန်းပြင်ဘက်သို့ထွက်ကာ 'ငါ မုန့်ဟင်းခါး စားမယ်' ဆို၍ စားပါသည်။ မုန့်ဟင်းခါး စားရင်း ဆရာက ပြောပါသည်။

'မင်းကြည့်နေ၊ ငါတို့ ဗေဒင်ဆရာဟာ ဘယ်လောက် မချောင်ဘူးလဲဆိုတာ၊ ငါက ခု အမှန်အတိုင်း ဟောတယ်၊ ပြီးရင် ငါ လိမ်ရတော့မယ်၊ မင်းကိုတော့ ငါက ချစ်လို့ အမှန်အတိုင်း ပြောတာ၊ ဗေဒင်ဆရာ လိမ်ရတာ ဘာဖြစ်လို့လဲဆိုတာ မင်းဘာသာစဉ်းစား' ဟု ဆိုသည်။

ထို့နောက် ဘုရားခန်းထဲသို့ ပြန်ဝင်ကြသည်။ ထိုအခါ တရုတ်မက ဗေဒင်ဟောခ ကျသင့်ငွေ ၄၅ ကျပ်ကို ထုတ်ပေးပြီး

'ဆရာရယ်၊ ကျွန်မ ယောကျ်ားကို ကယ်ပါဦး' ဟု ဆိုသည်။ ထိုအခါ ဆရာ အိုက်တင်လုပ်တော့သည်။

'အေး သိပ်တော့ မလွယ်ဘူး၊ အချိန်က နည်းနည်း နောက်ကျသွားပြီ၊ တစ်ခုတော့ ရှိတာပေ့ါ၊ ခက်ခက်ခဲခဲ လုပ်ရမယ်ဆိုရင်တော့ ဆေးဖယောင်းတိုင် ထွန်းရမယ်၊ မယ်တော်ကို စားတော်တိုက်ရမယ်၊ ဒါက ငါလုပ်လို့ မရဘူး၊ မယ်တော်ပါ ကူမှရမယ်၊ မင်း အကုန်အကျခံနိုင်မလား'

'ဘယ်လောက်ကုန်မှာလဲ ဆရာရယ်'

'သိပ်တော့ မများဘူး၊ သုံးထောင်လောက်တော့ ကုန်မယ်'

'သုံးထောင်လောက်ဆို ကုန်ပါစေ ဆရာရယ်၊ ကျွန်မ ယောကျ်ား လွတ်ရင် တော်ပါပြီ၊ ကျွန်မရှိတဲ့ ပစ္စည်းကို ထုခွဲပြီး ပေးပါ့မယ်၊ လုပ်ပေးပါ ဆရာ၊ ကျွန်မ ရှိခိုးပါတယ်' ဟု ဆိုသည်။ ဆရာ ဘာလုပ်မည်ကိုသာ ကျွန်တော်က ဂရုတစိုက် စောင့်ကြည့်နေသည်။ သူက လိမ်ရတော့မည်ဟု ဆိုသည်။ သူ ဘယ်လို လိမ်မလဲဆိုသည်ကို ကျွန်တော်က သိချင်သည်။ ထိုအခါ ဆရာသည် ကွမ်းအစ်ကိုယူပြီး ကွမ်းအစ်ထဲက ထုံးဘူးမှထုံးကို လက်ညှိုးဖြင့် ကလော်ယူပြီး အလုံးကလေး လုံးလိုက်သည်။ ထို့နောက် သူ့ရှေ့က စားပွဲပေါ်တွင် ဖုတ်ခနဲ ရိုက်လိုက်သည်။ ထုံးအလုံးကလေး ဖင်ပြားသွားသည်။

'ကဲရော့ ဒီထုံးကလေးကို နင့်လက်ဝါးထဲမှာထည့်ပြီး မယ်တော်ကို ကိုးလိုက်၊ မယ်တော်ဘုရား၊ သမီးတော်ကို ကယ်တော်မူပါ၊ ဒီထုံးလုံးကို ပြဒါးရှင်လုံး ဖြစ်သွားအောင် မယ်တော် မစပါလို့ပြော'

ဆရာ သင်ပေးသည့်အတိုင်း တရုတ်မက ပြောသည်။ သူ့လက်ဝါးကိုလည်း သူ့ခေါင်းပေါ်သို့ မြှောက်ထားသည်။ ကျွန်တော်လည်း ထုံးလုံးကလေးကို မျက်တောင်မခတ်ဘဲ စေ့စေ့ကြည့်နေသည်။ မျက်စိအောက်တွင်ပင် ထုံးလုံးကလေးသည် ပြဒါးရှင်လုံးကလေးအဖြစ် ပြောင်းလဲသွားလေသည်။ ပြဒါးလုံး

ကလေးလို ဖျပ်ဖျပ်တောက်ပနေသည်။ တရုတ်မက 'ဟယ် ပြဒါးရှင်လုံးကလေး ဖြစ်သွားပြီဆရာ၊ မယ်တော်ကြီး မမယ်နော်' ဟု ဆိုသည်။

'အေး နင့်ကံပဲ၊ မယ်တော်က မ မယ်၊ မင်း အဲဒီ ပြဒါးရှင်လုံးကလေးကို ယူသွား၊ ထောင်က မင်းယောက်ျား လက်ထဲကို ရောက်အောင်ပို့လိုက်၊ ဒါဆို ငါ ဒီက စီစဉ်လို့ ရပြီ' ဟု ဆရာက ဆိုသည်။ တရုတ်မလည်း မစားရ ဝခမန်း အားရဝမ်းသာဖြစ်လျက် ပြန်သွားလေသည်။ တရုတ်မ ထွက်သွားပြီးနောက် ဆရာက ကျွန်တော့်ကို ပြောသည်။

'ကဲ အဲဒါ မင်း မြင်တယ် မဟုတ်လား၊ ငါက မကယ်နိုင်ဘူးပြောရင် ဒီတရုတ်မက ငါ့ကို ယုံမလား၊ ဆဲမယ်၊ အရပ်ထဲလျှောက်ပြီး ငါ့အကြောင်းကို မကောင်းပြောမယ်၊ အခုလို လုပ်ပေးလိုက်တော့ သူဝမ်းသာပြီး ပြန်သွားပြီ၊ မင်းမယုံကြည့်နေ ညနေကျ ဒီတရုတ်မပြန်လာပြီး ငါ့ကို ငွေသုံးထောင် ပေးလိမ့်မယ်' ဟု ဆိုသည်။

ကျွန်တော်လည်း ဆရာလိမ်သည်ဆိုသော အချက်ကို သိအောင် တဲ့တိုးပင် မေးလိုက်သည်။

'ဆရာက လိမ်တယ်ဆိုတာ ဘာကိုပြောတာလဲ'

'သူ့လင် ထောင်ကလွတ်အောင် ငါ ဘယ်လုပ်ပေးနိုင်မလဲကွ၊ ဒါက အစိုးရနဲ့ ဖြစ်တဲ့ဥစ္စာ၊ ဒါပေမဲ့ ငါ မလုပ်နိုင်ဘူးလို့ ပြောလို့ မဖြစ်ဘူး၊ သူစိတ်ချမ်းသာလည်း နည်းလားဆိုပြီး ငါက အလိုက်သင့် ပြောရတာ၊ လိမ်တာပေါ့ကွ၊ နောက်ပြီး သူ လာပေးတဲ့ငွေကို ငါက ယူရဦးမယ်၊ အဲဒါ မယူရင်လည်း သူ ပူဆွေးသွားမယ်၊ သူ့ကို မျှော်လင့်ချက်ပေးတဲ့အနေနဲ့ ငါက ယူရတာ၊ ဒါလည်း လိမ်တာပဲ'

သို့သော် ကျွန်တော် ဘဝင်မကျသည်မှာ ထုံးအလုံးကလေးက ပြဒါးရှင်လုံး ဖြစ်သွားပုံ ထူးဆန်းခြင်း ဖြစ်ပါသည်။ ထိုကိစ္စကိုသိအောင် ကျွန်တော် ရက်အတန်ကြာ ကြိုးစားရသည်။ တစ်နေ့ ဆရာက အမှတ်မဲ့ ကျွန်တော့်ကို သူ့အိပ်ခန်းထဲသို့ခေါ်ပြီး သူ့မိုးခံသေတ္တာကို ဖွင့်ပြသည်။ ထိုအခါမှ သူ့သေတ္တာထဲတွင် နီကယ်တင်ထားသော ဘောစေ့ကလေးများစွာရှိသည်ကို တွေ့ရသည်။ ထိုအခါမှသာ ဆရာ မွေးထားသော သရဲ (ပရလောကမှ ပုဂ္ဂိုလ်) က ထုံးလုံးနေရာမှာ ဘောစေ့ကလေးလဲလိုက်ကြောင်း သဘောပေါက်သွားပါသည်။ အထူးအာရုံသိခြင်း ESP ကိစ္စတွင် ပရလောကမှ အကူအညီရသည်ဆိုသော အချက်သည် ဤတွင် ထင်ရှားနေပါသည်။

ဓမ္မရုပ်စုံမဂ္ဂဇင်း
၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ

## သစ္စာသိသူနှင့် သစ္စာမသိသူ

ကျေးရူးရှင် အနောက် ဂန့်ဂေါမြို့နယ်၊ မုံလယ်တောရ ဆရာတော်ဘုရားကြီးသည် ၁၇-၃-၉၂ နေ့က ရန်ကုန်မြို့တွင် ဟောကြားသော တရားမှ သစ္စာကို သိသူနှင့် သစ္စာကို မသိသူ လူပုဂ္ဂိုလ်နှစ်ဦးတို့သည် အရေးကိစ္စကြုံလာသော အခါ ခန္ဓာကို ဉာဏ်လှည့်ပြီး နှလုံးသွင်း ကွာခြားကြပုံကို ပုံဆောင်ပြသော ဥပမာကို ဤတွင် ဖော်ပြပါသည်။

'တရားနာဟယ်၊ တရားလုပ်တယ်၊ တရားလေ့လာတယ်၊ တရားအားထုတ်တယ်ဆိုတာတွေဟာ ချမ်းသာချင်လို့ မဟုတ်လား' (ဟုတ်ပါတယ် ဘုရား)

'အဲဒီအခါကျတော့ လောကထဲမှာ မိမိက စားဝတ်နေရေးနဲ့ပတ်သက်ပြီး ရှာဖွေနေကြတဲ့ ကုန်သည်တွေ၊ တောင်သူတွေ မရှိကြဘူးလား' (ရှိပါတယ် ဘုရား)

'ရှိကြတဲ့ လူတွေထဲမှာ သစ္စာကိုသိတဲ့ပုဂ္ဂိုလ်နဲ့ သစ္စာကို မသိတဲ့ ပုဂ္ဂိုလ်ကို ခွဲခြားဖို့ မလိုဘူးလား' (လိုပါတယ် ဘုရား)

'ပစ္စည်းဘယ်လောက်ပဲ ပေါပေါများများ၊ သစ္စာကို မသိရင် ချမ်းသာစစ်ကို ရပါ့မလား' (မရနိုင်ပါ ဘုရား)

'ချမ်းသာစစ်ကို မရဘူး၊ ရတယ်ဆိုတာ ပိုင်းခြားဖို့ လိုတယ်နော်' (မှန်လှပါ ဘုရား)

'ကဲ-မကြားစဖူး ကြားဖူးထပ်မံပေါ့၊ အခါတစ်ပါးမှာပေါ့၊ ရာသီဥတုက အချိန်အခါအလိုက် လယ်တွေယာတွေ စိုက်ကြပျိုးကြပြီးမှ မိုးက နှစ်နှစ်သုံးနှစ် ဆက်ပြီး ခေါင်တော့တာကိုးကွယ်။ အဲဒီအခါ အစားအသောက်တွေ ပြတ်လပ်ပြီး မနေကြပေဘူးလား' (နေကြပါတယ် ဘုရား)

'အေး ပြတ်လပ်ပြီးနေကြတယ်နော်၊ ဒီအခါကျတော့ ဓားပြမတိုက်ချင်လည်း တိုက်တော့တာပေါ့၊ ခိုးသားဓားပြတွေပေါများ မလာပေဘူးလား' (လာပါတယ် ဘုရား)

'စားစရာမရှိတော့ မခိုးချင်လည်း ခိုးရတာပေါ့ကွယ်၊ ဝမ်းမီးက လောင်နေကြပြီကိုး' (မှန်လှပါ ဘုရား)

'သတင်းတွေက ဟိုရွာကို ဓားပြတိုက်တယ်၊ ဒီရွာကို ဓားပြတိုက်တယ်၊ ပစ္စည်းတွေကို ယူသွားတယ်၊ ပစ္စည်းပိုင်ရှင်တွေကိုလည်း ဓားပြတွေက ခေါ်သွားတယ်၊ သတ်သွားတယ် ဆိုတဲ့ သတင်းတွေ မကြားရပေဘူးလား' (ကြားကြရပါတယ် ဘုရား)

'ဒီလို ကြားကြရတဲ့အချိန် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့လူနဲ့ ပစ္စည်းဥစ္စာ မရှိဆင်းရဲတဲ့လူ၊ ဘယ်သူက ပိုပြီး ဆင်းရဲမလဲ' (ပစ္စည်းဥစ္စာ ချမ်းသာတဲ့လူက ပိုပြီး စိတ်ဆင်းရဲပါတယ် ဘုရား)

'ဘယ်နေ့ ငါ့ဆီကို ဓားပြတွေ ရောက်လာမလဲ မသိဘူးဆိုပြီး အိပ်လို့ကော ရပ့ါမလား' (မရပါ ဘုရား)

'စားလို့ကော ဝင်ပ့ါမလား' (မဝင်တော့ပါ ဘုရား)

'ပစ္စည်းချမ်းသာတဲ့လူ သောကနဲ့ ပူမနေဘူးလား' (ပူနေပါတယ် ဘုရား)

'ဒီလိုဆိုရင် သူ့မှာရှိတဲ့ ပစ္စည်းဥစ္စာတွေ၊ ငွေတွေ ရွှေတွေက ချမ်းသာတဲ့တရားလား၊ ဆင်းရဲတဲ့တရားလား' (ဆင်းရဲတဲ့ တရားပါ ဘုရား)

'အဲဒီလို စိစစ်ဖို့ မကောင်းလား' (ကောင်းပါတယ် ဘုရား)

'ကဲ-ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာ ချမ်းသာတဲ့သူဌေးနှစ်ယောက်ပေါ့၊ တစ်ယောက်ကတော့ ခန္ဓာလည်း မသိဘူး၊ ပဋိစ္စသမုပ္ပာဒ်တရားတော်ကိုလည်း မသိဘူး၊ သစ္စာကိုလည်း မသိဘူးကွယ့်ကြားလား၊ နောက်တစ်ယောက်ကတော့ ခန္ဓာအာယတနဓာတ်သစ္စာကိုလည်း သိတယ်၊ သက္ကာယ ဒိဋ္ဌိလည်း ပြုတ်နေတယ်၊ သူတို့နှစ်ယောက်ဟာ ပစ္စည်းဥစ္စာ ချမ်းသာတာချင်း တူကြသော်လည်း ရတနာစစ်ကို ရတာချင်းကျတော့ တူပ့ါမလား' (မတူနိုင်ပါ ဘုရား)

'ဒုတိယပုဂ္ဂိုလ်မှာက သာသနာကိန်းနေပြီး ရတနာသုံးပါးက သူ့ဓာတ်မှာ ကိန်းမနေဘူးလား' (ကိန်းနေပါပြီ ဘုရား)

'အဲဒီ ရတနာကမှ ချမ်းသာအစစ်ဖြစ်တော့တာကွယ့်' (မှန်လှပါ ဘုရား)

'ကဲ-တစ်နေ့သဉ္ဇကျတော့ အဲဒီရွာကို ဓားပြတွေ ရောက်လာကြတော့တာနော်၊ ပထမ သူဌေးအိမ်ကို ဝင်စီးကြတာပေါ့၊ ဟော့-မလှုပ်ကြနဲ့ဆိုတော့ လှုပ်ရဲကြသေးရဲ့လား' (မလှုပ်ရဲကြတော့ဘူး ဘုရား)

'အဲ၊ ရှိတဲ့ပစ္စည်းတွေ ပေးလို့ မတောင်းပေဘူးလား' (တောင်းပါတယ် ဘုရား)

'တောင်းတဲ့အခါကျတော့ သစ္စာမသိ၊ တရားမသိတဲ့ သူဌေးခမျာ လျှို့ဝှက်ရတော့တာပေါ့၊ လူတွေက မနာလိုလို့ ပြောကြတာပါ ခင်ဗျာ၊ ကျွန်တော့်မှာ ပစ္စည်းများများစားစားလည်း မရှိပါဘူး၊ ရှိတာကလေးလည်း ထိုင်စားလို့ ကုန်သလောက်ဖြစ်နေပါပြီလို့ လှည့်ပတ်မပြောရပေဘူးလား' (ပြောရပါတယ် ဘုရား)

'ဒီလို ပြောတော့ ဓားပြတွေက ယုံကြည်ပြီး လက်ခံပါ့မလား' (လက်မခံပါဘူး ဘုရား)

'လက်မခံဘူး ကြားလား၊ ဒါနဲ့ ဒီလို မေးနေရင်တော့ ဖုံးကွယ်နေဦးတော့မှာဆိုပြီး ဆန်ကောတစ်ချပ်ကို အလယ်ကဖောက်ပြီး သူ့လည်ပင်းမှာ စွပ်ပြီး လှည့်တော့တာပေါ့၊ ခံနိုင်ပါ့မလား' (မခံနိုင်ပါဘူး ဘုရား)

'အေး၊ သူက မရှိပါဘူးပြောလိုက်၊ ဓားပြတွေက ဆန်ကောကို လှည့်လိုက်၊ အမလေး အဘလေးနဲ့အော်လိုက်နဲ့ပေါ့ကွ၊ နောက်ဆုံးတော့ ရှိတဲ့ပစ္စည်းတွေ၊ မြေကြီးထဲ ဝှက်ထားတဲ့ ပစ္စည်းတွေပါမကျန် ထုတ်မပေးရပေဘူးလား' (ထုတ်ပေးရပါတယ် ဘုရား)

'အေး၊ ထုတ်ပေးရတယ်နော်၊ အနာလည်းခံရ၊ ရှိတဲ့ ပစ္စည်းတွေလည်း အားလုံးပေးရတော့တာပေါ့နော်၊ ကဲ-ချမ်းသာသလား၊ ဆင်းရဲသလား' (ဆင်းရဲပါတယ် ဘုရား)

'သေသေချာချာ လေ့လာနော်၊ အဲဒီပစ္စည်း ကိုယ်ပိုင်လား၊ ဘုံဆိုင်လား' (ဘုံဆိုင်ပါ ဘုရား)

'ဘုံဆိုင်ဖြစ်လို့ သူများယူသွားလို့ ရတာပေါ့ကွယ်၊ ဒီဘုံဆိုင်ပစ္စည်းတွေဟာ သက္ကာယတရားတွေမှန်း မသိလို့ ငါပိုင်ပစ္စည်းတွေလို့ အမှတ်မှား၊ အသိမှားခဲ့လို့ သူများယူသွားတဲ့အခါ ဒေါသတွေ မဖြစ်လား၊ ဝမ်းမနည်းလား' (ဒေါသဖြစ်ပါတယ် ဘုရား၊ ဝမ်းနည်းပါတယ် ဘုရား)

'ဒီတော့ သူ့မှာ ဒီဓားပြတွေကို သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေ ဖြစ်မလာလား' (ဖြစ်ပါတယ် ဘုရား)

'ဒီစိတ်တွေဟာ ကုသိုလ်စိတ်တွေလား၊ အကုသိုလ်စိတ်တွေလား' (အကုသိုလ်စိတ်တွေပါ ဘုရား)

'ကဲ၊ ဘုံပိုင်ဖြစ်တဲ့ ပစ္စည်းဥစ္စာ ဆန်ရေစပါး၊ ရွှေငွေတွေကတော့ သူတစ်ပါး လက်ထဲပါသွားပြီ၊ ကိုယ့်မှာတော့ သစ္စာကို မသိတဲ့အတွက် အကုသိုလ်ဖြစ်ပြီး မကျန်ရစ်ခဲ့ဘူးလား' (ကျန်ရစ်ခဲ့ပါတယ် ဘုရား)

'ဒီအကုသိုလ်က သူတစ်ပါးယူသွားလို့ ဖြစ်ရဲ့လား' (မဖြစ်ပါ ဘုရား)

'ဒါက ကိုယ်ပိုင်ကွယ့်၊ ကြားလား၊ ဒီအကုသိုလ်ကျတော့ ဓားပြကော တိုက်လို့ရရဲ့လား၊ အစိုးရမင်းကကော သိမ်းယူလို့ရရဲ့လား၊ သူခိုးကကော ခိုးလို့ ရပ့်မလား' (မရနိုင်ပါ ဘုရား)

'မရနိုင်ဘူးနော်၊ အဲဒီ အကုသိုလ်ကတော့ ကိုယ်ပိုင်၊ ပစ္စည်းဥစ္စာတွေ ကျတော့ ဘုံဆိုင်ပေါ့' (မှန်လှပါ ဘုရား)

'သားကျွေးဖို့ မယားကျွေးဖို့ဆိုပြီး မရှာခဲ့ကြလား၊ တစ်ပိဿာကို တစ်ကျပ် သား၊ နှစ်ကျပ်သားလျှော့ပြီး ရောင်းတာတွေကော မရှိကြဘူးလား' (ရှိကြပါ တယ် ဘုရား)

'အေး၊ အဲသလို စုခဲ့ကြရတယ်နော်၊ အဲဒီ အကုသိုလ်တွေက နေ့စဉ်နှင့် အမျှ စုစုလာခဲ့တာပေါ့ကွယ်၊ အစိုးရဝန်ထမ်းအနေနှင့်ကလည်း ရုံးတက်ရတာ ပေါ့၊ မနက် ၁၀ နာရီ ရုံးရောက်၊ ညနေ ၄ နာရီ ရုံးဆင်းပေါ့၊ ဒါပေမဲ့ ကိုယ်က မနက် ၁၀ နာရီခွဲမှ ရုံးရောက်တယ်။ ရုံးဆင်းချိန်ကျတော့ ဆယ့်ငါးမိနစ်၊ နာရီဝက်စောပြီး ဆင်းတယ်၊ လခထုတ်တဲ့အခါ ဒီနာရီဝက်၊ လေးဆယ့် ငါးမိနစ် အတွက် လျှော့ပြီး လခထုတ်ကြရဲ့လား' (မထုတ်ကြပါ ဘုရား)

'အဲဒါတွေဟာ သန့်ရှင်းပါ့မလား' (မသန့်ရှင်းပါ ဘုရား)

'ကဲ၊ သေသေချာချာ လေ့လာကြ ကြားလား၊ တောကျောင်းဆရာပေါ့၊ လခက ၉၀၀ လောက် ရတာပေါ့၊ တစ်နေ့ အပေါင်းအသင်းတွေ ရောက်လာ ပြီး ပျော်ချင်ပါးချင်တော့ ရုတ်တရက် နေမကောင်းဘူးဆိုပြီး ခွင့်မတိုင်လား' (တိုင်ပါတယ် ဘုရား)

'ခွင့်ငါးရက် တိုင်တာပေါ့ကွယ်၊ ငါးရက်ဆိုတော့ သူ့လခနှင့်တွက်ရင် ၁၅၀ ကျပ်ကို လျှော့ယူပါ့မလား' (မယူပါ ဘုရား)

'ဒါတွေဟာ သန့်ရှင်းပါ့မလား' (မသန့်ရှင်းပါဘူး ဘုရား)

'ပစ္စည်းဥစ္စာတွေ ရတယ်ဆိုတာလည်း တရားသဖြင့် ရတာလား၊ မတရား သဖြင့် ရတာလား၊ စဉ်းစားဖို့ မကောင်းဘူးလား' (စဉ်းစားဖို့ ကောင်းပါတယ် ဘုရား)

'ထိထိမိမိ လေ့လာဖို့ လိုတယ်နော်' (မှန်လှပါ)

'ဒါတွေဟာ ဘာကြောင့်လုပ်တာလဲလို့မေးရင် သစ္စာကို မသိလို့ လုပ်တာ ပေါ့။

'ကဲ၊ မကြားစဖူး ကြားဖူး ထပ်မံပေါ့ကွယ်၊ ဒီရွာမှာ တခြား သူဌေးတစ် ယောက်လည်း ရှိသေးတယ်၊ သူကတော့ တရားကိုလည်း လေ့လာတယ်၊ တရား ကိုလည်း အားထုတ်တယ်၊ သူ့ကျတော့ မိုးခေါင်လို့ လူတွေ ဒုက္ခရောက်နေကြ ပြီဆိုတဲ့ သတင်းကို ကြားကတည်းက သူ့ပိုင်တဲ့ ဆန်စပါးတွေကို မရှိဆင်းရဲ

ငတ်မွတ်ခေါင်းပါးတဲ့ လူတွေ လာရင် လှူဖို့ဆိုပြီး သေသေချာချာ သိမ်းထား တော့တာ။ လူတွေက 'သူဌေးကြီး တစ်ဖက်ရွာမှာ တစ်နေ့က ဓားပြတိုက်သွား တယ်၊ ပစ္စည်းတွေလည်း ယူသွားတယ်၊ လူတွေလည်း ရိုက်နှက်သွားတယ်၊ အဲဒါ သူဌေးကြီးက ဘယ်လိုလုပ်မလဲ' လို့ မေးတာပေါ့၊ ဒီအခါကျတော့ သစ္စာသိပြီး သက္ကာယဒိဋ္ဌိပြုတ်နေတဲ့ သူဌေးကြီးက 'လာစမ်းပါစေကွ၊ ငါက သူတို့လိုချင် သလောက်ကို ပေးပစ်လိုက်မှာ၊ ငါသေရင် ပါသွားမယ့်ဟာတွေမှ မဟုတ်တာ၊ အားရပါးရကို လှူပစ်လိုက်မယ်ဟ' လို့ ပြောတော့တာ၊ ကြားလား' (တင်ပါ့ ဘုရား)

'ဒါနဲ့ ဓားပြတွေက ရောက်လာတော့တာပေါ့၊ ဒီအခါ သူဌေးကြီးက မောင် တို့ကို ဦး စကားတစ်ခွန်း၊ နှစ်ခွန်း ပြောစမ်းပါရစေ၊ ဦးမှာ မောင်တို့လာရင် ပေးကမ်းဖို့အတွက် ပစ္စည်းတွေကို အသင့် စုဆောင်းထားတယ်၊ မောင်တို့က ဓားပြတိုက်တယ်ဆိုတဲ့ စကား မပြောကြနဲ့၊ ဦးက မောင်တို့ လိုတာကို ပေးမှာ။ ဦးပေးလို့ မောင်တို့က ယူတာဆိုရင် ဥပဒေလည်း လွတ်တယ်၊ မောင်တို့ကို ဘယ်သူကမှ အရေးယူလို့လည်း မရတော့ဘူးနော်၊ ကဲ၊ ရောက်တုန်းရောက်ခိုက် အားရှိပါးရှိ ပစ္စည်းတွေကို မင်းတို့ သယ်ယူသွားနိုင်အောင် ဒီမှာ စားစရာတွေ ရှိတယ်၊ ငါးခြောက်၊ ငါးခြမ်းတွေ ရှိတယ်၊ ချက်ပြုတ်စားပြီး နားနားနေနေ နေကြဦး၊ စားသောက်ပြီး တရေးတမောအိပ်ပြီးမှ ပစ္စည်းတွေကို မင်းတို့ နိုင် သလောက် ယူသွားကြ၊ ဟောဒီမှာ ငွေတွေ၊ မောင်တို့ကို ဦးတစ်ယောက် တစ်သိန်းကျစီ ပေးလိုက်ဦးမယ်၊ အစားအစာတွေလည်းရ၊ ငွေလည်းရပြီးရင် မောင်တို့ မကောင်းမှုနှင့် အသက်မမွေးကြနှင့်တော့၊ ကောင်းရောင်း ကောင်း ဝယ် လုပ်စားကြပေတော့၊ ဦးလည်း အသက်ကြီးပြီး၊ ဒီပစ္စည်းတွေ အားလုံးကို လှူဖို့ ရည်ရွယ်ပြီး ထားတာပဲကွယ့်၊ ကဲ စားကြ သောက်ကြ။ ပြီးရင် လိုသလောက် ယူသွားကြလို့ ပြောတာပေါ့' (မှန်လှပါ)

'ဒီတော့ ဓားပြတွေက ဒီသူဌေးကို ရိုက်နှက်ပါ့မလား' (မရိုက်နှက်တော့ ပါဘူး ဘုရား)

'ပစ္စည်းဥစ္စာတွေကတော့ ဘုံဆိုင်ကိုး၊ ဓားပြတွေက လိုသလောက် ယူကြ တာပေါ့၊ ဒါပေမဲ့ သူဌေးကြီးရဲ့ စိတ်ကောင်းစေတနာကို နားလည်ကြတဲ့အတွက် ရှိသမျှ အကုန်ယူပါ့မလား' (မယူပါဘူး ဘုရား)

'အေး၊ မယူဘူး၊ တစ်ဝက်တစ်ပျက် ချန်ထားခဲ့တယ်နော်၊ သူဌေးကြီးကို လည်း ဓားပြတွေက ကြည်ညိုကျေးဇူးတင်ပြီး 'ကျွန်တော်တို့ နောင်အခါမှာ ဒီအလုပ်မျိုး မလုပ်တော့ပါဘူး ဦးကြီး ခင်ဗျား' လို့ ဝန်ခံပြီး ပြန်သွားကြတယ် တဲ့၊ ကြားလား၊ ကဲ၊ ဘုံဆိုင်ပစ္စည်းတွေ ပါသွားခြင်းတော့ တူတယ် ဒီသူဌေးမှာ

ကတော့ ကိုယ်ပိုင်အဖြစ်နှင့် ကုသိုလ်တွေ ကျန်မနေခဲ့ဘူးလား' (ကျန်နေခဲ့ပါတယ် ဘုရား)

'အေး၊ အဲဒါ သစ္စာသိ၊ ခန္ဓာသိပြီး သက္ကာယဒိဋ္ဌိပြုတ်နေတဲ့ပုဂ္ဂိုလ် နှလုံးသွင်းပုံပဲကွယ့်၊ သူကတော့ ပစ္စည်းတွေ ပါသွားပေမယ့် ကိုယ်ပိုင်အဖြစ်နှင့် ကုသိုလ်တွေ ကျန်ရစ်ခဲ့တယ်နော်၊ အဲဒါ လေ့လာဖို့ မကောင်းလား' (လေ့လာဖို့ ကောင်းပါတယ် ဘုရား)

'အေး၊ အဲဒီဂိုလည်း လေ့လာကြ၊ ကြားလား' (မှန်လှပါ ဘုရား)

**မွေရှုပ်ခုံမဏ္ဍပ်**

**၁၉၉၄ ခုနှစ်၊ ဩဂုတ်လ**

# မြန်မာဗုဒ္ဓဘာသာနှင့် နတ်ဘိုးဘိုးကြီးများ

[ဗုဒ္ဓဘာသာကို လူမျိုးအသီးသီးက ယုံကြည်ကိုးကွယ်ကြရာတွင် မူလ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းဂန်မှာ မပါသော်လည်း မိမိတို့ လူမျိုးအလိုက် ယုံကြည်သက်ဝင်လက်ခံထားကြသော ရိုးရာယဉ်ကျေးမှုအစွဲအလမ်းများကို ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့် ရောစပ်ပစ်ကြသည်။ ထိုအခါ ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပုံခြင်းတူသော်လည်း မြန်မာဗုဒ္ဓဘာသာနှင့် ထိုင်းဗုဒ္ဓဘာသာ၊ ထိုင်းဗုဒ္ဓဘာသာနှင့် သီရိလင်္ကာ (သီဟိုဠ်) ဗုဒ္ဓဘာသာများသည် ယဉ်ကျေးမှုသဘောအရ အသွင်အပြင်မတူဘဲ ကွဲပြားခြားနားသွားကြရသည်။ ဆိုသဘောကို သတိပြုမိစေရန် မြန်မာဗုဒ္ဓဘာသာတွင် တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်နေသော နာမည်ကျော် တန်ခိုးကြီး စေတီပုထိုးများ၏ အနီးပတ်ဝန်းကျင်တွင် တွေ့ရသော နတ်ဘိုးဘိုးကြီးများအကြောင်းကို တစေ့တစောင်း တင်ပြလိုပါသည်]

ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီသည် ကပ်ကျော်စေတီဖြစ်သည်ဆိုသော စကားကို ကျွန်တော် ကြားဖူးပါသည်။ ကပ်ကျော်စေတီဟုဆိုခြင်းမှာ အနီးအနားမှ ကပ်သွားနေကြသော်လည်း ဘုရားပေါ်တက်ပြီး မကြည်ညိုနိုင်ဘဲ တစ်ချက်မော့ကြည့်ရုံမျှ အနားမှကပ်၍ ကျော်ဖြတ်သွားကြသောကြောင့် ကပ်ကျော်စေတီဟု ဆိုကြောင်းကိုလည်း ကြားဖူးပါသည်။ တကယ်ပင် အများအတွက် မဆိုလိုသော်လည်း ထိုစကားသည် ကျွန်တော့်အတွက်မူ မှန်နေပါ၏။ ဆူးလေစေတီတော်မြတ်၏ ကုန်းတော်ပေါ်သို့ တစ်နှစ်လျှင် တစ်ခေါက် တက်ရောက်ကြည်ညိုမိဖို့ ခဲယဉ်းပါ၏။

မကြာမီကမူ ဆူးလေစေတီကုန်းတော်ပေါ်ရှိ ထူးခြားသော အဆောက်အအုံ စေတီပုထိုး၊ ရုပ်ပွားတော်များ၊ စေတီတော်၏ ပြတိုက်၊ သူတော်စင်များ

အဆောင် စသည်တို့ကို လေ့လာချင်စိတ်ပေါ်ပါသည်။ နောက်ဆုံး ဘက်စုံ မွမ်းမံပြီး ဆူးလေစေတီတော်၏ ရင်ပြင်ပေါ်သို့ တက်ရောက်ကြည်ညိုချင်စိတ် လည်း ပေါ်သည့်အကြောင်းကြောင့် ဆူးလေကုန်းတော်မြတ်ပေါ်သို့ ကျွန်တော် တက်ရောက် ကြည်ညိုမိလေသည်။

ဘက်စုံပြုပြင်မွမ်းမံပြီးနောက် ဆူးလေစေတီတော်မြတ်၏ ကုန်းတော်သည် ကြည်လင်သန့်ရှင်း၍ လှပတင့်တယ်နေပါသည်။ ယခင်က အမြင်ရှုပ်ထွေးမှု မျိုး၊ စိတ်ကျပ်တည်းမှုမျိုးလည်း မရှိတော့ပါ။ မြေဧရိယာကျဉ်းသော်လည်း အမြင် ရှင်းအောင်လုပ်ထားသဖြင့် စိတ်ရွှင်လန်းဖွယ်၊ ကြည်နူးဖွယ်ကောင်းပါသည်။

ကုန်းတော်ပေါ်တွင် လှည့်ပတ်ကြည့်ရှုစဉ် ကျွန်တော့် အာရုံကို အထူး ဆွဲဆောင်ယူငင်သွားသော မြင်ကွင်းမှာ စေတီတော်၏ အရှေ့မြောက်ထောင့် ခပ်ကျကျနေရာမှာ တည်ရှိသော ဆူးလေနတ်ဘိုးဘိုးကြီး၏ နတ်ကွန်းမြင်ကွင်း ဖြစ်ပါသည်။ ဆူးလေစေတီတော်ဘက်သို့ မျက်နှာမူ၍တည်ရှိသော ဆူးလေ နတ်ဘိုးဘိုးကြီး၏ နတ်ကွန်းထဲတွင် ကြည်ညိုနေသူ၊ ပူဇော်နေသူ၊ အဓိဋ္ဌာန် ပုတီးစိပ်နေသူ၊ ငွေကြေးလှူဒါန်းပြီး မိမိတို့၏ လာဘ်လာဘအလို့ငှာ ဆုတောင်း ဆုယူပြုနေကြသူတွေ၊ ငှက်ပျောပွဲ၊ အုန်းပွဲပူဇော်နေကြသူတွေနှင့်အပြည့် ဖြစ်နေပါသည်။ ကျွန်တော် သတိပြုမိသောအချက်မှာ ဆူးလေစေတီကုန်း တော်မြတ်ကြီးပေါ်သို့ တက်ရောက်ကြည်ညိုပြီး စေတီတော်၏ ဝေယျာဝစ္စ အတွက် လှူဒါန်းကြသော လှူဖွယ်ဝတ္ထုများတွင် ဆူးလေနတ်ကြီးအား လှူဒါန်း သော လှူဖွယ်ဝတ္ထုနှင့် ငွေကြေးပမာဏသည် အများဆုံးဖြစ်လိမ့်မည်ဆိုသော အချက် ဖြစ်ပါသည်။ ထို့နောက် ကျွန်တော့်စိတ်ကူးထဲသို့ဝင်လာသော အတွေး တစ်ခုမှာ မြန်မာဗုဒ္ဓဘာသာဝင်များ၏ နတ်ကိုးကွယ်မှုအကြောင်းနှင့် ဆူးလေ နတ်ဘိုးဘိုးကြီးအကြောင်း ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်များသည် လောကုတ္တရာရေးရာနှင့် လောကီရေးရာ နှစ်ရပ်စလုံးအတွက် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြရာ၌ လောကုတ္တရာ ရေး သဘောထားနှင့် လောကီရေး သဘောထားများ မတူခြားနားကြကြောင်း ကို ကျွန်တော် သတိထားမိပါသည်။ ဆူးလေကုန်းတော်ပေါ်တွင် စေတီတော် ကို ကျောခိုင်းပြီး ဆူးလေနတ်ကြီးကို ပူဇော်ပသနေကြခြင်းသည် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်အတွက်မဟုတ်၊ လောကီစည်းစိမ်ချမ်းသာ လာဘ်လာဘအတွက် အန္တရာယ်ကင်း ဘေးရှင်းဖို့အတွက်သာ ဖြစ်သည်။ ထို့ကြောင့် မြန်မာဗုဒ္ဓ ဘာသာဝင်များ နတ်ကိုးကွယ်နေမှုသည် သရဏဂုံပျက်သည်ဟုမဆိုသာ ကြောင်း ကျေးဇူးရှင်သပြေကန်ဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော အောက်ပါစကားရပ်ကို ကျွန်တော် အောက်မေ့မိပါသည်။

'နတ်ကိုးကွယ်တဲ့လူကို တချို့က သရဏဂုံပျက်တယ်လို့ ပြောကြတာ၊ တချို့ကလည်း နတ်ကိုးကွယ်တာ သရဏဂုံ မပျက်ဘူးလို့ ပြောကြတယ်၊ အဲဒီတော့ ဘုန်းကြီးတို့ နတ်ကိုးကွယ်တဲ့ပုဂ္ဂိုလ်တွေကို သရဏဂုံပျက်တယ်လို့ ဇောက်ချ ပြောလို့လည်း မဖြစ်ဘူး၊ သူ့ အမှုကိုလိုက်လို့ပဲ ဘုရားကို ပစ်ပြီးတော့ နတ်ကိုသာ ကိုးကွယ်ရမှတ် ကိုးကွယ်ရင် အဲဒါတော့ ပျက်မှာပေါ့၊ ဒီလိုမဟုတ်ဘဲနဲ့ ဘုရားကို မပစ်ပယ်ဘဲ ဘုရားကို ကိုးကွယ်ပြီးတော့ နတ်ကို လောကီစီးပွား ကြီးပွားရာ ကြီးပွားကြောင်းအနေနှင့် ကိုးကွယ်တာကိုတော့ သရဏဂုံပျက်တယ်လို့ မဆိုနိုင်ဘူး၊ နတ်ကိုးကွယ်မှုကို ဘုရားရှင်ကိုယ်တော်မြတ်ကလည်း မပစ်ပယ်ပါဘူး' ဟု သပြေကန်ဆရာတော်ကြီးက သူ၏ ဥပါသကာရ ဂုဏ်ရည်နှင့် သရဏဂုံတရားတော်စာအုပ်မှာ ဖြေကြားထားလေသည်။

နောက်များမကြာမီ ကျွန်တော် သယ်န်းကျွန်းရှိ ကျိုက္ကစံစေတီသို့ ကြည်ညိုရန် ရောက်ရှိသွားပြန်သည်။ ကျိုက္ကစံစေတီရဲ့ အရှေ့ဘက်ထောင့်တစ်နေရာတွင် သီးခြားခမ်းနားသော နတ်ကွန်းအဖြစ်တည်နေသော ကျိုက္ကစံ သယ်န်းကျွန်း ဘိုးဘိုးနတ်ကြီးကို တွေ့ရပြန်သည်။ သယ်န်းကျွန်း ဘိုးဘိုးနတ်ကြီးတွင်လည်း ဝတ်ကောင်းစားလှများ လှူထားသည်မှာ မနည်းပါ။ ဘိုးဘိုးနတ်ရုပ်ကြီးမှာလည်း ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ဖြစ်၍ ကြည်ညိုဖွယ်အဆင်း ရှိပါသည်။ ထိုအခါ ကျွန်တော် ရှေးဒဏ္ဍာရီစကားများကို သတိရသည်။ ထိုစကားမှာ ဥက္ကလာပမင်းကြီး ရွှေတိဂုံစေတီတော်ကို တည်ထားရန်အတွက် သိင်္ဂုတ္တရကုန်းမြေနေရာကို ရှာဖွေစဉ်က သိကြားမင်း ပြညွှန်ခဲ့ပြီးနောက် ရွှေတိဂုံစေတီတော် တည်ထားသောအခါ ဂေါတမမြတ်စွာဘုရား ဆံတော်ဓာတ်အပြင် ရှေးက ပွင့်တော်မူခဲ့ပြီးသော ကကုသန်၊ ကောဏဂုံ၊ ကဿပ မြတ်စွာဘုရားတို့၏ ဓာတ်တော်သုံးဆူပေါင်းပြီး လေးဆူဓာတ်ပုံ ရွှေတိဂုံတည်ထားရန် ပြောဆိုသော စကားများကိုလည်း သတိရအောက်မေ့ပြန်သည်။ အမှန်မှာ ဤဘိုးဘိုးကြီးနတ်များသည် ရွှေတိဂုံစေတီတော်သမိုင်းကြောင်းနှင့်လည်း ဆက်စပ်နေသော သမိုင်းဝင်နတ်ကြီးများဖြစ်ကြောင်း သတိပြုမိလာပြန်သည်။ ဤကိစ္စသည် မြန်မာဗုဒ္ဓဘာသာ၏ ထူးခြားသော သမိုင်းရေးရာ၊ ယဉ်ကျေးမှုရေးရာ ကိစ္စတစ်ရပ်ဖြစ်သဖြင့် စေ့စေ့စပ်စပ် လေ့လာဖို့ကောင်းသည်။ မြန်မာအကြောင်းကို သိချင်ကြသော တိုင်းတစ်ပါးသား သုတေသီ ပညာရှင်များလည်း စိတ်ဝင်စားမည့်ကိစ္စတစ်ရပ်ဖြစ်သည်ဟု ထင်သဖြင့် ကျွန်တော် ရှေ့ပြေးလေ့လာမှုကို ပြုချင်စိတ်ပေါ်လာပြန်သည်။

ရန်ကုန် (ဒဂုံ) မြို့ ပတ်ဝန်းကျင်ရှိ တန်ခိုးကြီးစေတီပုထိုးများတွင် တခမ်းတနား ကွန်းဆောင်ကြီးများ ဆောက်လုပ်လှူဒါန်းထားသော ဘိုးဘိုးနတ်ကြီးများ

ကို ဘုရားဖူးလာသူ ပရိသတ်များ သတိတရ သွားရောက် ကြည်ညိုဖူးမြော် လျှုဒါန်းနေကြသည်မှာလည်း လာဘ်လာဘကိစ္စ၊ အန္တရာယ်ကင်းဘေးရှင်းရေး တစ်ခုတည်းအတွက်မဟုတ်ဘဲ ထိုနတ်ကြီးများ၏ မြန်မာဗုဒ္ဓဘာသာ သာသနာ တော်အတွက် ကျေးဇူးကြီးခဲ့ကြသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဆူးလေနတ်ကြီးနှင့် သယ်န်းကျွန်းနတ်ကြီးများကို အလေးဂရုပြုမိပြီး နောက်မကြာမီတွင် ကျွန်တော် ဗိုလ်တထောင် စေတီတော်သို့ ကြည်ညိုရန် ရောက်ရှိသွားပြန်သည်။ ဗိုလ်တထောင်စေတီတော်၏ အရှေ့တောင်ထောင့် ကန်ရေပြင်၏ အဆုံးတွင် ရောဟဏီနတ်ကြီးဟု အမည်တွင်သော ဗိုလ်တထောင်ဘိုးဘိုးနတ်ကြီးတည်ရာ နတ်ကွန်းကြီး ရှိပါသည်။ ဗိုလ်တထောင် နတ်ဘိုးဘိုးကြီး၏ ဆန့်တန်းထားသော လက်ပေါ်တွင် တင်လှူထားသော ပဝါစ များကား ရောင်စုံ ဖြစ်ပါသည်။ နတ်ဘိုးဘိုးကြီးအား လှူဒါန်းနေကြသူတွေ၊ ပူဇော်ပသ နေကြသူတွေလည်း နေ့ညအချိန်မရွေး ရှိပါသည်။ ယခု ဗိုလ် တထောင်စေတီ ဘက်စုံပြုပြင်မွမ်းမံအပြီးတွင် နတ်ကြီးကို လှပသောကွန်းဖြင့် တခမ်းတနား ပူဇော်ထားပါသည်။

ထိုအခါ ဆူးလေနတ်ကြီး၊ ဗိုလ်တထောင်နတ်ကြီး၊ သယ်န်းကျွန်းနတ်ကြီး နှင့် ကျွန်တော် ကြားဖူးထားသော မှော်ဘီနတ်ကြီးများ၏ ဆက်စပ်နေသော သမိုင်းကြောင်းကို သိချင်သောစိတ် ဖြစ်လာပြန်သည်။ ထို့ကြောင့် ရွှေတိဂုံ သမိုင်းနှင့်ဆက်စပ်နေသော ထိုနတ်ကြီးများအကြောင်းကို ကျွန်တော် တစေ့ တစောင်း လေ့လာမိပြန်သည်။

ဉက္ကလာပမင်းကြီးသည် ဆံတော်မြတ်ကို စေတီတည်ရန်အတွက် မှူးမတ် သေနာပတိ အစုံအလင်ဖြင့် စည်းဝေးတော်မူ၏။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့အားလည်း မြတ်ဘုရား၏ မိန့်ကြားတော်မူအပ်သည့် ဗျာဒိပ်စကားကို မေးမြန်းတော်မူ၏။ ထိုအခါ ညီနောင်နှစ်ယောက်တို့က ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရား သုံးဆူ၏ ပရိဘောဂအသုံးအဆောင် များ တည်ရှိရာ 'သိင်္ဂုတ္တရ' ကုန်းတော်တွင် စေတီတည်ရမည်ဖြစ်ကြောင်း လျှောက်ထားကြကုန်၏။

နေမျိုးကျော်ထင် ရေးသားသည့် ပေါ်တော်မူ ဗုဒ္ဓတစ်ထောင် သမိုင်း စာအုပ်တွင်လည်းကောင်း၊ ဆရာမောင်ဆုရှင်ရေးသည့် ရွှေတိဂုံစေတီတော် မြတ်စာအုပ်တွင် လည်းကောင်း၊ ရွှေတိဂုံ ဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ် သမိုင်းတွင် ပါဝင်နေသော ဆူးလေနတ်ကြီး၊ ရောဟဏီ ဗိုလ်တထောင်နတ်ကြီး၊ ဒက္ခိဏာ ခေါ် သယ်န်းကျွန်းနတ်ကြီး၊ မှော်ဘီနတ်ကြီးနှင့် အမြဲဿခေါ် နတ်ကြီး များအကြောင်း အနည်းငယ်ပါရှိပါသည်။

ဒက္ခိဏာရီသမိုင်းကြောင်းအရ ဥက္ကလာပမင်းကြီးသည် သိင်္ဂုတ္တရကုန်းမြေကို ရှာ၍မတွေ့သဖြင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက ကူညီရှာဖွေပေး ကြရန် ပူဇော်၍ တောင်းခံသည်။ ထိုအခါ သိကြားမင်းလာရောက်၍ သိင်္ဂုတ္တရ ကုန်းမြေကို ညွှန်ပြသည်။ သို့သော် ရှေးဘုရားရှင်တို့၏ ပရိဘောဂဓာတ်တော် များ တည်ရှိသော နေရာကို မသိသဖြင့် သူ့ထက်အသက်ကြီးသော ရေသဖန်း ပင် စောင့်နတ်ကို မေးမည်ဆိုပြီး မေးလေသည်။ ရေသဖန်းပင်စောင့်နတ် ကလည်း သူ့အသက်မှာ အနန္တရကပ်တစ်ဝက်သာရှိသေးသည်။ သူ မသိနိုင် ကြောင်း သူ့ထက် အသက်ကြီးသော နတ်ကြီးများကို မေးသင့်ကြောင်း သိကြား မင်းအား အကြောင်းပြန်လေသည်။ သိကြားမင်းလည်း အန္တရကပ် သုံးကပ် ခွဲမျှ အသက်ရှည်သော ဆူးလေနတ်ဘိုးဘိုးကြီး၊ ရေဟာဏီဝိုလ်တထောင်နတ် ကြီး၊ ဒက္ခိဏာသယ်န်းကျွန်းနတ်ဘိုးဘိုးကြီး၊ အမြိုသခေါ် မော်ဘီနတ်ဘိုးဘိုးကြီး တို့ကို စုံစမ်းလေသည်။ (ဤတွင် အမြိုသနတ်ကြီးသည် မော်ဘီနတ်ကြီးဖြစ် ကြောင်း ဆရာမောင်ဆုရှင် ဖော်ပြထားသည့် နေမျိုးကျော်ထင် မူနှင့် ကွဲသည်) အဆိုပါ နတ်ကြီးများတွင် ဆူးလေ နတ်ကြီးသည် အသက်အကြီးဆုံး ဖြစ်သည်။ ဆူးလေနတ်ကြီးသည် ကကုသန်ဘုရားရှင်လက်ထက်၌ ဘီလူး ဖြစ်ဖူး၏။ နေ့စဉ် ဆင်တစ်ကောင်ကျ စား၏။ တစ်နေ့သ၌ စားသောက်ရန် အစာကို မွတ်သိပ်ဆာလောင်စွာ ရှာဖွေနေစဉ် ကကုသန်မြတ်စွာဘုရားနှင့် တွေ့၏။ ဘုရားကိုပင် စားမည်ကြံ၏။ ကကုသန်မြတ်စွာဘုရားက သူ့အား တားမြစ် ဆုံးမတော်မူ၏။ ဘီလူးလည်း သံဝေဂရ၏။ ထိုအခါ မြတ်စွာဘုရားက ခုနစ် နှစ် ငါးပါးသီလမြဲရန် ဝန်ခံကတိကို တောင်း၏။ ဘီလူးလည်း ခုနစ်နှစ်ကား များလွန်းသည်ဟု တုံ့ပြန်လျှောက်ထား၏။ သို့ဖြစ်လျှင် ငါးပါးသီလကို ခုနစ် ရက် ဆောက်တည်ရန် ဘုရားက ဆုံးမတော်မူပြန်၏။ ဘီလူးလည်း ငါးပါးသီလ ကို ဆောက်တည်ရန် ဝန်ခံ၏။ ထိုအခါ ဘီလူးအကျွတ်တရားရသည်။ ထိုအခါ ကကုသန် မြတ်စွာဘုရား၏ တပည့်သားအဖြစ် တည်၏။ မြတ်စွာဘုရားရှင် သည် ဘီလူးအား မိမိ၏ တောင်ဝှေးကို ပေးသနားတော်မူခဲ့လေသည်။ ထိုဘီလူး သည် ဆူးလေနတ်ကြီး ဖြစ်လာခဲ့လေသည်။ ထိုတောင်ဝှေးကို သိင်္ဂုတ္တရကုန်း ရွှေကညင်ပင်ကြီးအောက်မှာ မြှုပ်ထားကြောင်းဆို၏။

ထို့နောက် ရေဟာဏီနတ်ကြီးသည် ကောဏာဂုံမြတ်စွာဘုရားလက်ထက် က ဘီလူးအဖြစ် ဖူးမြင်ခွင့်ရရှိပြီး မြတ်စွာဘုရား ပေးသနားသဖြင့် ရေစစ် ဓမ္မကရိုဏ်ကို ရရှိခဲ့ကြောင်း၊ ရွှေကညင်ပင်အောက်မှာပင် ဘုရားဗျာဒိပ်တော် အရ မြှုပ်ထားကြောင်း ဆိုသည်။

ဒက္ခိဏနတ်ကြီးသည် ကဿပဘုရားပွင့်တော်မူစဉ် ဘီလူးအဖြစ်ဖြင့် အကျွတ်တရားရသဖြင့် မြတ်စွာဘုရားက ရေသနုပ်တော်ကို ချီးမြှင့်၍ ရရှိခဲ့ကြောင်း ဗျာဒိပ်အရ ရွှေကညင်ပင်ကြီးအောက်မှာပင် မြှုပ်ထားကြောင်း ဆိုလေသည်။

ထို့နောက် အမြိဿအမည်ရသော မော်ဘီနတ်ကြီးက ငါသည် မြတ်စွာဘုရားဆံတော်ကို စောင့်ရှောက်ရမည့်သူ ဖြစ်သည်ဟု ဆိုသည်။

ဤနတ်ကြီးလေးပါးသမိုင်းကား ထင်ရှားပြီ ဖြစ်၏။ သို့ရာတွင် ကျွန်တော်ရန်ကုန်မြို့ ကျိုက်ဝိုင်းစေတီသို့ ရောက်သောအခါ၌လည်းကောင်း၊ မြောက်ဥက္ကလာပ မယ်လမုဘုရားသို့ ရောက်သောအခါ၌ လည်းကောင်း၊ ပဲခူး ဟင်္သာကုန်းပေါ်သို့ ရောက်သောအခါ၌ လည်းကောင်း ထိုဘုရားစေတီများ အနီးအပါးတွင် နတ်ကွန်းများဖြင့် တခမ်းတနား တည်ထားသော ကုန်းတော်စောင့်ဘိုးဘိုးနတ်ရုပ်ကြီးများကိုလည်း တွေ့ရှိခဲ့ရလေသည်။

ထိုနတ်ကြီးများသည် ထိုဘုရား စေတီများ သမိုင်းနှင့် ဆက်စပ်မှုမည်သို့ရှိသည်ကိုကား ကျွန်တော် မလေ့လာရသေးပါ။ သို့သော် မြန်မာနိုင်ငံ တန်ခိုးကြီးဘုရားစေတီများတွင် (ဥပမာ ကျိုက်ထီးရိုးဘိုးဘိုးကြီးကဲ့သို့) နတ်ဘိုးဘိုးကြီးများ စောင့်ရှောက်လျက်ရှိသည်ဟု ယုံကြည်ခြင်းသည် မြန်မာတို့၏ ရိုးရာယုံကြည်မှုတစ်ရပ်ပင် ဖြစ်ကြောင်းကား ထင်ရှားပါသည်။

**ဓမ္မရုပ်စုံမဂ္ဂဇင်း**

**၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ**

## ဒေါက်တာဂျိုးပိုလန်နှင့် တွေ့ဆုံခြင်း

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိအဖွဲ့က ကြီးမှူးပြီး ကမ္ဘာ့ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ နည်းပေးလမ်းပြပြုသော ဓမ္မဇောတိဝိပဿနာရိပ်သာတရားပတ် ၁၀ ရက် စခန်းများကို ၁၉၉၃ ခုနှစ်အတွက် ဖွင့်လှစ်ခဲ့သည်မှာ တတိယပတ်သို့ပင် ရောက်ရှိပြီး ဖြစ်လေသည်။ တတိယတရားစခန်းသိမ်းပွဲကို ၉-၁၁-၉၃ နေ့ နံနက်တွင် ကျင်းပပြုလုပ်ခဲ့လေသည်။

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိအဖွဲ့ အတွင်းရေးမှူး ဦးကျော်ခင်မြင့် (သဒ္ဓမ္မဇောတိကဓဇ) က '၉ ရက်နေ့ တရားစခန်းသိမ်းပွဲကို ဆရာလာပါ၊ အဲဒီနေ့မှာ သာသနာရေးဝန်ကြီးနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်တချို့ရယ်၊ ဓမ္မမိတ်ဆွေ နည်းနည်းပါးပါးပဲ ဖိတ်ကြားထားပါတယ်၊ နေ့လယ်စာလည်း စီစဉ်ထားပါတယ်၊ ဆရာလာဖြစ်အောင် လာပါ' ဟု ဖိတ်ကြားပါသည်။ ထို့နောက် ဦးကျော်ခင်မြင့်က 'ဒီတရားပတ်မှာ နိုင်ငံခြားသား ယောဂီတွေ တော်တော်များပါတယ်၊ သူတို့နှင့် ဆရာ အင်တာဗျူး လုပ်နိုင်အောင်လည်း ကျွန်တော် စီစဉ်ပေးပါမယ်' ဟု ဆိုသည်။

ဦးကျော်ခင်မြင့်၏ ဖိတ်ကြားခြင်းအတွက် ဝမ်းမြောက်မိသည်။ အထူးသဖြင့် မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓဘာသာကို စိတ်ဝင်စားပြီး ဝိပဿနာလုပ်ငန်းကြီးကို ကမ္ဘာက များစွာ တန်ဖိုးထားကာ မြန်မာနိုင်ငံသို့ အရောက် တကူးတက လာပြီး ဓမ္မရသကို ခံစားကြသော နိုင်ငံခြားသား ယောဂီများနှင့် စကားပြောခွင့် ရမည်ဆိုခြင်းအတွက် ပို၍ စိတ်အားတက်ကာ ဝမ်းမြောက်ရပါသည်။

အနောက်တိုင်းသားများကား ပစ္စည်းလည်း ပေါများ၊ ဉာဏ်ပညာလည်း ကြီးမားသူများ ဖြစ်ကြပါသည်။ ထိုသူတို့က ယခုအခါ ဝေးလံသော အရပ်မှ

ကြာအိုင်ကြီးရှိရာသို့ ပျံသန်းလာကြပြီး ချိုမြိန်သော ကြာပန်း၏ အနှစ်သာရကို ခံစားသော ပျားပိတုန်းများပမာ ဝိပဿနာမေ့အရသာကို ခံစားနေကြလေသည်။ ကြာအိုင်အတွင်းမှာနေသော ဖားများက ကြာပန်းကြာဆန်၏ အရသာကို မခံစားတတ်ကြ၊ အဝေးမှ ပျံသန်းရောက်ရှိလာသော ပျားပိတုန်းများကသာ ကြာအိုင်အတွင်းမှ ကြာပန်း၏ အရသာကို ခံစားရသည်ဆိုသော မြတ်ဗုဒ္ဓ၏ စကားလိုများဖြစ်နေပြီလားဟု ပထမ စဉ်းစားမိသည်။

သို့သော် ထိုသို့ကား မဟုတ်ပါ။ မြန်မာပြည်အနယ်နယ်အရပ်ရပ်က လာရောက်၍ ဝိပဿနာတရားများကို အားထုတ်နေကြသော မြန်မာယောဂီအမျိုးသား၊ အမျိုးသမီးများစွာကိုလည်း တွေ့မြင်ရ၍ မြန်မာဗုဒ္ဓဘာသာအတွက် အားတက်မိပါသည်။ အားတက်မိခြင်းမှာ လူ့ဘဝကို ရရှိပြီး ကံအားလျော်စွာ အတိဒုလ္လဘဗုဒ္ဓ သာသနာတော်ကြီးနှင့် ကြုံကြရသော ပုထုဇဉ်များသည် ကျန် ဝိပဿနာတရားစခန်းများကြောင့် ဤဘဝဝယ် လူဖြစ်ရကျိုးနပ်သော ဗုဒ္ဓဘာသာအစစ်၊ ကလျာဏပုထုဇဉ်များဖြစ်လာကြတော့မည့်အရေးကို တွေးမိသောကြောင့် ဖြစ်ပါသည်။

ဤတစ်ကြိမ် ပို၍ ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ရသည်မှာ မိမိလေးစားချစ်ခင်ရသော မိခင်သဖွယ်ဖြစ်သော ဆရာမကြီး ဒေါ်ခင်မျိုးချစ်ကိုပါ ဤတရားစခန်းတွင် တရားပတ်ဝင်သော ယောဂီအဖြစ် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။ ဆရာမကြီးကား စွန်းလွန်းဆရာတော်ကြီးရှိစဉ်အခါကပင် စွန်းလွန်း ယောဂီအဖြစ် ဝိပဿနာတရားကို များစွာ အားထုတ်ခဲ့သူဖြစ်ပါသည်။ သို့ရာတွင် ဆရာမကြီးမှာ လေးဖက်နာလို အကြောအဆစ်ကိုက်ခဲသော ဝေဒနာကြောင့် အိပ်ရာထဲလဲနေခဲ့သည်မှာ အချိန်အတန်ကြာပြီဖြစ်ပါသည်။ သို့ပါလျက် ဆရာမကြီးသည် ခန္ဓာကိုယ်ကို ရရှိခြင်း ဒုက္ခသစ္စာကို ပို၍ သိမြင်စေရန် ဝေဒနာကို ပဓာနမထားဘဲ ၁၀ ရက် စခန်းကို အောင်မြင်စွာ အားထုတ်ခဲ့ပြီး ဖြစ်လေသည်။ ရင်ထဲမှ အကြိမ်ကြိမ် သာခုခေါ်လိုက်ရပါသည်။

စခန်းသိမ်းပွဲ အခမ်းအနားကို အကျွန်ုပ်ရောက်ရှိလာသောအခါ ဆရာကြီးဦးဂိုအင်ကာသည် လေးနက်သော အသံကြီးဖြင့် သူပြုသမျှ ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေနေပါသည်။ ထို့နောက် စခမ်းသိမ်းပွဲ အခမ်းအနား ပြီးဆုံးပါသည်။ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် စသော ဌာနဆိုင်ရာ အကြီးအကဲများ လာရောက်အားပေးချီးမြှင့်ကြပါသည်။ ဖိတ်ကြားထားသော ဧည့်သည်များအား သက်သတ်လွတ်သီးစုံဒံပေါက်၊ ပူရီမုန့်များဖြင့် နေ့လယ်စာ တည်ခင်းပါသည်။ ဧည့်သည်များ

အတန်ငယ် ရှင်းသွားသောအခါ ဦးကျော်ခင်မြင့်က မိမိနှင့် နိုင်ငံခြားသား ယောဂီများနှင့် တွေ့ဆုံရေးကို စီစဉ်ပေးပါသည်။

ယခုအပတ် တရားစခန်းဝင်သူ နိုင်ငံခြားသား ယောဂီ ကျား၊ မ အတော် များပါသည်။ နိုင်ငံစုံမှ ဖြစ်ဟန်တူပါသည်။ ယောဂီအားလုံးကို တွေ့ဆုံမေး မြန်းလိုသော်လည်း မိမိမှာ အခြား အလုပ်တာဝန်များလည်း ရှိနေသဖြင့် အချိန် မပေးနိုင်ပါ။ ထို့ကြောင့် ဒေါက်တာဂျိုးပိုလန်ဆိုသော နိုင်ငံခြားသား ယောဂီ တစ်ဦးကိုသာ တွေ့ဆုံမေးမြန်းခဲ့ရပေတော့သည်။

**အကျွန်ုပ်**။ ။ ပထမ ကျွန်တော့်ကို လူကြီးမင်းရဲ့ ကိုယ်ရေးအကျဉ်းကို မှတ်တမ်းတင်ခွင့်ပြုပါ။

**ဒေါက်တာပိုလန်**။ ။ ဘာလဲ၊ ကျွန်တော့်ပညာအရည်အချင်းတို့ ဘာတို့ လား။

**အကျွန်ုပ်**။ ။ ဟုတ်ပါတယ်၊ နာမည်၊ လူမျိုး၊ ပညာအရည်အချင်း၊ အလုပ်အကိုင် စသည်ပေါ့ ခင်ဗျာ။

**ဒေါက်တာပိုလန်**။ ။ ဟုတ်ကဲ့၊ ကျွန်တော့်နာမည် ဂျိုးပိုလန်ပါ။ ပိုလန် နိုင်ငံ စာလုံးပေါင်းပါပဲ။ ကျွန်တော်က ကနေဒါနိုင်ငံသားပါ။ ဆေးပညာမှာ ဆရာဝန်ဘွဲ့ ရထားသူ ဖြစ်ပါတယ်။ ဆရာဝန်အဖြစ်နဲ့ အသက်မွေးပါတယ်။ ကျွန်တော့်မှာ ဇနီးသားသမီးများလည်း ရှိပါတယ်။ ကျွန်တော့်အလုပ်က ဝင်ငွေ ကောင်းပါတယ်။ ကျွန်တော့်ဆီကို လာပြီး ဆေးကုသခံနေကြတဲ့ လူနာတွေ လည်း အစုံပါပဲ။ သူတို့အထဲမှာ ချမ်းသာကြွယ်ဝတဲ့သူတွေလည်း ပါပါတယ်။ ကျွန်တော်ဟာ အဲဒီလို ဆေးပညာရှင်အဖြစ်နှင့် ဆေးကုသလို့ အောင်မြင်နေတဲ့ အချိန်မှာပဲ ငွေကြေးဥစ္စာတွေ အများအပြားရရှိသော်လည်း ကျွန်တော် မပျော်ပါ ဘူး။ ကျွန်တော် အကြီးအကျယ် စိတ်ညစ်လာပါတယ်။ စိတ်ဓာတ်မှာလည်း ဖိစီးမှုတွေ သိပ်များပြီး စိတ်ဓာတ်ကျတဲ့ရောဂါလို ဖြစ်လာပါတယ်။ လင်မယား စိတ်ဝမ်း အကြီးအကျယ်ကွဲလာပါတယ်။ ရောဂါသည်များကို ပြန်ကြည့်တော့ လည်း သူတို့မှာပါ သောကတွေ တစ်ပုံကြီးနှင့် သူတို့လည်း မပျော်ကြပါဘူး။ စိတ်ဆင်းရဲနေကြတယ်။ စိတ်ဓာတ်ကျနေတယ်။ ကျွန်တော်လည်း ဘာလုပ် ရမှန်း မသိတော့ဘဲ အကြံအိုက်နေပါတယ်။ ကံအားလျော်စွာပဲ အဲဒီအချိန်မှာ အဲဒီအချိန်ဆိုတာ ၁၉၇၀ ပြည့်နှစ် ဝန်းကျင်မှာပါ။ ကျွန်တော် မိတ်ဆွေတစ်ဦး နှင့် တွေ့ပါတယ်။ သူက 'မင်း သိပ်စိတ်မချမ်းမသာ ဖြစ်နေရင် စိတ်ပြေလက် ပျောက် အိန္ဒိယပြည်ကို သွားပါလား၊ အိန္ဒိယမှာ စိတ်နှင့်ပတ်သက်တဲ့ ကျင့်စဉ် တွေ၊ လေ့ကျင့်တဲ့ စခန်းတွေ ရှိတယ်။ အိန္ဒိယကို သွားလိုက်ရင် မင်း စိတ် ပြောင်းသွားမှာပဲလို့ ပြောပါတယ်။ ဒါနှင့် စိတ်ဝမ်းကွဲနေတဲ့ ဇနီးနှင့်လည်း

ဝေးရင် ပြီးရောဆိုပြီး ကျွန်တော် အိန္ဒိယပြည်ကို ထွက်သွားခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်မှာပါ။

မှတ်မိမှာပေါ့။ အဲဒီ အချိန်တုန်းက အိန္ဒိယပြည်မှာ 'ဟစ်ပီ' ဆိုတဲ့ ပျော်သလိုနေ ကိုယ့်လူရေ ဆိုတဲ့ ဂိုဏ်းမျိုးတစ်ဂိုဏ်း ပေါ်နေပါတယ်။ ဒီထက် ကျွန်တော်လည်း တိုတိုပြောကြစို့ဆိုရင်တော့ 'ဟစ်ပီ' ဂိုဏ်းဝင် ဖြစ်သွားပါတော့တယ်။ ဆံပင်အရှည်ကြီးထားတယ်။ စိတ်ကို ရွှင်လန်းစေတဲ့ မူးယစ်ဆေးဝါးမျိုးစုံကို သုံးစွဲတယ်ဆိုပါတော့။ ဒီတော့ ဘာဖြစ်သလဲ။ ဆေးမူးနေတုန်း ဆေးရှိန်တက်နေတုန်းတော့ အိပ်မက်ထဲမှာ ပျော်သလို ပျော်ပါတယ်။ အမူးပြေပြီး အိပ်ရာက နိုးတော့ စိတ်ညစ်တာပဲ။ ကျွန်တော် အိန္ဒိယက မပြန်ဘူး။ ကျွန်တော့် သမီးကလေး အသက် သုံးနှစ်ခွဲအရွယ်ပဲ ရှိသေးတယ်။

အဲဒီလို အိန္ဒိယမှာ ဟစ်ပီဘဝနှင့် မျောနေတုန်းမှာ ကံအားလျော်စွာ ဆရာကြီး ဂိုအင်ကာရဲ့ ဝိပဿနာ ၁၀ ရက်စခန်းနှင့် တိုးတော့တာပဲ။ ဆရာကြီးက ဗုဒ္ဓဘာသာရယ် မဟုတ်ဘူး၊ ဘယ်ဘာသာပဲဖြစ်ဖြစ် ဒီတရားကို အားထုတ်နိုင်တယ်။ ဒီဓမ္မဟာ သဘာဝကျတယ်။ သိပ္ပံနည်းကျတယ်။ ကိုယ်တိုင်လုပ်ကြည့် ကိုယ်တိုင်သိတယ်။ ကမ္ဘာကြီးတစ်ခုလုံး ပရိဒေဝမီး တောက်လောင်နေကြတယ်။ ဘယ်သူပဲဖြစ်ဖြစ် စိတ်ဆင်းရဲကြရတဲ့လူတွေ ဒီတရားကို စမ်းပြီး အားထုတ်ကြည့်၊ ၁၀ ရက်စခန်း ပြီးရင် လက်တွေ့ ဒိဋ္ဌ အကျိုးခံစားရမယ်။ အကျိုးရလဒ်ကို သူများကို မေးနေစရာ မလိုဘူး။ ကိုယ်တိုင် ခံစားသိမြင်ရမယ်လို့ ဆိုတယ်။

ဒါနှင့် အင်ဂတ်ပူရီမှာ ကျွန်တော် ၁၀ ရက်စခန်း ဝင်သွားပါတယ်။ ပထမမှာတော့ တော်တော် အခက်အခဲနှင့် ရင်ဆိုင်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်စိတ်တွေက သိပ်ရိုင်းနေတယ်လေ။ စပြီး သမာဓိရအောင် အားထုတ်ကတည်းက ပေါက်လွှတ်ထားတဲ့ စိတ်ရိုင်းရဲ့ ကြမ်းတမ်းခက်ထန်နေတဲ့ သဘာဝကို စပြီး သိလာတယ်။ ဒီစိတ်ဓာတ်ကို နူးညံ့သိမ်မွေ့လာအောင် ဓမ္မက သွန်သင်ပေးပါတယ်။ နောက်တော့ စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန ဒိဋ္ဌိ ဆိုတဲ့ ကိလေသာတရားတွေ အမြောက်အမြား ရှိနေတယ်ဆိုတာကို ပိုပြီး သိလာတယ်။

ဒီအခါကျတော့ ငါစိတ်ညစ်နေတာ ငါစိတ်ဆင်းရဲနေတာဟာ ငါထင်သလို သူများကြောင့် မဟုတ်ဘူး။ ကိုယ့်စိတ်ထဲမှာရှိနေတဲ့ ကိလေသာတရားဆိုးတွေကြောင့်ပါလားဆိုတာကို သိမြင်နားလည်လာတယ်။ တဏှာဆိုတဲ့ သဘောကို သိလာတယ်။ ခန္ဓာငါးပါးဆိုတဲ့ ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ ယထာဓမ္မအမြင်ကို သဘောပေါက်လာတယ်။ ဝေဒနာပစ္စယာတဏှာဆိုတာကို နားလည်လာ

တယ်။ နောက်ပြီး ဝိပဿနာတရားကို အားထုတ်လိုက်တဲ့အခါ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါးဆိုတာတွေဟာ စိတ်က ဖန်တီးထားတဲ့ Projections of mind တွေပါလားဆိုတာကို သဘောပေါက်လာတယ်။ ပူတယ်၊ အေးတယ်၊ မာတယ်၊ ပျော့တယ်၊ လှုပ်ရှားတယ်၊ ထောက်ကန်တယ်၊ ယိုစီးတယ်၊ ဖွဲ့စည်းတယ် ဆိုတဲ့ ခံစားသိမြင်ရတဲ့ တရားတွေရဲ့ သဘောမျှသာပဲ။ ဒါတွေဟာလည်း အမြဲမရှိဘူး။ အနိစ္စဓမ္မတွေပဲဆိုတာတွေကိုပါ သိသွားတယ်။ ဒီအခါကျတော့မှာ အရင်က စိတ်ရှုပ်ထွေးနေတာတွေ ရှင်းသွားပြီး တရားပတ်ဆုံးတဲ့အခါ မိမိဟာ အရင်ကနှင့် လုံးဝ မတူတော့ဘဲ အကြီးအကျယ် ပြောင်းလဲနေတာကို အံ့ဩစရာ တွေ့မြင်လိုက်ရပါတော့တယ်။

ဒါဟာ သူပြော ငါပြော မဟုတ်ဘူး။ ထင်မြင်ယူဆတာ မဟုတ်ဘူး။ လက်တွေ့ ထင်ရှားဖြစ်လာတဲ့ အကျိုးရလဒ်ကို ကိုယ်တိုင်ခံစားရတာပဲ။ ဘာမှ ပြောစရာ မလိုတော့ဘူး။ ဘယ်သူ့ကိုမှ မေးစရာလည်း မရှိဘူး။ မူးယစ်ဆေးတွေ သောက်ပြီး ကိုယ့်ကိုယ်ကိုယ် လှည့်စားနေတာမျိုးလည်း မဟုတ်ဘူးဆိုတာ ပိုင်ပိုင်နိုင်နိုင်သိသွားတဲ့အခါ ကျွန်တော် အိန္ဒိယကမပြန်ဘဲ လေးငါးနှစ်ဆက်ပြီး တရားအားထုတ်နေပါတယ်။

နောက် ကျွန်တော့်အိမ်ကို ပြန်သွားတော့ ကွဲနေတဲ့ ဇနီးကို အရင် အမြင်မျိုးနှင့် မကြည့်တော့ဘူး။ ကျွန်တော့်ကို စိတ်ညစ်အောင်လုပ်တာဟာ ကျွန်တော့် ဇနီးပဲလို့ အရင်တုန်းက ထင်ခဲ့တဲ့ အထင်ဟာ မှားတယ်။ မိမိကို စိတ်ညစ်အောင် လုပ်တာဟာ သူများမဟုတ်ဘူး။ ကိုယ့်စိတ်ထဲက ကိလေသာတရားတွေက လုပ်တာပဲဆိုတာ သိသွားတယ်။ တရားခံဟာ သူတစ်ပါး မဟုတ်ဘူး။ မိမိစိတ်ထဲက အဝိဇ္ဇာနဲ့ တဏှာပဲ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိပဲ ဆိုတာ ရှင်းသွားပါတယ်။

**အကျွန်ုပ်**။ ။ ခု ဒေါက်တာ ပိုလန်ပြောတာတွေ ကြားရတော့ ဒီအသံတွေက သိပ်ပြီး လောကီဆန်နေသလိုပဲ။ ဝိပဿနာဆိုတာ စိတ်ချမ်းသာမှု ရအောင်လုပ်တဲ့ အလေ့အကျင့်ပဲဆိုသလို ဖြစ်နေတယ်။ အမှန်က ဒီလို မဟုတ်ဘူး။ ဝိပဿနာရဲ့ အဓိက ရည်မှန်းချက်က ဘဝလွတ်မြောက်ရေး ကိစ္စသာ အဓိက ဖြစ်တယ်။

**ဒေါက်တာပိုလန်**။ ။ ကျွန်တော်က လောကီသားပဲ၊ ပုထုဇဉ်ပဲ။ ကျွန်တော်က လတ်တလောခံစားရတဲ့ လောကီအကျိုးထင်ရှားတာကို ပြောမှာပဲ။ သီလ၊ သမာဓိ၊ ပညာ စခန်းမှာ တရားအားထုတ်ရတဲ့ လတ်တလောအကျိုးကို ခံစားရတော့ ဒီတရားကို စွဲစွဲမြဲမြဲ အားထုတ်ချင်တယ်။ အားထုတ်ရင်းနဲ့ သူ့အချိန်ကျတော့ ရသင့်ရထိုက်တဲ့ ဝိပဿနာဉာဏ်တွေကို ရလာမှာပေါ့။ ဒါကတော့

ဒီလမ်းလျှောက်ရင် ဒီစခန်းကို အချိန်ကျရင် ရောက်သွားမှာပဲ။ အဓိကကတော့ ပထမ မဂ္ဂင်လမ်းပေါ်ကို ရောက်ဖို့ပဲ။ ရောက်ပြီးရင် ဆက်လျှောက်၊ စိုက်လိုက်မတ်တတ်ဆက်လျှောက်သွားရင် လမ်းဆုံးတော့ ရှာတွေ့မှာပဲ မဟုတ်လား။

**အကျွန်ုပ်။** ။ ခု လူကြီးမင်းက ဗုဒ္ဓဘာသာဖြစ်ပြီလား။ ခရစ်ယာန်ပဲလား။

**ဒေါက်တာပိုလန်။** ။ ကျွန်တော်က ခရစ်ယာန်လည်း မဟုတ်ဘူး။ ဟိန္ဒူလည်း မဟုတ်ဘူး။ ဒါဖြင့် သူပြောငါပြော ဗုဒ္ဓဘာသာလားဆိုတော့လည်း မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓဘာသာပဲလို့ ကျွန်တော် ကမ္ပည်းမတပ်ပါဘူး။ ဒါပေမဲ့ မြတ်ဗုဒ္ဓ ညွှန်ကြားပြသတဲ့လမ်းပေါ်မှာ ကျွန်တော် ယုံကြည်အားထားမှုအပြည့်နှင့် လျှောက်နေတယ်။ ဗုဒ္ဓရဲ့ အဆုံးအမတွေကို ရိုသေလေးစားစွာလိုက်နာတယ်။ ဒီသဘောနှင့်ပြောရင် နာမည်ခံ ဗုဒ္ဓဘာသာ မဟုတ်သော်လည်း ဗုဒ္ဓဘာသာပဲဖြစ်မှာပေါ့ မဟုတ်ဘူးလား။

**အကျွန်ုပ်။** ။ ဟုတ်ပါတယ်။ နာမည်ခံတာ၊ မခံတာဟာ ပဓာန မဟုတ်ပါဘူး။ ဒါတွေက ပညတ်တွေပါ။ ဒါနဲ့ ဒေါက်တာပိုလန် ခုအားထုတ်နေတဲ့နည်းက သမထယာနိက ဝိပဿနာနည်းနော်။ ဒီမှာ သမာဓိကို အရင် ထူထောင်ရတယ်။ အဲဒီလို ထူထောင်တဲ့အခါ ဒေါက်တာပိုလန်ရဲ့ ကိုယ်တွေ့ကို ပြောပါ။ နီဝရဏတရားတွေကို သမာဓိထူထောင်ရာမှာ ဘယ်လိုကျော်ဖြတ်ခဲ့ရသလဲ။

**ဒေါက်တာပိုလန်။** ။ သမာဓိစခန်းမှာ အတားအဆီးတွေဖြစ်တဲ့ နီဝရဏတရားတွေနှင့် ရင်ဆိုင်ရတာ ဓမ္မတာပါပဲ။ ကျွန်တော့်ကိုယ်တွေ့ အယူအဆကို ပြောပြမယ်နော်။ ကျွန်တော်ဖြစ်တာကတော့ ခုဒီမှာ အားထုတ်သလိုပေါ့။ လုံးဝစကားမပြောဘဲ ဝစီပိတ်နေပြီး အဆက်မပြတ် အပြင်းအထန် ဆက်တိုက်အားထုတ်လိုက်ရင် ဒီ နီဝရဏတရားတွေကို ကျော်လွှန်နိုင်ပါတယ်။ ဆက်တိုက်မလိုက်ဘဲ ပြတ်တောက်လုပ်လို့လည်း မရဘူး။ စိတ်ကို အတိတ်၊ အနာဂတ်အတွေးတွေနှင့် ဟိုရောက်ဒီရောက် တားလို့လည်း မရဘူး။ လိုရင်းကို မရောက်ဘူး။ ပစ္စုပ္ပန်တည့်တည့်ဖြစ်တဲ့ ဒိဝင်သက်၊ ထွက်သက်ဖြစ်ပေါ်ရာ နှာသီးဖျားအထက်နှုတ်ခမ်းနေရာမှာ အမြဲတမ်းနေနေအောင်ထားဖို့ ဆက်တိုက် ပစ္စုပ္ပန်တည့်တည့်သိနေအောင် လုပ်ဖို့လိုပါတယ်။ ဒါဟာ ဆက်တိုက် အားထုတ်မှုအလေ့အကျင့်ရလာပါတယ်။

**အကျွန်ုပ်။** ။ ဒီဓမ္မဟာ လူသားတွေ တိုးတက်ရေးနှင့် ကမ္ဘာကြီး ငြိမ်းချမ်းရေးမှာ အထောက်အကူပြုနိုင်တယ်လို့ လူကြီးမင်းထင်သလား။

**ဒေါက်တာပိုလန်။** ။ သေချာပါတယ်။ ဒီတရားတစ်ခုတည်းပဲ ရှိပါတယ်။ ဒီဓမ္မဟာ လူသားရဲ့ ဘဝတိုးတက်ဖို့အတွက်ရော၊ ကမ္ဘာကြီးအပေါ်မှာ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိကြောင့်ဖြစ်တဲ့ အဓမ္မတရားဆိုးတွေ ပပျောက်အောင် ဒီဓမ္မကပဲ လုပ်နိုင်ပါတယ်။ ဒါ စိတ်ချပါ။

**အကျွန်ုပ်**။ ။ ဒါ နောက်ဆုံး မေးခွန်းပါ။ ဒေါက်တာပိုလန်အနေနှင့် ဒီတရားကို ကိုယ့်နိုင်ငံမှာ ပြန့်ပွားအောင် လုပ်ဖို့ စိတ်အကြံအစည်ရှိပါသလား။

**ဒေါက်တာပိုလန်**။ ။ သိပ်ရှိတာပေါ့။ ခု ကျွန်တော်တို့ဆီမှာ ရိပ်သာလေးခု ဖွင့်ထားပြီးပြီ။ ကျွန်တော့်ကို ဂုရုကြီးကလည်း တရားပြ ကမ္မဋ္ဌာန်းဆရာအဖြစ် ခွင့်ပြုချက်ပေးထားပြီးပြီ။ ကျွန်တော်တို့ဆီမှာ လူတွေဟာ အကြီးအကျယ် စိတ်ဆင်းရဲနေကြတယ်။ သူတို့ကို ဒီဓမ္မဆေး၊ အမြိုက်ဆေးကို ကျွန်တော်တို့က တစ်ဆင့် လက်ကမ်းတိုက်ကျွေးဖို့ တာဝန်ရှိပါတယ်။

**အကျွန်ုပ်**။ ။ သာဓုပါခင်ဗျား။ သာဓု၊ သာဓု၊ သာဓု ချမ်းသာကိုယ်စိတ် မြဲပါစေ။

**ဓမ္မရုပ်စုံမဂ္ဂဇင်း**
**၁၉၉၄ ခုနှစ်၊ မတ်လ**

# ဗုဒ္ဓဘာသာနှင့် လိုဏ်ဂူ

ရှေးဟောင်းသုတေသနပညာရှင်များက ရှေးကျသော သမိုင်းမတင်မီကာလက လူသားများသည် လိုဏ်ဂူများကို ၎င်းတို့အတွက် လုံခြုံစိတ်ချရသော လူနေအိမ်များအဖြစ် အသုံးပြုခဲ့ရကြောင်းကို လက်ခံထားကြသည်။ သို့သော် လူ့သမိုင်းတစ်လျှောက်လုံးတွင် လူသားများသည် လိုဏ်ဂူများကို နည်းအမျိုးမျိုးဖြင့် အသုံးချခဲ့ကြရာ ယခုခေတ်တိုင်အောင်ပင် ဖြစ်၏။

ကမ္ဘာပေါ်ရှိ ဘာသာအယူဝါဒကြီး အသီးသီးမှာလည်း လိုဏ်ဂူများနှင့် ဆက်နွယ်နေသော သမိုင်းကြောင်းများ ရှိကြလေသည်။ ၎င်းတို့အနက် ဗုဒ္ဓဘာသာနှင့် လိုဏ်ဂူဆက်စပ်ပုံအကြောင်းစုံကို လေ့လာတင်ပြခဲ့သူမှာ ဒေးဗစ်မက္ကရစ်ချီးဆိုသူ ဖြစ်၏။ ယခုမျက်မှောက် ကာလတိုင်အောင်ပင် လိုဏ်ဂူများကို ဘာသာရေးကိစ္စအတွက် အသုံးပြုသော ယဉ်ကျေးမှုအစဉ်အလာသည် ဗုဒ္ဓဘာသာဝင်များ၏ ဓလေ့ထုံးစံများတွင် ခေတ်စားလျက်ရှိသေး၏။

မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပစဉ်အခါက မဟာပါသာဏလိုဏ်ဂူကြီးကို တည်ဆောက်ပြီး သင်္ဂါယနာတင် ပွဲကြီး ကျင်းပခဲ့ရုံမျှမက ယခု အချိန်အထိ ကြီးကျယ်သော ဘာသာရေးပွဲကြီးလမ်းကြီးများကို ထိုလိုဏ်ဂူကြီးထဲမှာပင် ပြုလုပ်နေဆဲ ဖြစ်ပါသည်။

ဒေးဗစ်မက္ကရစ်ချီး၏ လေ့လာချက်များအရ ဗုဒ္ဓဘာသာဝင်များသည် သဘာဝအတိုင်းဖြစ်တည်နေသော လိုဏ်ဂူများကိုသာ ဘာသာရေးကိစ္စအလို့ငှာ အသင့်သုံးစွဲကြသည်မဟုတ်။ လူတို့ကိုယ်တိုင် လိုဏ်ဂူများကို စီမံဖန်တီးကြပြီးနောက် ဘာသာရေး ကိစ္စကြီးငယ်အတွက် အသုံးပြုကြသော အစဉ်အလာလည်း ယခုခေတ်တိုင်အောင် ဆက်လက်တည်မြဲလျက်ရှိသေးကြောင်း ဖော်ပြထားသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် လိုဏ်ဂူများကို ခေတ်အဆက်ဆက်တွင် အကြောင်းကိစ္စအမျိုးမျိုးအတွက် အသုံးပြုခဲ့ကြသည်။ ရသေ့ရဟန်းပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တရားအားထုတ်ရာနေရာဌာန အဖြစ်လည်း ဗုဒ္ဓဘာသာဝင်များ လိုဏ်ဂူကို အသုံးပြုတတ်ကြသည်။ တချို့ဒေသများတွင် ရသေ့ရဟန်းအစုအဖွဲ့အလိုက် လိုဏ်ဂူများကို ကျောင်းသင်္ခမ်းများအဖြစ် အသုံးပြုကြသည်လည်း ရှိသည်။ အချို့ဒေသများတွင် လိုဏ်ဂူများကို ဘုရားဆင်းတုတော်များ စေတီပုထိုး ရုပ်ပွားတော်များ တည်ထားကိုးကွယ်ရာနေရာအဖြစ် အသုံးပြုကြသည်။ တချို့ဒေသများတွင် လိုဏ်ဂူများသည် ရဟန်းသံဃာတော်များ စုဝေးတော်မူရာ၊ ဓမ္မသဘင်များ ကျင်းပရာ၊ တရားပွဲကြီးများ ကျင်းပရာ နေရာဖြစ်ကြသည်။

ဗုဒ္ဓဘာသာဝင်များ၏ သမိုင်းတစ်လျှောက်တွင် အရေးပါခဲ့သော လိုဏ်ဂူတော်ကြီးများမှာ မော်ကွန်းကမ္ပည်းထိုးလောက်အောင်ပင် ထင်ရှားခဲ့ကြသည်။ ထိုလိုဏ်ဂူကြီးများမှာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်သဘောအရလည်း ထင်ရှားသည်။ ပန်းပုလက်ရာ၊ ဗိသုကာလက်ရာ၊ အနုပညာများ တည်ထားရာနေရာများအဖြစ်လည်း ထင်ရှားကြသည်။ လိုဏ်ဂူများသည် အခြားသောဘာသာကြီးများထက် ဗုဒ္ဓဘာသာဝင်များအတွက် ပို၍ ထူးခြားသည်။ ဗုဒ္ဓဘာသာ အကျင့်စရဏအရ လည်းကောင်း၊ အတွေးအခေါ် အယူအဆများ တိုးတက်ဖွံ့ဖြိုးမှုအရလည်းကောင်း လိုဏ်ဂူများ၏ အခန်းကဏ္ဍသည် အရေးပါလှသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာထွန်းကားရာနိုင်ငံတိုင်းတွင် ကနဦး ဗုဒ္ဓဘာသာဝင်များသည် လိုဏ်ဂူများကို ဘာသာရေးကိစ္စအတွက် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြကြောင်း တွေ့ရသည်။ ထိုကဲ့သို့ ဗုဒ္ဓဘာသာထွန်းကားရာ အာရှတိုက်တွင်လည်းကောင်း၊ ဆက်စပ်နေသော အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာထဲရှိ ကျွန်းများတွင်လည်းကောင်း အများအပြား တွေ့ရှိခဲ့ကြရသည်။ လိုဏ်ဂူကြီးများမှာ အလွန်အေးချမ်းဆိတ်ငြိမ်သော အရပ်များ ဖြစ်၍။ တရားဓမ္မအားထုတ်သူ ယောဂီများအတွက် အထူးသင့်တော်သော နေရာများ ဖြစ်၍။

ကမ္ဘာပေါ်တွင် တည်ရှိသော ဗုဒ္ဓဘာသာလိုဏ်ဂူကြီးများအနက် အိန္ဒိယပြည်မှာတည်ရှိသော အာဂျန္တာနှင့် အာလိုရာလိုဏ်ဂူကြီးများနှင့် ဇဟိုအာရှတိုက်မှာရှိသော တုံဟွမ်းနှင့် မေချိရှန်လိုဏ်ဂူကြီးများသည် ကမ္ဘာကျော် လိုဏ်ဂူကြီးများ ဖြစ်ကြသည်။ ထိုလိုဏ်ဂူကြီးများ၏ ဂုဏ်သတင်းကြီးကျယ်ရခြင်းမှာ ၎င်းတို့၏ အတိုင်းအဆ ကြီးမားကျယ်ပြန့်ခြင်းကြောင့် လည်းကောင်း၊ ကြီးကျယ်ခမ်းနား ဆန်းပြားစွာ စီမံပြုလုပ်ထားခြင်းများကြောင့်လည်းကောင်း ဖြစ်၏။

အိန္ဒိယနိုင်ငံတွင် လိုဏ်ဂူများကို လူသားတို့ နေထိုင်ရာ နေရာဒေသအဖြစ် အသုံးပြုခဲ့ကြခြင်းမှာ ဗုဒ္ဓဘာသာမတိုင်မီ ရှေးခေတ်ကတည်းကပင် ဖြစ်၏။ ဝေဒဦးခေတ်ကတည်းကပင် လူများသည် လိုဏ်ဂူများထဲတွင် နေထိုင်ကြကြောင်း လေ့လာတွေ့ရှိရလေသည်။ ဝေဒခေတ်သို့ ရောက်သောအခါ လိုဏ်ဂူများ၌ ရသေ့ဆရာကြီးများနေထိုင်၍ တစ်ခါတစ်ရံ တစ်ရပ်တစ်ရွာမှ လှည့်လာသွားလာ၍ ရောက်ရှိလာကြသူများနှင့် သမဏပြဟ္မဏများလည်း နေထိုင်ခဲ့ကြသည်။ ဝေဒခေတ်တွင် အိန္ဒိယပြည်ရှိ လိုဏ်ဂူကြီးများကို အာဇီဝကများစုဝေး၍ ဓမ္မသဘင် ကျင်းပရာ နေရာများအဖြစ် အသုံးပြုခဲ့ကြကြောင်းကိုလည်း တွေ့ရသည်။

ထိုဗုဒ္ဓခေတ် မတိုင်မီက ထင်ရှားခဲ့ကြသော လိုဏ်ဂူတော်ကြီးများမှာ ဂေါပိတလိုဏ်ဂူ၊ ဝါဟိယကလိုဏ်ဂူကြီးများ ဖြစ်ကြသည်။ ဝေဒသိကလိုဏ်ဂူမှာ ရှေးဟောင်းရာဇဂြိုဟ်မြို့တော်ကြီးအနီးမှာပင် တည်ရှိခဲ့လေသည်။

ဗုဒ္ဓဘာသာဝင်များနှင့် လိုဏ်ဂူများ ဆက်နွယ်လာခြင်းမှာ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကာလကတည်းက စတင်ခဲ့သည်။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် လေးဆယ့်ငါးဝါပတ်လုံး ဒေသစာရီကြွချီတော်မူလျက် တရားဓမ္မများကို ဟောကြားဖြန့်ဝေနေစဉ် ကာလတစ်လျှောက်တွင် မြတ်စွာဘုရားသည် အခြားကျောင်းသခ်မ်းများ၌ ဝါဆို၍ နေထိုင်သကဲ့သို့ လိုဏ်ဂူများ၊ တောင်ပေါ်ဒေသများတွင်လည်း သီတင်းသုံးနေတော်မူခဲ့လေသည်။

လောကီကိစ္စအဝဝ ရှုပ်ထွေးပွေလီလှသော လူ့ဘောင်ကို ကွင်းရှောင်၍ တစ်ဦးတည်း ဧကစာရီကျင့်ကြံ နေထိုင်၍ ငြိမ်းချမ်းသော တရားဓမ္မကို ရှာလိုသူတို့သည် ဆိတ်ငြိမ်အေးချမ်းသော လိုဏ်ဂူများရှိရာသို့ ထွက်သွားကြသည်မှာ အစဉ်အလာတစ်ရပ်ပင် ဖြစ်၏။ သုတ္တံပိဋကမှ ထေရာဂါထာ၊ ထေရီဂါထာများတွင်လည်း ဘိက္ခုများ၊ ဘိက္ခုနီများအတွက် လွတ်လပ်၍ ချမ်းမြေ့ကြည်နူးဖွယ်ဖြစ်သော လိုဏ်ဂူများအတွင်း နေထိုင်ခြင်း၏ အကျိုးကို ဖော်ပြထားသည်ကို တွေ့ရသည်။

ဗုဒ္ဓမြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်အခါက မကြာခဏ သွားရောက်၍ သီတင်းသုံးရာနေရာအဖြစ် ထင်ရှားပေါ်လွင်လှသော ဂိဇ္ဈကုဋ်တောင်သည်ပင်လျှင် လိုဏ်ဂူရှိရာဒေသဖြစ်ဖွယ်ရှိကြောင်း ဗုဒ္ဓစွယ်စုံကျမ်း စတုတ္ထတွဲတွင် ဖော်ပြထားသည်။ ဗုဒ္ဓခေတ် ဇနပုဒ်အရပ်ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် မဟုတ်စေကာမူ တချို့လူတို့သည် လိုဏ်ဂူများအထဲမှာပင် နေထိုင်ခဲ့ကြကြောင်း အထောက်အထားများ တွေ့ရှိရပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ တပည့်သာဝကကြီးများသည် အခါအားလျော်စွာ တောတောင်များထဲရှိ

လိုဏ်ဂူများတွင် သွားရောက် သတင်းသုံးကြပြီးလျှင် တရားအားထုတ်နေခဲ့ကြကြောင်းကို ထိုခေတ်ဓလေ့ထုံးစံများကို ထောက်ထားခြင်းဖြင့် သိသာသည်။

ဝိနယပိဋကတော်ထဲတွင်လည်း သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ခွင့်ပြုတော်မူရာတွင် ကျောင်းအဖြစ် အသုံးပြုနိုင်သော (ပဥ္စလေဏ) ငါးပါးသော ပုန်းအောင်းရာ လိုဏ်များကို ခွင့်ပြုတော်မူကြောင်းပါရှိသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများဖြစ်ပေါ်တိုးတက်လာကာစက သံဃာတော်များသည် လိုဏ်ဂူများကို ကျောင်းသခ်မ်းများအဖြစ် အသုံးပြုခဲ့ကြကြောင်းမှာလည်း ထင်ရှားပါသည်။ လိုဏ်ဂူ (ဂူဟာ) ကို ပဥ္စလေဏထဲတွင် တမင်တကာ သီးခြားထည့်သွင်းဖော်ပြထားသည့်တိုင်အောင် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်အခါက ကိုယ်တော်တိုင် လိုဏ်ဂူတစ်ခုကို ဘုရား၏ ဂန္ဓကုဋီအဖြစ် အသုံးပြုခဲ့ဟန်တူသည်ဟု ဆိုရမည် ဖြစ်၏။ ရာဇဂြိုဟ်ပြည်အနီးရှိ နာမည်ကျော် သတ္တပဏ္ဏိဂူသည် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ဂူဖြစ်ကြောင်း အထောက်အထားတစ်ခု ဖြစ်၏။ သတ္တပဏ္ဏိဂူသည် ရာဇဂြိုဟ်ပြည်ရှိ ဂူတစ်ဂူဖြစ်ပြီး တောင်စောင်းတစ်ခုတွင် တည်ရှိသည်။ ထိုသတ္တပဏ္ဏိဂူတွင် သီတင်းသုံးနေတော်မူစဉ်အခါသမယတစ်ခုတွင် မြတ်စွာဘုရားက ညီတော်အာနန္ဒာအား မိမိအသချေ်ကာလပတ်လုံး အသက်ရှင်လျက်နေတော်မူရန် လျှောက်ထားလိုက လျှောက်ထားခွင့်ပေးခဲ့ဖူးသည်။ သို့သော် အရှင်အာနန္ဒာသည် သတိကင်းချွတ်တော်မူသည့်အတွက် မြတ်စွာဘုရားအား အသချေ်ကပ်ကမ္ဘာလုံး အသက်ရှင်နေတော်မူပါရန် လျှောက်ထားရန် ပျက်ကွက်ခဲ့လေသည်။ ဗုဒ္ဓခေတ်တွင် ရပ်ဝေးမှ ရောက်ရှိလာကြသော အာဂန္တုရဟန်းသံဃာများ ခေတ္တသီတင်းသုံးရာ နေရာများအဖြစ် လိုဏ်ဂူများကိုပင် အသုံးပြုကြရကြောင်းလည်း တွေ့ရသည်။

ထို့ပြင် အဇာတသတ်မင်းလက်ထက် ပထမသင်္ဂါယနာတင်ပွဲကြီး ကျင်းပသောအခါ စရည်းပင်ပေါက်ရာ အတ္တပဏ္ဏိဂူအပြင်ဘက်တွင် ကျင်းပခဲ့ကြောင်း ဝိနည်း ပိဋက၊ စူဠဝဂ္ဂအခန်း ၁၁ တွင် ဖော်ပြထားသည်။

**အာသောကနှင့် အိန္ဒိယမြောက်ပိုင်းရှိဂူများ**

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အနှစ် ၂၀၀ ကာလအတွင်း ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တည်ထောင်သောစနစ်သည် တဖြည်းဖြည်းပေါ်ပေါက်ထွန်းကားလာခဲ့လေသည်။ စေတီပုထိုးများစွာ တည်ထားခြင်း၊ ဘုန်းကြီးကျောင်းများစွာ တည်ထောင်ခြင်း (ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်) သည် အာသောကမင်းကြီး၏ ကျေးဇူးကြောင့် ဖြစ်ခဲ့ရသည်။

အာသောက ကျောက်စာများထဲတွင် ဗုဒ္ဓဘာသာရဟန်းသံဃာတော်များအတွက် လိုဏ်ဂူများ တည်ထားကြောင်းကိုမူ ဖော်ပြထားခြင်း မရှိပေ။ သို့ရာတွင် အာသောကမင်း နန်းစံနှစ် ၁၃ နှစ်ကြာသောအခါ သူသည် အာဇီဝနှစ်ဦးအတွက် ဘရဘာတောင်တော်လိုဏ်ဂူနှစ်ခုကို အလှူပေးခဲ့လေသည်။ (အာသောကနှင့် မောရိယနိုင်ငံတော် ကျဆုံးခြင်း၊ အော့စဖို့တက္ကသိုလ်ပုံနှိပ်တိုက်ထုတ် စာအုပ် နှာ-၁၅၄) ထိုတောင်ကုန်းပေါ်တွင် အာသောကမင်း လှူဒါန်းထားသော ဂူသုံးဂူရှိကြောင်း ထိုကျောက်စာများ၌ ဖော်ပြထားသည်။

ပထမဂူနှစ်ဂူကို သူ နန်းစံနှစ် ၁၂ နှစ် ကြာပြီးနောက် လှူခဲ့ခြင်းဖြစ်ပြီး ကျန်ဂူတစ်ခုကို သူနန်းစံ ၁၉ နှစ်အကြာတွင် လှူဒါန်းကြောင်း ဖော်ပြထားလေသည်။ ဘရဘာတောင်ကုန်းသည် ဂယာမြို့မြောက်ဘက် ၁၅ မိုင် အကွာမှာ တည်ရှိသည်။ ထိုတောင်ကုန်းတွင် အမှန်အားဖြင့် လိုဏ်ဂူသုံးခုမဟုတ် ခုနစ်ခုတိတိ တည်ရှိ၏။ ခုနစ်ခုအနက် လေးခုမှာ ဘရဘာအုပ်စုမှာပါဝင်ပြီး ဂူသုံးခုမှာ နဂါဇုနီ အုပ်စုတွင် ပါဝင်ကြသည်။ နဂါဇုနီအုပ်စုဝင် လိုဏ်ဂူများအကြောင်းသည် အာသောကမင်း၏ မြေးတော် ဒသရဋ္ဌမင်း၏ ကျောက်စာများ၌ ပါရှိသည်။

အိန္ဒိယပြည်တောင်ပိုင်း တမိဒေသတွင်လည်း သဘာဝဖြစ် လိုဏ်ဂူများစွာကို ပန်းပုလက်ရာများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရသည်။ ထိုလိုဏ်ဂူများကို တိရုနေဝေလိ၊ မစုရိုင် ရမညဋ္ဌဂူရုံ တိရုဆွေရပါလိခရိုင်ဒေသ၌ အများအပြား တွေ့ရှိရသည်။ ထိုတမိဒေသများမှာ တွေ့ရှိရသော လိုဏ်ဂူများမှာ ဂျိန်းဘာသာဝင်များနှင့်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်များနှင့်လည်းကောင်း၊ အာဇီဝများနှင့်လည်းကောင်း ဆက်နွယ်မှုရှိသည်။

ဗုဒ္ဓဘာသာနှင့်ဆိုင်သော လိုဏ်ဂူများကို သီရိလင်္ကာနိုင်ငံတွင်လည်း အများအပြား တွေ့ရသည်။ ထိုလိုဏ်ဂူများမှာ အိန္ဒိယနိုင်ငံ မောရိယခေတ်တွင် သီရိလင်္ကာသို့ ရောက်ရှိလာကြသည် ဆို၏။ သီရိလင်္ကာရဟန်းသံဃာတော်များသည် လိုဏ်ဂူများတွင် ထိုခေတ်က သီတင်းသုံး၍ နေထိုင်ခဲ့ကြသည် ဆို၏။ သဘာဝ လိုဏ်ဂူများ ဖြစ်၏။ မဟိန္တလေ တောင်ကုန်းပေါ်ရှိ ရာဇဂီရိလေဏလိုဏ်ဂူသည် ထင်ရှားလှ၏။

သီရိလင်္ကာနိုင်ငံတွင် လိုဏ်ဂူများ၌ ထိုးထားသော ကျောက်စာပေါင်း ၁၂၀၀ ရှိနေသဖြင့် မှတ်တမ်းများ အလွယ်တကူ ရရှိနိုင်ရန် ကံကောင်းသည်ဟု ဆိုသင့်၏။ ထိုကျောက်စာများသည် ဘီစီ ၃၀၀ တန်းမှ အေဒီ ၁ ရာစုအတွင်းက ကျောက်စာများ ဖြစ်ကြလေသည်။ ထိုကျောက်စာပါ လိုဏ်ဂူများအကြောင်း အပြည့်အစုံကို သီရိလင်္ကာ ကျောက်စာခေါ် ရှေးဟောင်းသုတေသနထုတ် ၁၉၇၀ ခုနှစ် စာအုပ်တွင် လေ့လာနိုင်ပေသည်။

သီရိလင်္ကာရှိ လိုဏ်ဂူပေါင်း ၁၂၀၀ ကျော်မှာ သဘာဝ ကျောက်ဂူများ ဖြစ်ကြသော်လည်း ဗုဒ္ဓဘာသာဝင် ဥပါသကာများက စနစ်တကျ လုပ်အား စိုက်ထုတ်ပြုပြင်ပြီးလျှင် ရဟန်းသံဃာတော်များအား ရေစက်ချလှူဒါန်းထား သော ကျောင်းသင်္ခမ်းများ ဖြစ်ကြသည်ဟု မှတ်တမ်းများ၌ ဖော်ပြထားလေ သည်။ သီရိလင်္ကာရဟန်းသံဃာတော်များကလည်း လိုဏ်ဂူများအတွင်း သီတင်းသုံး၍နေရခြင်းကို များစွာ နှစ်သက်တော်မူကြသည်ဆို၏။ လိုဏ်ဂူ များ၌ သီတင်းသုံး၍ တရားအားထုတ်နေကြသော သံဃာတော်များစွာ သီရိ လင်္ကာနိုင်ငံမှာ ရှိသည်ဆို၏။

**Encyclopaedia of Buddhism**
**Vol.IX**
**ဓမ္မရုပ်စုံမဂ္ဂဇင်း**
**၁၉၉၄ ခုနှစ်၊ ဇူလိုင်လ**

# ဗုဒ္ဓဘာသာယဉ်ကျေးမှု
# လူမှုဆက်ဆံရေး ဘက်ခြောက်ဘက်

ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ လူမှုဆက်ဆံရေးတွင် ဘက်ခြောက်ဘက်ရှိသည်ဟု ယုံကြည်လက်ခံကြပါသည်။

မြတ်ဗုဒ္ဓ၏ လမ်းညွှန်ဟောကြားချက်များအရ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ သဘောထားများ၊ စည်းကမ်းများ ဖြစ်ကြသည်။

ထိုထုံးတမ်းနည်းလမ်းများအတိုင်း လိုက်နာကျင့်ကြံသူများအား လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာကို ရရှိခံစားရသည်ဟုလည်း ယုံကြည်ယူဆထားကြပါသည်။

ထိုယဉ်ကျေးမှု လူမှုဆက်ဆံရေးဆိုင်ရာ ဘက်ခြောက်ဘက်မှာ (၁) မိဘဘက်၊ (၂) ဆရာဘက်၊ (၃) မိသားစုဘက်၊ (၄) မိတ်ဆွေဘက်၊ (၅) ရဟန်းသံဃာဘက်၊ (၆) ကျေးကျွန်အလုပ်သမားဘက် စသည်တို့ ဖြစ်သည်။

ပထမဘက်သည် ရှေ့ဘက် ဖြစ်သည်။ မျက်နှာမူရာ ရှေ့ဘက်ကို ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ မိဘဘက်ဟု သဘောထားရသည်။ မြတ်ဗုဒ္ဓက သားသမီးများသည် ကျေးဇူးရှင်မိဘနှစ်ပါးကို လုပ်ကျွေးပြုစုရမည်ဟု သွန်သင်ဆုံးမတော်မူခဲ့လေသည်။ သားသမီးများအနေနှင့် မိဘကပေးသော အမွေအနှစ်များကို ကောင်းစွာ ထိန်းသိမ်းနိုင်ကြရမည့်အပြင် မိဘအမွေအနှစ်ကို မဆုံးရှုံးစေဘဲ တိုးပွားအောင် ကြံဆောင်ကြိုးပမ်းကြရမည်။ သားသမီးများအနေနှင့် မိဘကထားခဲ့သော ပစ္စည်းအမွေအနှစ်ကိုသာမက မိဘတို့၏ ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ ထို့ပြင် ကွယ်လွန်သွားကြသော မိဘများအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုများပြုလုပ်၍လည်း အမျှအတမ်း

ပေးဝေကြရမည်ဟုလည်း မြတ်စွာဘုရားက ဟောဖော်ညွှန်ပြ ဆုံးမတော်မူခဲ့လေသည်။

ဒုတိယဘက်ကား လက်ယာဘက် ဖြစ်၏။ ထိုလက်ယာဘက်သည် ဆရာသမားတို့အား ရည်ညွှန်းသောဘက် ဖြစ်သည်။ တပည့်ကောင်းတို့မည်သည် ဆရာသမားတို့အား ရိုသေလေးစားစွာ ပြုစုစောင့်ရှောက်ပြီးလျှင် အလုပ်အကျွေးပြုလိုသော စိတ်ဆန္ဒလည်း ရှိရမည်။ တပည့်ကောင်းတို့မည်သည် ဆရာသမားတို့ သင်ကြားပြသသမျှသော အတတ်ပညာများကို ဂရုတစိုက် သတိဝီရိယဖြင့် သင်ကြားမှတ်သားကြရသည်။ ထို့နောက် ၎င်းတို့ သင်ကြားတတ်မြောက်ခဲ့ပြီးသော အတတ်ပညာများကို ကောင်းစွာ အသုံးချနိုင်ရပေမည်။ ရိုးသားဖြောင့်မတ်သော စိတ်ထားနှင့် ရိုသေလေးစားတတ်သော စိတ်ထားဖြင့်လည်း ဆရာများကို ဆက်ဆံတတ်ကြရပေမည်။

ဆရာသမားများသည် တပည့်သားများအပေါ်၌ အစဉ်ကရုဏာရှေ့ထား၍ သင်ကြားပြသကြသည်သာ ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်သောစိတ်ဖြင့် တပည့်များအား ပညာကို ပေးကြသူများ ဖြစ်ပါသည်။ ထို့ပြင် ဆရာသမားတို့သည် မိမိတို့၏ တပည့်များအပေါ် ကျရောက်လာမည့် အန္တရာယ်များကိုလည်း ကာကွယ်ပေးတတ်ကြပါသည်။ ထို့ပြင် တပည့်များ ပညာတတ်မြောက်ထူးချွန်လာကြသောအခါ တပည့်များအား ဆရာတို့က ချီးမွမ်းမြှောက်စားတတ်ကြပါသည်။

တတိယလူမှုဆက်ဆံရေးဘက်ကား ကျောဘက် ဖြစ်၏။ ကျောဘက်သည် မိသားစုကို ကိုယ်စားပြုသောဘက် ဖြစ်သည်။ မိသားစုဆိုရာတွင် လင်မယားဇနီးမောင်နှံ၊ သားသမီး စသည်တို့ ပါဝင်ကြပါသည်။

ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဗုဒ္ဓဘာသာမိသားစုတွင် ဖခင်လင်ယောကျ်ားသည် အိမ်ဦးနတ် ဖြစ်ပါသည်။ အိမ်ဦးနတ်ဖြစ်သူ လင်ယောကျ်ားသည် မိမိ၏ ဇနီးမယားအပေါ်၌ လေးစားချစ်ခင်စွာ သစ္စာရှိရှိ အသိအမှတ်ပြု၍ ဆက်ဆံပေါင်းသင်းရပါသည်။ လင်ယောကျ်ားက ဇနီးမယားအပေါ်၌ အထင်အမြင်သေးသောစိတ်၊ ရှုတ်ချသောစိတ်ဖြင့် မဆက်ဆံရ။ ဇနီးမယားကိုသာမက ဇနီးမယား၏ မိဘများကိုလည်း ပမာမခန့် မလေးမစား မဆက်ဆံရ။ ယောက္ခမများကိုလည်း လင်ယောကျ်ားက မိဘနှင့် တစ်ဂိုဏ်းတည်းထားပြီး ဆက်ဆံရသည်။ လင်ယောကျ်ားသည် ဇနီးမယားအပေါ် ချစ်ခင်မြတ်နိုးကြောင်းကို ပြသသည့်အနေဖြင့် ဝတ်ကောင်းစားလှများ၊ လက်ဝတ်ရတနာအဆင်တန်ဆာများဖြင့် ပြုစုထောက်ပံ့ရမည်။

မိဘများကလည်း သားသမီးများကို သားကောင်းသမီးမြတ်များဖြစ်အောင် သွန်သင်ဆုံးမကြရမည်။ ချိန်တန်ရွယ်ရောက်လာသောအခါ အသိပညာနှင့်

ပစ္စည်းဥစ္စာများကို ပေးကမ်းထောက်ပံ့၍ မြေတောင်မြှောက်ပေးရမည်။ ထို့ပြင် မိဘက သားသမီးများကို အိမ်ထောင်ဖက်ရွေးချယ်သောအခါ မိမိနှင့် သင့်တော်သည့် ခင်ပွန်း၊ မိမိနှင့် လိုက်ဖက်သည့် ဇနီးများကို မည်သို့ ရွေးချယ်သင့်ကြောင်း နည်းလမ်းကောင်းများ ပေးရမည်။

အိမ်သူသက်ထား ဇနီးမယားသည် လင်ယောကျ်ားကို စိတ်ချမ်းသာအောင် ထားနိုင်ရမည်။ အိမ်မှုကိစ္စအဝဝကို မပျင်းမရိဘဲ လုံ့လစိုက်၍ပြီးအောင် ဆောင်ရွက်ရမည်။ ဇနီးမယားသည် ရိုးသားဖြောင့်မတ်ပြီးလျှင် လင်ယောကျ်ား ရှာဖွေရရှိသမျှကို မပျောက်မပျက်ရအောင် ပြုစုစောင့်ရှောက် ထိန်းသိမ်းနိုင်သူ ဖြစ်ရမည်။ မယားက အကြွေးမတင်အောင် နေနိုင်ရမည်။

စတုတ္ထဘက်သည် လက်ဝဲဘက် ဖြစ်သည်။ လက်ဝဲဘက်ကား မိတ်ဆွေကို ရည်ညွှန်းသောဘက် ဖြစ်သည်။ မြတ်ဗုဒ္ဓက ဗုဒ္ဓဘာသာဝင်များသာမက လူသားအားလုံးတို့အား မိတ်ဆွေအချင်းချင်းအပေါ် ရိုးသားဖြောင့်မတ်မှု ရှိပြီး မိမိ၏ မိတ်ဆွေ စိတ်ချမ်းသာအောင် ပြုစုစောင့်ရှောက်ကြရန် ဟောကြားဆုံးမတော်မူခဲ့ပေသည်။ မိတ်ဆွေကျင့်ဝတ်များကိုလည်း မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့လေသည်။ ထိုကျင့်ဝတ်များတွင် မိတ်ဆွေအချင်းချင်းကို ကူညီစောင်မရန် အသင့်ရှိရမည်ဖြစ်ကြောင်းနှင့် မိတ်ဆွေအပေါ် အထင်သေး၊ အမြင်သေးအားဖြင့် မဆက်ဆံကြရန်လည်း ဆုံးမတော်မူခဲ့လေသည်။

ပဉ္စမဘက်သည်ကား ဦးခေါင်း၏ အထက်ဘက် ဖြစ်၏။ ထိုအထက်အရပ်သည် ရဟန်းသံဃာတော်များအား ရည်ညွှန်းပါသည်။ အထက်အရပ်ဆိုရာ၌ သမဏ၊ ဗြာဟ္မဏနှင့် အကျင့်သီလဂုဏ် ကြီးမားသူများအားလုံး ပါဝင်ပါသည်။ လူအပေါင်းတို့အား မြတ်ဗုဒ္ဓက ရဟန်းသံဃာ၊ သာမဏ ဗြာဟ္မဏနှင့် အကျင့်သီလနှင့် ပြည့်စုံသူများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့တတ်ရမည်ဖြစ်ပြီး ထိုသူတော်ကောင်း၊ သူမြတ်လောင်းတို့အား ရိုသေလေးစားစွာ ဆက်ဆံကြရမည်ဖြစ်ကြောင်းလည်း ဆုံးမတော်မူခဲ့လေသည်။ လူအပေါင်းတို့သည် ထိုကဲ့သို့ အကျင့်သီလ မြင့်မြတ်သော သမဏ၊ ဗြာဟ္မဏများအား လှူဖွယ်ဝတ္ထုများဖြင့် ရိုသေလေးစားစွာ လှူဒါန်းထောက်ပံ့ကြရမည်ဖြစ်ကြောင်းကိုလည်း ဟောကြားတော်မူခဲ့လေသည်။

ထို့ပြင် သမဏ၊ ဗြာဟ္မဏများကိုလည်း လူသားအပေါင်းတို့အား လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာကို ရရှိစေနိုင်မည့် နည်းလမ်းကောင်းများကို ဟောကြားသွန်သင်ပေးကြရန်လည်း မြတ်ဗုဒ္ဓက မှာကြားတော်မူခဲ့လေသည်။ ဗြာဟ္မဏအားလုံးသည် နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို လူသားအပေါင်းအား ဟောကြားပြသကြပြီးနောက် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်ပေးရမည့် တာဝန်ရှိသူများဖြစ်ကြောင်းကိုလည်း မြတ်ဗုဒ္ဓက

မိန့်မှာတော်မူခဲ့ပါသည်။ သမဏ၊ ဗြဟ္မဏများသည် ရိုးသားဖြောင့်မတ်သူများ ဖြစ်ရမည်။ လှည့်ပတ်တတ်သူများ မဖြစ်ရပေ။

ဆဌမအရပ်ကား အောက်အရပ် ဖြစ်၏။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု လူမှုဆက်ဆံရေး သဘောတရားအရ အောက်အရပ်သည် မိမိ၏ စေခိုင်းသူကျေးကျွန်၊ အလုပ်သမားတို့ကို ရည်ညွှန်းသောအရပ် ဖြစ်သည်။ အလုပ်ရှင်ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေတို့သည် ဤမိမိအား အလုပ်အကျွေးပြုသူအစေအပါးများကို သင့်တော်သောအလုပ်၊ သင့်တင့်လျောက်ပတ်သော ရိက္ခာ၊ နေရာထိုင်ခင်း၊ လုပ်ခလစာ၊ အစားအသောက် အသုံးအဆောင် လက်ဆောင်ပစ္စည်းများကို ပေးကမ်းထောက်ပံ့ရမည်။ ထို့ပြင် အလုပ်နားရက်များတွင် ၎င်းတို့အလိုရှိရာ သွားလာလုပ်ကိုင်ခွင့်စသော လွတ်လပ်ခွင့်များကိုလည်း ပေးရမည် ဖြစ်ကြောင်း မြတ်ဗုဒ္ဓက ဟောကြား ဆုံးမတော်မူခဲ့ပါလေသည်။

အလုပ်သမားများ၊ ကျေးကျွန်များကလည်း မိမိတို့ အလုပ်ရှင်များ၏ အလုပ်များကို မခိုမကတ်ကြဘဲ ထကြွလုံ့လဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရမည်။ အလုပ်ရှင် မနိုးခင် အလုပ်သမားများသည် အိပ်ရာက အရင်ထပြီး ဆောင်ရွက်ဖွယ်ကိစ္စရှိသမျှကို လုပ်ကိုင်ဆောင်ရွက်ကြပြီးလျှင် အလုပ်ရှင် အိပ်ပြီးနောက်မှသာ ၎င်းတို့က အနားယူကြရမည်။ အလုပ်ရှင်ထက်စော၍ အလုပ်သမားက အရင် အနားမယူရပေ။ အလုပ်သမားများအနေနှင့် ရိုးသားဖြောင့်မတ်မှုရှိရမည်။ အလုပ်ရှင်ပိုင်ဆိုင်သောပစ္စည်းများကို အလုပ်ရှင်မသိဘဲဖြစ်စေ၊ မပေးဘဲဖြစ်စေ ခိုးဝှက်၍ ယူဆောင်ခြင်းကို ရှောင်ရှားကြရမည်။ ထို့ပြင် အလုပ်သမားများသည် မိမိ၏ အလုပ်ရှင်ကို ရိုးသားဖြောင့်မတ်သောစိတ်ဖြင့် ရိုသေလေးစားမှုရှိရမည်။ မိမိတို့၏ အလုပ်နှင့်ပတ်သက်သော စွမ်းဆောင်ရည်ကိုလည်းကောင်း၊ ကျွမ်းကျင်မှုကိုလည်းကောင်း အစဉ်တိုးပွားနေအောင် ဆောင်ရွက်ကြရပေမည်။

ဤကား ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ လူမှုဆက်ဆံရေးဆိုင်ရာ ဘက်ခြောက်ဘက် (ဝါ) အရပ်ခြောက်မျက်နှာ သဘောတရားပင် ဖြစ်ပေတော့သည်။

Kinaree-July 1994
ဓမ္မရှုပ်စုံမဂ္ဂဇင်း
၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ

## ဗုဒ္ဓနှင့် သူ၏ ဓမ္မ

လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်က ဗုဒ္ဓဖွားမြင်သော အချိန်သည် ဒဿန အတွေးအခေါ်များ ထွန်းကားသည့် အတွေးအခေါ်ရွှေခေတ် (Golden age of philosophical thought) ဟု ဆိုသင့်ပါသည်။ ပြဟ္မဇာလသုတ် (ဒီဃနိကာယ်) အရဆိုလျှင် ထိုစဉ်အခါက အိန္ဒိယနိုင်ငံ တစ်ခုတည်းမှာပင် အတွေးအခေါ်ဂိုဏ်းပေါင်း ၆၀ ကျော် ရှိကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ဆော့ခရတ္တိ ပညာရှင်သည်ပင်လျှင် သူ၏ အတွေးအခေါ်များအတွက် လှုံ့ဆော်မှုကို အိန္ဒိယအတွေးအခေါ်များမှ ရရှိခဲ့သည်ဟု ဆိုနိုင်သည်။ ဆော့ခရတ္တိ၏ အတွေးအခေါ်များကို ဂရိဒဿန ဆရာကြီးများဖြစ်ကြသော ပလေးတိုးနှင့် အာရစ္စတော်တယ်တို့က ဆက်ခံခဲ့ကြလေသည်။

ထိုအချိန်က တရုတ်နိုင်ငံမြောက်ပိုင်းတွင် တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်နှင့် တရုတ်နိုင်ငံတောင်ပိုင်းတွင် တရုတ်ပညာရှင်ကြီးလောင်ဇူးတို့ ထွန်းကားလျက်ရှိကြသည်။ သူတို့သည်ပင်လျှင် အိန္ဒိယအတွေးအခေါ်၏ ဩဇာလွှမ်းမိုးမှု မကင်းခဲ့ကြဟု ဆိုနိုင်သည်။ ထိုကာလ၌ အိန္ဒိယပြည်တွင် ဂိုဏ်းကြီးများ အားကောင်းနေခဲ့ကြလေသည်။ မဟာဝီဟာရ၊ ပုရာဏ ကဿပ၊ သဉ္စာယဗေလဋ္ဌိပုတ္တ စသော တိတ္ထိဂိုဏ်းဆရာကြီးတို့သည် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓနှင့် ခေတ်ပြိုင်ထွန်းကားလျက်ရှိသော အတွေးအခေါ် ဆရာကြီးများဖြစ်ကြလေသည်။ ထိုဆရာကြီးများသည် သူတို့၏ အယူအဆနှင့် သူတို့အောင်မြင်ကျော်ကြားလျက်ရှိကြကာ နောက်လိုက်တပည့်ဂိုဏ်းသားများလည်း များပြားခဲ့ကြလေသည်။ ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်လာသောအခါမှသာလျှင် ၎င်းဆရာကြီးများ၏

အတွေးအခေါ်များမှာ လငပုပ်ဖမ်းသလို မှေးမှိန်ပျောက်ကွယ်ကုန်ကြရလေသည်။

အလောင်းတော်မင်းသားကား ထူးခြားလှသည်။ မင်းသား၏ စည်းစိမ်မှန်သမျှကို စွန့်ပယ်ပြီးနောက် ရသေ့ရဟန်းအသွင် လျှော်တေသက်န်းကို ဆင်မြန်းပြီးလျှင် ခြောက်နှစ်တာ ကာလပတ်လုံး နိပေါမှ ဗာရာဏသီကို ဖြတ်လျက်ဂါယာအရောက် မိုင်-၃၀၀ ကျော်ခရီးကို လှည့်လည်ကျက်စား၍ တရားရှာဖွေနေခဲ့လေသည်။ ထိုကာလတစ်လျှောက်လုံးတွင် တောတောင်သစ်တောတွင်းလမ်းများအတွင်း ဝိဝေကကိုရှာဖွေလျက် တရားအားထုတ်နေခဲ့လေသည်။

အလောင်းတော်သည် တွေ့ဆုံခဲ့ရသော ရသေ့ကြီးများ၏ နည်းလမ်းများကို လေ့လာသင်ကြားပြီး ထိုနည်းများအတိုင်းလည်း ကျင့်ကြံအားထုတ်ကြည့်ခဲ့ဖူးလေသည်။ ထိုရသေ့များ၏ အယူအဆများမှာ လျော့ရဲလွန်းသော ရုပ်ဝါဒပူဇော်ပသမှု ဓလေ့ထုံးစံများ (ကာမသုခလ္လိက နုရောဂ) နှင့် တင်းကျပ်လွန်းသော ကိုယ်ကို ညှဉ်းဆဲသော (အတ္တကိလမထနုရောဂ) နည်းများ ဖြစ်ကြလေသည်။ အတ္တကိလမထနုရောဂ နည်းကား နာကျင်ခက်ခဲပြီး အကြွင်းမဲ့သောနည်း ဖြစ်သည်။ ကာမသုခလ္လိကာနုရောဂ နည်းမှာလည်း ရွာသူတို့ဓလေ့ ယုတ်ညံ့သော နည်းများသာ ဖြစ်ကြလေရာ စိတ်ပိုင်းတိုးတက်ဖွံ့ဖြိုးမှုကို အတားအဆီးပြုသော နည်းများသာဖြစ်ကြောင်း သိမြင်ခဲ့ရလေသည်။

မိမိအလိုရှိရာ သဗ္ဗညုတပန်းတိုင်သို့ ရောက်ရှိရေးမှာ မဇ္ဈိမပဋိပဒါခေါ်အလယ်လမ်းကို လိုက်မှသာ ဖြစ်နိုင်ကြောင်းကို အလောင်းတော်သည် ပထမဆုံး တွေ့ရှိ နားလည်ခဲ့သောပုဂ္ဂိုလ် ဖြစ်လေသည်။ အသိဉာဏ်ထင်ရှားဖြစ်ပေါ်ရေးတွင် သင့်တင့်လျောက်ပတ်သော အာဟာရကို အလုံအလောက် လိုအပ်ကြောင်းကို သိမြင်တော်မူခဲ့လေသည်။

ဂါယာမှ မိုင်အနည်းငယ် ကွာလှမ်းသော ဗုဒ္ဓဂယာရှိ ဗောဓိပင်၏ အေးမြသော အရိပ်အောက်တွင် အလောင်းတော်သည် ကြီးမားသော (သမ္ဗဒါ) လုံ့လဖြင့် သဗ္ဗညုတဉာဏ်အလင်းကို ရရှိပြီးလျှင် ဗုဒ္ဓအဖြစ်သို့ ဆိုက်ရောက်ခဲ့လေသည်။ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်ရှိခြင်းအတွက် ဝမ်းမြောက်မှုကို ခံစားကာ ဗုဒ္ဓသည် ထိုဗုဒ္ဓဂယာတွင် ရက်အတန်ကြာ (သတ္တသတ္တာဟ) ခံစားလျက် နေတော်မူခဲ့လေသည်။

ထို့နောက် ဗုဒ္ဓဂယာမှ ဗာရာဏသီ အနီး မိဂဒါဝုန်တောသို့ ကြွတော်မူလေသည်။ ဣသိပတန (ဆာနာသ်) တွင် အလောင်းတော် ဒုက္ကရစရိယကျင့်စဉ်က အလုပ်အကျွေးပြုခဲ့သော ပဉ္စဝဂ္ဂီငါးပါး၊ ကောဏ္ဍညာ၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မာဟနာမ နှင့် အဿဇိတို့ ရှိနေကြသည်။ ပဉ္စဝဂ္ဂီငါးဦးတို့အား သူ၏ တရားဦး ဓမ္မစကြာကို ဟောကြားကာ ကမ္ဘာတစ်ဝန်းသို့ သူ၏ ဓမ္မစက်ကို ဖြန့်ရန်အတွက် ဖြစ်သည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ၏ သက်တော်မှာ ၃၅ နှစ်ခန့်သာ ရှိသေးသည်။ နောင် ၄၅ နှစ်တိုင်တိုင် အိန္ဒိယပြည်အနှံ့သို့ ခြေလျင်ခရီးဖြင့် နောက်ပါ သံဃာများနှင့်အတူ ဒေသစာရီကြွချီကာ တရားဓမ္မများကို ကျွတ်ထိုက်သော ဝေနေယျများ ကျွတ်တမ်းဝင်နိုင်စေရန် ကိုယ်တော်တိုင် ကြွ၍ ဟောကြားတော်မူခဲ့လေသည်။ ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ပြီးနောက် ၄၅ ဝါပတ်လုံး ဝါတွင်း (မိုးတွင်း) ကာလမှာသာ တစ်နေရာတည်းတွင် သုံးလသီတင်းသုံး၍ နေတော်မူလေ့ရှိသည်။ ကျန်သောနေ့ရက်ကာလများတွင်မူ မင်းစိုးရာဇာများ၊ သူဌေးသူကြွယ်များ ဆောက်လုပ်လှူဒါန်းထားကြသော ကြီးမားခမ်းနားလှသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၊ ရာဇဂြိုဟ်ရှိ ဝေဠုဝန်ကျောင်းတော်များမှာပင် သက်သောင့်သက်သာ စံနေတော်မူခြင်း မပြုဘဲ အရပ်ဒေသတစ်ခုမှ တစ်ခုသို့ ဒေသစာရီ ကြွချီလျက်သာ နေတော်မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် ဥယျာဉ်များ၊ လွင်တီးခေါင်အရပ်များ၊ လဟာပြင် အရပ်များ၌ တရားဟောရခြင်းကို ပိုမိုနှစ်ခြိုက်သည်။ ထိုနေရာများတွင် တရားနာပရိသတ်များ လွယ်လင့်တကူ စည်းဝေးနိုင်သောကြောင့် ဖြစ်၏။ မြတ်စွာဘုရား ဒေသစာရီကြွချီသောခရီးမှာ တစ်နှစ်လျှင် မိုင်ပေါင်း ၃၀၀၀ ခန့် ရှိသည်။ ထို့ကြောင့် ၄၅ ဝါ ပတ်လုံး ခြေလျင်ခရီးဖြင့် ဒေသစာရီ ကြွချီတော်မူခဲ့သော ခရီးတာမိုင်ပေါင်းမှာ တစ်သိန်းခန့်ပင် ရှိပေလိမ့်မည်။

ဗုဒ္ဓမြတ်စွာဘုရားကား ရသမျှအချိန်ကို အကျိုးရှိအောင် ၄၅ ဝါ ပတ်လုံး အသုံးချတော်မူသည်။ တစ်ညဉ့်မှာ အိပ်စက်နားနေသောအချိန်သည် နှစ်နာရီသာရှိသည်။ သူရရှိခဲ့သော တရားဓမ္မများကို ညဉ့်ဦးယံတွင် သံဃာတော်များကို ဟောကြားတော်မူလေသည်။ ထို့ကြောင့်လည်း ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော ဓမ္မခန္ဓာပေါင်းမှာ ၈၄၀၀၀ ရှိသည်ဆိုခြင်းမှာ အံ့ဖွယ်မဟုတ်တော့ပေ။ မြတ်စွာဘုရားသည် မိမိဟောကြားသမျှသော တရားဒေသနာတော်များကို အနက်တိကျသောပါဠိ (မာဂဓ) ဘာသာစကားဖြင့်သာ ဟောကြားတော်မူခဲ့လေသည်။ ကံအားလျော်စွာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် သုံးလအကြာတွင် ကျင်းပပြုလုပ်ခဲ့သော ပထမ သင်္ဂါယနာပွဲကြီးတွင် သူ၏ တပည့်သာဝကများက နှုတ်တိုက်အာဂုံဆောင်လျက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သောကြောင့် ထိုတရားဓမ္မများကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် လူသားအဖြစ် ဖွားမြင်တော်မူခဲ့ပြီးနောက် လူသားတစ်ဦးအဖြစ်ဖြင့်သာ အသက်ရှင်လျက် နေတော်မူခဲ့လေသည်။ အမှန်မှာ ဗုဒ္ဓသည် အံ့ဖွယ်ထူးခြားလှသော ဥတ္တမပုရိသယောကျာ်းမြတ်၊ 'အစ္ဆရိယ မနုဿ' ဖြစ်၏။ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်ဖြစ်ရကား အလိုရှိလျှင် တန်ခိုး

အမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဥ္စာဘိညနှင့်လည်း ပြည့်စုံ၏။ သို့သော် မြတ်ဗုဒ္ဓသည် ထိုတန်ခိုး ဣဒ္ဓိပါဒ်များကို အလွန်သုံးခဲသည်။ အလွန်အကြုံ မသုံးမဖြစ် ထူးကဲသော အခါအခွင့်များတွင်သာ တန်ခိုးပြာဋိဟာများကို သုံးတော်မူလေ့ရှိသည်။

သူ့အနေနှင့် သူ၏ တရားတော်များကို အသိဉာဏ် အဆင်အခြင် ကင်းမဲ့စွာ အံ့သြပြီး ယုံကြည်လက်ခံခြင်းမျိုးကို အလိုရှိတော်မမူပေ။ နေရာတကာ တန်ခိုးပြပြီး တရားဟောနေလျှင် လူတို့သည် အထူးအဆန်းအံ့ဖွယ်များကို နှစ်သက်ပြီး မျက်ကန်းယုံကြည်မှုမျိုးဖြင့်သာ ယုံကြည်ကြပေလိမ့်မည်။ ထိုသို့ အသိဉာဏ်မပါဘဲ အထင်ကြီးပြီး ယုံကြည်သက်ဝင်ခြင်းများကို မြတ်ဗုဒ္ဓသည် လိုလားတော်မူခြင်း အလျှင်းမရှိပေ။

နေ့စဉ် ကျင့်သုံးနေထိုင်သော ဗုဒ္ဓ၏ အလေ့အကျင့်မှာလည်း စံထားလောက်ပေသည်။ သန်းခေါင်ကျော်ပြီး နှစ်နာရီခန့် ကျိန်းစက်တော်မူရာမှ နံနက်စောစော ၃ နာရီခန့်တွင် အိပ်ရာက ဗုဒ္ဓ ထတော်မူသည်။ ထို့နောက် တစ်နာရီတိတိ ဝိပဿနာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်သည်။ ထိုအချိန်တွင် ယနေ့အဖို့ ဘယ်သူ့ထံသွား၍ ခြေချုတ်ရမည်ဆိုသည်ကို ဆင်ခြင်တော်မူသည်။ ယနေ့ ဘယ်တရားကို ဟောကြားရမည်ကိုလည်း ဆင်ခြင်တော်မူသည်။ ဗုဒ္ဓသည် ကြွသွားရာလမ်းတွင် ဆက်ကပ်လှူဒါန်းသောဆွမ်းကို ဖြစ်စေ၊ ပင့်ဖိတ်သော အိမ်ရှိလျှင် ထိုအိမ်မှ ဆက်ကပ်သော ဆွမ်းကို မျှတရုံမျှ ဘုဉ်းပေးသုံးဆောင်တော်မူသည်။ ထို့နောက် မိမိကြွသွားလိုရာ တရားဟောရမည့်အရပ်သို့ အရောက် ကြွလှမ်းတော်မူလေသည်။

တစ်ခါတစ်ရံတွင် တစ်ဦးတစ်ယောက်တည်းကို ရည်ရွယ်ပြီး ကြွလှမ်းတော်မူသည်။ တစ်ခါတစ်ရံမှာကား တရားနာပရိသတ်ကို ရည်ရွယ်၍ ကြွတော်မူလေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားဟောသည်ဖြစ်စေ၊ လူထုပရိသတ်ကို တရားဟောသည်ဖြစ်စေ တရားနာသော ပုဂ္ဂိုလ်အား လမ်းမှန်သို့ရောက်အောင် ဘယ်နည်းဖြင့် ပို့ဆောင်ရမည်ဆိုသည်ကို ကိုယ်တော်မြတ်သည် ရှင်းရှင်းလင်းလင်း သိထားပြီး ဖြစ်လေသည်။

အဝေးပြေးလမ်းမပေါ်တွင် ဆိုးသွမ်းနေသော ဓားပြကြီး အင်္ဂုလိမာလကို ဗုဒ္ဓဟောကြားသော တရားစကားများမှာ အဇ္ဈာသယကိုလိုက်၍ တရားဟောနိုင်ကြောင်း ထင်ရှားသော သာဓက ဖြစ်ပါသည်။ အင်္ဂုလိမာလကား ကောသလတိုင်းအနီး တောလမ်းခရီးတွင် အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်နေသူ လူဆိုးဓားပြကြီး ဖြစ်၏။ ထိုဓားပြကြီးကို ဘုရင့်စစ်တပ်ကပင် မချဉ်းကပ်ရဲပေ။ ဗုဒ္ဓသည် ထိုလူဆိုးကြီး အင်္ဂုလိမာလရှိရာအရပ်သို့ တစ်ခုသော နံနက်ခင်းတွင်

ကိုယ်တော်တစ်ပါးတည်း ကြွသွားတော်မူခဲ့လေသည်။ အင်္ဂုလိမာလသည် သူနေထိုင်ရာအရပ်သို့ အဖော်မပါ တစ်ပါးတည်း ကြွလာရဲသော ဗုဒ္ဓရှင်တော်မြတ်ကို မြင်ရသောအခါ အံ့အားသင့်သွားလေသည်။ သူကြီးစိုးရာ တောအရပ်သို့ မည်သည့်လူသားမျှ မချဉ်းကပ်ရဲပါဘဲလျက် ဗုဒ္ဓမြတ်စွာဘုရားက တစ်ပါးတည်း ချဉ်းကပ်လာခြင်းအတွက် အံ့အားမသင့်ဘဲ မနေနိုင်တော့ပေ။ အင်္ဂုလိမာလ၏ ကြမ်းတမ်းသောစကားများကို နူးညံ့သော အသံတော်ဖြင့် ဖြေကြားတော်မူသော မြတ်ဗုဒ္ဓ၏ စကားပုံများက အင်္ဂုလိမာလ၏ နှလုံးသားကို ထိခိုက်သည်။ မြတ်ဗုဒ္ဓ၏ ဆိုဆုံးမသော တရားစကားများကို သူစိတ်ဝင်စားလာသည်။ ဓားကို ပစ်ချပြီးနောက် ဗုဒ္ဓ၏ အဆုံးအမကို နာခံသည်။ ထို့နောက် မြတ်ဗုဒ္ဓထံမှာ တပည့်ခံလာသည်။ အင်္ဂုလိမာလအား ရဟန်းအဖြစ်ကို ချီးမြှင့်လိုက်လေသည်။ အင်္ဂုလိမာလလည်း မဂ္ဂင်ရှစ်ပါးတရားကို ကြိုးစားအားထုတ်လေရာ မကြာမီ ရဟန္တာဖြစ်သွားလေတော့သည်။

ဤကား နမူနာတစ်ခုမျှ ဖြစ်၏။ လိုအပ်သောအချိန်တွင် မြတ်စွာဘုရားသည် တန်ခိုးဣဒ္ဓိပါဒ်များကို သုံးတော်မူလေ့ရှိသည်။

မြတ်ဗုဒ္ဓသည် ရှင်ဘုရင်ကိုဖြစ်စေ၊ တိုင်းသူပြည်သားကိုဖြစ်စေ၊ သခင်ကိုဖြစ်စေ၊ ကျွန်ကိုဖြစ်စေ၊ ဇာတ်နိမ့်ကိုဖြစ်စေ၊ ဇာတ်မြင့်ကိုဖြစ်စေ တစ်တန်းတစ်စားတည်းအားဖြင့် မခွဲမခြားဘဲ ဆက်ဆံတော်မူလေသည်။

ရှေးခေတ် အိန္ဒိယနိုင်ငံတွင် အုပ်စိုးသော အစိုးရစနစ်သည် သက်ဦး ဆံပိုင်ပဒေသရာဇ်စနစ် ဖြစ်၏။ ဘုရင်သည် သက်ဦးဆံပိုင် အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်၏။ လူမှုအဖွဲ့အစည်းပုံစံမှာ ဇာတ်စနစ်ကို အခြေခံ၍ တည်ဆောက်ထားခြင်း ဖြစ်၏။ အိန္ဒိယနိုင်ငံတွင် ကျွန်များနှင့် ဇာတ်နိမ့်များ ရှိလေသည်။ ဗုဒ္ဓသည် မည်သည့် အုပ်စိုးမှုစနစ်ကိုမျှ ဝင်ရောက်နှောင့်ယှက်ခြင်း မပြုပေ။ သို့ရာတွင် မြတ်ဗုဒ္ဓသည် လူသားတိုင်းမှာ တူညီသော ကိုယ်ပိုင်လူ့အခွင့်အရေးများ ရှိသည်ဆိုသော အချက်ကိုမူ လက်ကိုင်ထားခဲ့လေသည်။ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားခြင်းကိုကား ဗုဒ္ဓသည် လုံးဝ လက်မခံခဲ့ပေ။

နဇစ္စ ဝသလော ဟောတိ

နဇစ္စ ဟောတိ ဗြာဟ္မဏော

ကမ္မံ ဝသလော ဟောတိ

ကမ္မုန ဟောတိ ဗြာဟ္မဏော

မွေးကတည်းက ဗြာဟ္မဏ ဖြစ်လာသည်၊ ဇာတ်နိမ့် ဖြစ်လာသည်ဟူ၍ မရှိ။ အပြုအမူ ကံအားလျော်စွာသာလျှင် မြင့်မြတ်သည်၊ ယုတ်ညံ့သည်ဟူ၍ ဖြစ်ရသည်ဟု ဟောတော်မူခဲ့လေသည်။

ရှေးခေတ်အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများ၏ အခွင့်အရေးကို ပိတ်ပင်၍ အမျိုးသမီးများကို နှိမ့်ချခဲ့ကြလေသည်။ ထိုအစဉ်အလာကို ဗုဒ္ဓမြတ်စွာက ဆန့်ကျင်လျက် အမျိုးသမီးများအား သူ၏ သာသနာတွင် ဘိက္ခုနီများအဖြစ် လက်ခံခွင့်ပြုတော်မူခဲ့လေသည်။ ဗုဒ္ဓသည် အနာကြီးရောဂါသည် အနူက ဖြစ်စေ၊ ကျွန်ကဖြစ်စေ ဆက်ကပ်လှူဒါန်းသော ဆွမ်းကို ရှင်ဘုရင်များ၊ သူဌေး သူကြွယ်များ ဆက်ကပ်လှူဒါန်းသောဆွမ်းများနည်းတူ ဝမ်းမြောက်ဝမ်းသာ လက်ခံသုံးဆောင်တော်မူခဲ့လေသည်။

မြတ်ဗုဒ္ဓက ချမ်းသာကြွယ်ဝခြင်းဆိုသော စကား၏ အနက်ကို လက်ခံ ပုံမှာ အနောက်တိုင်းသား ရုပ်ဝါဒီများ လက်ခံထားသော ချမ်းသာကြွယ်ဝခြင်း ဆိုသော ခံယူချက်နှင့် လုံးဝ ခြားနားသည်။ အနောက်တိုင်းသား ရုပ်ဝါဒီများက လူတစ်ဦးမှာ ပစ္စည်းဥစ္စာ အများအပြားရှိလျှင် ချမ်းသာကြွယ်ဝသည်ဟု ယူဆ ကြသည်။

အိုးအိမ်တိုက်တာ၊ လယ်ယာခြံမြေ၊ ရွှေငွေစပါး ပစ္စည်းဥစ္စာများ မည်မျှပင် လက်ဝယ်ရရှိထားစေကာမူ ထိုသူသည် အလိုပြည့်ပြီဟု မဆိုသာ။ ထိုသူမှာ နောက်ထပ် လိုချင် ဆန္ဒများစွာ ရှိနေစေကာမူ ထိုသူကို ချမ်းသာကြွယ်ဝသူဟု အသိအမှတ်ပြုကြသည်။ ဗုဒ္ဓကမူ ထိုသို့ မယူဆပေ။ အလိုဆန္ဒ နည်းပါး သူသာ ချမ်းသာသူဟု ဗုဒ္ဓ ယူဆသည်။

ချမ်းသာခြင်းသည် ပစ္စည်းဥစ္စာနှင့် မဆိုင်ပေ။ ချမ်းသာခြင်းသည် ထိုသူ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများပြားမှုဖြင့် တိုင်းတာအပ်သောအရာမဟုတ်။ ထိုသူ၏ အလိုနည်းမှုဖြင့်သာ တိုင်းတာအပ်သောအရာ ဖြစ်သည်ဟု ယူဆ သည်။ ပစ္စည်းဥစ္စာများကို ရလိုမှုသည် တဏှာဖြစ်သည်။ တဏှာကား သတ္တဝါ တို့အား သံသရာဝဋ်ဆင်းရဲ၌ အဖန်တလဲလဲ ကျင်လည်စေသောတရား ဖြစ်၏။ ထိုတဏှာကို ပယ်သတ်နိုင်မှသာ သံသရာကို ဖြတ်တောက်နိုင်မည် ဖြစ်၏။ ဆင်းရဲကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်၏။

**ဓမ္မရုပ်စုံမဏ္ဍပ်ခင်း**

**၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ**

# သုခေါ်ထိုင်း

လွန်ခဲ့သော အနှစ်တစ်ရာကျော်ကဆိုလျှင် ဘန်ကောက်မြို့မှ သုခေါ်ထိုင်းသို့ သွားသော ခရီးတာ ကီလိုမီတာ ၄၅၀ ကို ရာသီဥတု သာယာသောအချိန်မှာ သွားလျှင်ပင် အနည်းဆုံး တစ်လခန့် သွားရပေလိမ့်မည်။ ထိုစဉ်အခါက ထိုင်းနိုင်ငံတွင် ခရီးသွားသောအခါ လှေများဖြင့်လည်းကောင်း၊ ကျွဲလှည်းဖြင့်လည်းကောင်း၊ လန်ချားဖြင့်လည်းကောင်း သွားကြရသည်။

လှေများကို လူတစ်ဦးနှစ်ဦးက လှေတက်ဖြင့် လှော်၍သွားရသည်။ တအီအီမြည်သောလှည်းများကိုတော့ နှေးကွေးစွာ သွားလာနေကြသော ကျွဲနွားများက ဆွဲ၍ သွားရသည်။ လူဆွဲသော လန်ချားများကို ခရီးတိုများအတွက်သာ အသုံးပြုကြသည်။ လန်ချားများမှာ ဆွဲသောသူ အပြေးသန်လျှင် သန်သလောက် လျင်မြန်စွာ သွား၍ရသည်။

လှေနှင့်လှည်းများမှာ လမ်းခုလတ်တွင် ပျက်တတ်သည်။ ပျက်ပြီဆိုလျှင် အချိန်အတော်ယူ၍ ပြင်ဆင်ရသည်။ နာရီပိုင်းနှင့်ပြင်၍ပြီးသည်လည်း ရှိသည်။ နေ့နှင့်ချီပြီး ပြင်ဆင်မှသာ ပြီးသည်လည်းရှိသည်။ ကျွဲနွားများ မကျန်းမာလျှင် ကျွဲနွားများကို အသစ်လဲလှယ်ရသည်။ နွေရာသီ နေခြစ်ခြစ်တောက်ပူနေသောအခါ ခရီးကြန့်ကြာသည်။ မိုးကျလာပြန်လျှင်လည်း မိုးကြီးသလားမမေးနှင့်။ ဒလဟောရွာချတတ်သော မုတ်သုံမိုးကြောင့် လမ်းပိတ်ဆို့ပြီး ခရီးလမ်းကို ရပ်နားရသည်အထိ ဖြစ်သည်။

ပြင်သစ်ပြည်သား ရှေးဟောင်းသုတေသနပညာရှင် လူစီယင်ဖောန်နာရှူးသည် ၁၉ ရာစုကုန်ခါနီးအချိန်တွင် သုခေါ်ထိုင်းနေပြည်တော်သို့ အရောက်သွားခဲ့သူ ဖြစ်သည်။ သို့သော် သူသွားရသော ခရီးလမ်းကလည်း ကြမ်းတမ်း

သည်။ သူလည်း မသက်သာလှ။ ဘန်ကောက်မှ သုခေါထိုင်းသို့ ရောက်အောင် သူသည် ရက်သတ္တသုံးပတ်ကြာ သွားခဲ့ရလေသည်။

သူရောက်သောအချိန်တွင် သုခေါထိုင်းနိုင်ငံ၏ ရှေးဟောင်းမင်းနေပြည်တော်သည် ရာစုနှစ်ပေါင်းများစွာ စွန့်ပစ်ထားခြင်း ခံနေရသဖြင့် တောချုံများဖြင့် ပိတ်ဖုံးလျက်ရှိလေသည်။ သူသည် ရှေးဟောင်းမင်းနေပြည်တော်ကြီးကို ရောက်ပြီး လေ့လာသောအခါ ပျက်စီးယိုယွင်းနေပြီဖြစ်သော ဗုဒ္ဓရုပ်ပွားတော် တစ်စွန်းတစ်စမျှနှင့် စေတီထိပ်ချွန်ကိုသာ မြင်တွေ့ရတော့သည်။ ဤသီးခြား ယဉ်ကျေးမှုဖြင့် တင့်တင့်တယ်တယ် ကြီးကျယ်ထင်ရှားခဲ့သော ကျိုးပဲ့နေပြီ ဖြစ်သော အဆောက်အအုံကြီးမှာလည်း အချိန်ဆိုသော လေးလံသော လက်ကြီး ဖျက်ဆီးမှုဖြင့် အားလုံးပင် ပျက်စီးလျက်ရှိနေကြပြီ ဖြစ်ပါသည်။

သုခေါထိုင်း၏ ပြိုယွင်းနေသော ရုပ်ပုံလွှာကို ပထမဦးဆုံး စတင်တွေ့မြင်ခဲ့သော အနောက်တိုင်းသား ပညာရှင်သည် ဖောန်နာရှူးပင် ဖြစ်ကောင်း ဖြစ်ဖွယ် ရှိပါသည်။ Old Siam ဆိုသော အတွဲနှစ်တွဲပါသော စာအုပ်ကို ဖောန်နာရှူးရေးသားထုတ်ဝေခဲ့လေသည်။ သူ့စာအုပ်တွင် အဖြူအမည်းဓာတ်ပုံများနှင့် ပုံကြမ်းများကိုသာ တင်ပြထားသော်လည်း အနောက်တိုင်းပညာရှင်များ လောကတွင် သူ့စာအုပ်၏ ထိရောက်မှုမှာ ကြီးကျယ်ခဲ့လေသည်။ အခြားသော ဧည့်သည်မည်သူတစ်စုံတစ်ယောက်မျှ ဖောန်နာရှူးလောက် ထိုမျှလောက် သေးသေးငယ်ငယ်ကလေးကို ထိုမျှလောက် ကြီးကြီးကျယ်ကျယ်ဖြစ်အောင် ပြုလုပ်နိုင်အံ့မထင်ပေ။ သူသည် တစ်ချိန်တစ်ခါတုန်းက ကြီးကျယ်ခဲ့ဖူးသော၊ ယခု စွန့်ပစ်ထားခြင်း ခံနေရပြီဖြစ်သော သုခေါထိုင်းနိုင်ငံတော်၏ သိမ်မွေ့နူးညံ့သော ယဉ်ကျေးမှုကို မြင်တွေ့ရသဖြင့် အံ့အားသင့်မိခဲ့ပေလိမ့်မည်။

အာရှတိုက်သားများသည် ဘဝကို နာမ်သဘောဖြင့် ချဉ်းကပ်တတ်သူများ အဖြစ် ထင်ရှားသည်။ ရာသီဥတု သာယာကောင်းမွန်ခြင်းသည် နတ်များ (မြေနတ်၊ ရေနတ်၊ မိုးနတ်) ၏ စောင့်ရှောက်မစမှုကြောင့် ဖြစ်ရသည်ဟု ယူတတ်ကြသည်။ အိမ်များကို သစ်သားများ၊ ဝါးများ၊ သစ်ရွက်များဖြင့် တည်ဆောက်ကြသည်။ ထိုသစ်ဝါးများဖြင့် ဆောက်လုပ်သော အိမ်များမှာလည်း ရာသီအတန်ကြာအောင် မပြိုမပြင်ရဘဲနေနိုင်သည်။ အာရှသားများသည် ကျောင်းကန်ဘုရားများကို ရှိခိုးဝတ်ပြုရာဌာနများအဖြစ် စေတနာသဒ္ဓါတရားဖြင့် တည်ဆောက်ကြသည်။ ဘုရား၊ ပုထိုး၊ ကျောင်းဇရပ်အသစ်များကိုလည်း ကုသိုလ်ကောင်းမှုများအဖြစ် တည်ဆောက်ကြသည်။ ဘုရားပုထိုးကျောင်းကန်များ ဟောင်းနွမ်းအိုမင်းယိုယွင်းသွားပါက စေတီပုထိုးအသစ်များ၊ ကျောင်းဇရပ်များကို အစားထိုး တည်ဆောက်အပ်သည်သာ ဖြစ်ပါ၏။

သို့သော်လည်း အာရှတိုက်မှာ ခေတ်တစ်ခေတ်ပြောင်းသွားပြီးနောက် တစ်ခေတ်ဆန်းသစ်လာသောအခါ ခေတ်ဟောင်းက ယဉ်ကျေးမှု အဆောက်အအုံများ၊ ကောင်းမှုများကို ဖျက်လိုကဖျက်ဆိုပြီး ပစ်ထားခဲ့သော အလေ့အကျင့်ရှိကြသည်။ အလားတူစွာ သုခေါထိုင်းနေပြည်တော်ကို အယုဒ္ဓယက တိုက်ခိုက်အောင်မြင်သွားသောအခါ သုခေါထိုင်းနေပြည်တော်ကို စွန့်ပစ်ခဲ့ကြလေတော့သည်။ အယုဒ္ဓယခေတ်သို့ရောက်သောအခါ အခွင့်အာဏာဘဏ္ဍာအားလုံးကို သုခေါထိုင်းမှ အယုဒ္ဓယသို့ ယူဆောင်သွားကြလေသည်။

ထိုဖြစ်စဉ်သည် အယုဒ္ဓယလည်း ကြုံခဲ့ရသည်။ အယုဒ္ဓယပျက်တော့ ထိုင်းနေပြည်တော်၏ မြို့တော်သည် ဘန်ကောက်သို့ ပြောင်းရွှေ့သွားလေတော့သည်။

သုခေါထိုင်းပျက်ပြီး စွန့်လွှတ်ခြင်းခံရသောအခါ ထိုင်းနိုင်ငံ အလယ်ပိုင်း၏ အပူပိုင်းရာသီဉတုက သုခေါထိုင်း၏ ယဉ်ကျေးမှုအဆောက်အအုံကို ဖျက်ဆီးလေတော့သည်။ အဆောက်အအုံနံရံများနှင့် ခေါင်မိုးများတွင် သစ်ပင်များ ပေါက်ရောက်လာလေတော့သည်။

သဲသဲမဲမဲရွာတတ်သောမိုးရေကလည်း ရေစိမ့်ဝင်နိုင်သော အုတ်၊ သဲ၊ ထုံး၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသော အဆောက်အအုံများကို ဖျက်ဆီးလေတော့သည်။ ရှေးဟောင်းသုတေသနပညာရှင် လူစီယင်ဖောန်နာရှူးသည် ရှေးဟောင်းသုခေါထိုင်းမင်းနေပြည်တော်ကို သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေသော တောချုံများအောက်တွင် ရှာဖွေတွေ့ရှိခဲ့လေသည်။ လူနှင့်တကွ သတ္တဝါ ခပ်သိမ်း၊ ခန္ဓာခပ်သိမ်းတို့သည် မမြဲကြကုန်သော အနိစ္စသဘောတရားများသာ၊ ဒုက္ခသစ္စာချည်းသာ ဖြစ်သည်ကို သဘာဝတရားက သရုပ်ပြနေဘိသကဲ့သို့ ရှိပါသည်။

တောချုံများအောက်တွင် နစ်မြုပ်ကွယ်ပျောက်နေသော သုခေါထိုင်း ရတနာများ၏ လှုံ့ဆော်ခြင်းကို ခံရသူများတွင် လူစီယင်ဖောန်နာရှူးသည် ပထမဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု မဆိုနိုင်ပါ။

ပြင်သစ်ရှေးဟောင်းပညာရှင်ကြီးရောက်မလာခင် ကာလအတန်ကြာကပင် မင်းသားတစ်ပါးသည် ဤအရပ်သို့ရောက်လာပြီး သုခေါထိုင်း၏ ရတနာ ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာခဲ့ဖူးသေးသည်။ ထိုမင်းသားမှာ တခြားမဟုတ်။ နောင်အခါ ထိုင်းနိုင်ငံ၏ စတုတ္ထမြောက် ရာမမင်းဖြစ်လာမည့် မောင်းကွတ်မင်းသားပင် ဖြစ်၏။ ၁၈၃၃ ခုနှစ်ကတည်းက မောင်းကွတ်မင်းသားသည် ကျောက်စာတစ်ချပ်ကို တွေ့ရှိခဲ့ပြီး သုခေါထိုင်းနိုင်ငံအကြောင်းကို စိတ်ဝင်စားခဲ့ဖူးလေသည်။

ထိုစဉ်က မောင်းဂွတ်မင်းသားသည် ရဟန်းဘဝမှာပင် ရှိသေးသည်။ ကျောက်စာပါ အရေးအသားများ၊ စာများကို မဖတ်တတ်စေကာမူ ဤကျောက်စာကား အရေးပါသော ကျောက်စာတစ်ချပ်ဖြစ်ကြောင်းကို သူသိမြင်နားလည်ခဲ့လေသည်။ ဤကျောက်စာချပ်ကြီးအပြင် အခြား အလားတူ ကျောက်စာချပ်နှစ်ခုကိုလည်း တွေ့ရှိခဲ့လေသည်။ နှစ်ဆယ်ရာစု စောစောပိုင်းသို့ရောက်မှသာ အဆိုပါ ကျောက်စာများတွင် ပါဝင်သောအက္ခရာ အရေးအသားများကို သမိုင်းဆရာများသည် အဓိပ္ပာယ်ပေါ်အောင် ဖတ်ရှုနိုင်ခဲ့ကြလေတော့သည်။

ပထမကျောက်စာသည် ရမ်ခမ်ဟိန်းဘုရင်အား ရည်ညွှန်းထားသော ကျောက်စာ ဖြစ်သည်။ ရမ်ခမ်ဟိန်းဘုရင်သည် သုခေါ်ထိုင်းနေပြည်တော်ကို အုပ်စိုးခဲ့သော အလွန်အရေးပါသော မင်းတစ်ပါး ဖြစ်၏။ ထိုကျောက်စာတွင် ခရစ်နှစ် ၁၂၉၂ ခုနှစ်နှင့်ညီမျှသော ခုနှစ်သက္ကရာဇ် အမှတ်အသားပါသည်။ ရှေးခေတ်သုခေါ်ထိုင်းမင်းနေပြည်တော်အကြောင်းကို အသေးစိတ် ရေးသားထားချက်များပါသည်။ အမြင့် တစ်မီတာ၊ လေးဖက်ပတ်လည် ၃၀ စင်တီမီတာစီ ရှိသော ကျောက်တိုင်များပေါ်၌ ရေးထိုးထားသော ကျောက်စာတွင် သုခေါ်ထိုင်း နေပြည်တော်ကို အုပ်စိုးခဲ့ကြသော ဘုရင်များ၏ အမည်များကို ဖော်ပြထားသည့်ပြင် နိုင်ငံရေးဖြစ်ရပ်များ၊ ယဉ်ကျေးမှု ပွဲလမ်းသဘင်များ၊ ဘာသာရေး အခမ်းအနားများအကြောင်းကိုပါ ဖော်ပြထားသည်။ ရှေးခေတ်ထိုင်းလူမျိုးတို့၏ ဘဝပုံကားချပ်ကို သရုပ်ဖော်ထားသော ခိုင်မာသော ဇာတ်လမ်းတစ်ပုဒ်ပင်။

ရမ်ခမ်ဟိန်းဘုရင်နှင့် သူ၏ ဆောင်ရွက်ချက်များကို သူ့အား ဆက်ခံသူများက ဆက်လက်ဆောင်ရွက်ခြင်းမရှိခဲ့ပါလျှင် ဤပြိုယွင်းသွားပြီဖြစ်သော မင်းနေပြည်တော်၏ အရေးပါမှုနှင့် သီးခြားယဉ်ကျေးမှုဖြင့် ဖြစ်တည်ပုံကို မည်သူမျှ သိခွင့်ရတော့မည် မဟုတ်ချေ။ ပထမကျောက်စာချပ်ကို တွေ့ရှိရခြင်းသည် ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော သတင်းစကားများကို ပုလင်းထဲမှာ ထည့်သွင်းထားခဲ့သည်ကို ပြန်လည်ရှာဖွေတွေ့ရှိရသည်နှင့် တူပါသည်။

သုခေါ်ထိုင်းခေတ်တွင် ထိုင်းလူမျိုးများသာ ထေရဝါဒ ဗုဒ္ဓဘာသာကို သူတို့၏ ယဉ်ကျေးမှုနှင့် ပေါင်းစပ်ခဲ့သော သမိုင်းဖြစ်ရပ်ကြီးပင် ဖြစ်သည်။ ၁၃ ရာစုနှင့် ၁၄ ရာစု နှစ်များအတွင်းတွင် ထိုင်းအနုပညာနှင့် ထိုင်းဗိသုကာလက်ရာများတွင် ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့ထုံးစံများ လွှမ်းမိုးလာသည်ကို တွေ့ရသည်။ ရှေးက သုခေါ်ထိုင်းယဉ်ကျေးမှုမှာ ဟိန္ဒူဗြဟ္မဏဝါဒကို အခြေခံတည်ဆောက်ထားသော ယဉ်ကျေးမှု ဖြစ်သည်။

ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဘာသာသည် အိန္ဒိယမှလာသော ဝါဒများ ဖြစ်သည်။ ထေရဝါဒမှာမူ သီရိလင်္ကာမှလာသော အယူဝါဒ ဖြစ်သည်။ ထိုထေရဝါဒ

ယဉ်ကျေးမှု ဩဇာများကို ခမာများနှင့် မွန်များက ယူဆောင်လာခဲ့ကြခြင်း ဖြစ်သည်။

သုခေါထိုင်းမင်းနေပြည်တော် ထွန်းကားခဲ့သော နေရာများသို့ ထိုင်းလူမျိုးများရောက်မလာမီက ခမာများနှင့် မွန်များသည် ထိုဒေသတွင် နေထိုင်ခဲ့ကြသူများဖြစ်လေသည်။ အန်ကော ဧကရာဇ်နိုင်ငံတော်ကြီး (အန်ကောအင်ပါယာ) သည် ခမာများ တည်ဆောက်ခဲ့သော နိုင်ငံတော်ကြီး ဖြစ်သည်။ ထိုနိုင်ငံတော်၏ နယ်နိမိတ်သည် ယခု သုခေါထိုင်းမင်းနေပြည်တော်တည်ရှိသော အရပ်အထိ ပျံ့နှံ့ကျယ်ဝန်းခဲ့လေသည်။

ထိုင်းလူမျိုးများကား အလှုကြိုက်သူများဖြစ်ကြသည့်ပြင် စိတ်နှလုံးပျော့ပျောင်းကာ ခန္တီနှင့်လည်း ပြည့်စုံသူများဖြစ်ရကား ထိုနေရာတွင်တည်ရှိသော ထေရဝါဒယဉ်ကျေးမှုအမွေအနှစ်များကို ထိုင်းလူမျိုးများက ဆက်ခံယူဆောင်လာခဲ့ကြသည်မှာ အံ့ဖွယ်မရှိပါ။

သုခေါထိုင်း ဘုရင်မင်းမြတ်များအားလုံးသည် အလွန်တန်ခိုးကြီးသော ဖိမောင်ခေါ်နတ်ကို ကိုးကွယ်ခဲ့ကြလေသည်။ ပြည်သူများကလည်း ထိုနတ်အတွက် နတ်ကွန်းကလေးများကို တည်ဆောက်ပြီး ကိုးကွယ်ပသကြသည်။ ယနေ့ထက်တိုင် သုခေါထိုင်းနေပြည်တော်၏ မြို့ရိုးတံတိုင်းကြီး အလွန်တွင် နန်းတော်ရာကို တွေ့ရှိနိုင်သေးသည်။ ထိုနေရာသည်လည်း ဖိမောင်နတ်ကို ပူဇော်ပသရာ နေရာပင် ဖြစ်၏။

ရမ်ခမ်ဟိန်းဘုရင်၏ ခမည်းတော်ဘုရင် သီရိအင်ထရာထစ်သည် ခမာများကို တိုက်ခိုက်အောင်မြင်ပြီး သုခေါထိုင်းကို သိမ်းပိုက်ခဲ့သူဖြစ်၏။ ခမည်းတော်နှင့် သားတော်တို့သည် ခမာတို့၏ ရှေးက အစီအမံများကို ပြုပြင်ပြီးနောက် ထိုနေရာတွင် သုခေါထိုင်းမင်းနေပြည်တော်ကို ထူထောင်ခဲ့ကြလေသည်။ သုခေါထိုင်းကို ၎င်းတို့စိတ်ကြိုက် တည်ထောင်ခဲ့ကြခြင်း ဖြစ်၏။

ဘုရင်ရမ်ခမ်ဟိန်းသည် ဖခင်၏ အရိုက်အရာကို ဆက်ခံပြီးနောက် မင်းနှင့် သံဃာတော်များအကြားတွင် ရေရှည်ခိုင်ခံ့သော ဆက်သွယ်မှုကို ထူထောင်ပေးခဲ့လေသည်။ ဘုရင်သည် သံဃရာဇာ၊ သာသနာပိုင်ကို ခန့်ထားနိုင်ခွင့်ရှိပြီး သာသနာတော်ကို ထောက်ပံ့သော ပစ္စည်းလေးပါး ဒါယကာဘွဲ့ကို ခံယူရသည်။ သူ့လက်ထက်တွင် ထိုင်းနိုင်ငံ၌ ကာလ ကြာမြင့်စွာ တည်ရှိနေသော ထိုင်းယဉ်ကျေးမှု အစဉ်အလာ ပွဲလမ်းသဘင်များကို တီထွင်ပြုလုပ်ခဲ့လေသည်။ ဤခေတ်သည် အလွန်ကြီးကျယ်သော အနုပညာလက်ရာများကို ကြံစည်ဖန်တီးနိုင်သောခေတ်ဟု ဆိုရပေမည်။

သုခေါထိုင်းနှင့်အတူ ညီမတော်ဆီဆတ်ချန်နာလိုင်တို့သည် အတူတွဲကာ အလွန်အရေးပါသော ဗုဒ္ဓဘာသာ ဗဟိုဌာနများ ဖြစ်လာကြသည်။ သုခေါထိုင်း

သည် ပထမဆုံးသော ထိုင်းနိုင်ငံ၏ မင်းနေမြို့တော်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ သို့သော် သုခေါထိုင်းခေတ်သည် နှစ် ၁၅၀ လောက်သာ ကြာမြင့်ခဲ့သည်။ တိုတောင်းသောကာလဟု ဆိုသင့်သည်။ ထိုခေတ်တွင် ရုပ်တော်မူရုပ်ပွားတော်များနှင့် ဒေသစာရိ ဗုဒ္ဓဆင်းတုတော်များကို တီထွင်ထုလုပ်ခဲ့ကြလေသည်။ ထူးခြားသည်မှာ သုခေါထိုင်းခေတ်တွင် ထုလုပ်ခဲ့သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက မြတ်စွာဘုရားကို မြေပေါ်တွင် မြင်ရသော အရပ်အမောင်း အရွယ်အစားအတိုင်း ထုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆို၏။ ထင်ရှားသော အကောင်းဆုံး နမူနာလက်ရာမှာ ဝပ်မဟာထပ်ကျောင်းတော်တွင်ရှိသော မတ်ရပ်ကိုယ်တော်ကြီးပင် ဖြစ်သည် ဆို၏။

**Sawadee, April 1994**

**ဓမ္မရုပ်စုံမဂ္ဂဇင်း**

**၁၉၉၄ ခုနှစ်၊ ဧက်တင်ဘာလ**

## မဟတ္တမဂန္ဒီ၏
## ဒဿနကထာ

မဟတ္တမဂန္ဒီကား အရှေ့တိုင်း၏ အလင်းတိုင်တစ်တိုင် ဖြစ်သည်။ သူသည် ခေတ်သစ်အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးနှင့် ကြီးပွားတိုးတက်ရေး၏ ရှေ့ဆောင်လမ်းပြ ဖြစ်သည်။ သူ၏ ဒဿနအမြင်များသည် ထူးခြားစွာ တရားဓမ္မနှင့် ပြည့်စုံ၍ ကြည်ညိုဖွယ် ဖြစ်သည်။

ဤဆောင်းပါးတွင် မဟတ္တမဂန္ဒီ၏ ဒဿနအမြင် သဘောတရားတို့ကို လေ့လာဖော်ပြထားပါသည်။

* * *

### ကလေး

ကလေးသည် ပထမ ငါးနှစ်အရွယ်က အကြောင်းအရာများကို နောင်အခါ ဘယ်တော့မှ မမှတ်မိတတ်ပေ။ ကလေး၏ ပညာရေးသည် စိတ်ကူးရောက်သည့် အချိန်ကမှ စတင်ဖြစ်ပေါ်သည်။

* * *

ကျောင်းသား လူငယ်များဘဝ၌ အာဏာနိုင်ငံရေးကို သိအောင် မလုပ်သင့်ပေ။

* * *

ကလေးဘဝ ကျောင်းသားဘဝကပင် အမျိုးသားစိတ်ဓာတ် ရှင်သန်လာအောင် ပျိုးထောင်ပေးသင့်သည်။

* * *

ကျောင်းသားအရွယ် ကလေးငယ်ကို အစားကောင်းစားချင်စိတ်နှင့် ဇိမ်ခံပစ္စည်း သုံးချင်သောစိတ် ဖြစ်ပေါ်အောင် မလုပ်သင့်။

* * *

## ပညာရေး

ဘဝတွင် တွေ့ကြုံလာသော ပြဿနာတိုင်းကို မှန်ကန်စွာ ဖြေရှင်းနိုင်ရန် အရည်အချင်းကို ရစေနိုင်သော ပညာရေးသာလျှင် တန်ဖိုးရှိသော ပညာရေး ဖြစ်သည်။

* * *

လူငယ်များကို လိမ္မာယဉ်ကျေးသော အမူအကျင့် ဖြစ်လာအောင် သင်မပေးနိုင်လျှင် သူတို့ သင်ခဲ့သမျှ ပညာသည် အလဟဿ အချည်းနှီးပင် ဖြစ်သည်။

* * *

ကျောင်းနေစဉ်ကပင် စည်းကမ်းတကျ နေတတ်အောင် မသင်ခဲ့ရလျှင် ထိုလူငယ်များ၏ ပညာရေးအတွက် တိုင်းပြည်နှင့် မိဘတို့ သုံးခဲ့ရသောငွေနှင့် အချိန်သည် ဆုံးရှုံးမှုသာ ဖြစ်သည်။

* * *

## ဘာသာရေး

ကြောက်ခြင်းမရှိသောနေရာတွင် ဘာသာကိုးကွယ်ခြင်းလည်း မရှိချေ။

* * *

ဘာသာရေး၏ အခြေခံမှာ သီလ ဖြစ်သည်။ သီလသည် စောင့်ထိန်းခြင်း ဖြစ်သည်။ အိမ်ထောင်ရေးလည်း စောင့်ထိန်းခြင်း သီလတစ်မျိုးပင် ဖြစ်သည်။

* * *

ဘာသာရေး အဆုံးအမများကို စွန့်ပစ်ထားခြင်းသည် လယ်မြေကို အသုံးမပြုဘဲ ပေါင်းမြက်များပေါက်အောင် ပစ်ထားသည်နှင့် တူသည်။

* * *

ကျွန်ုပ်တို့၏ အပြုအမူတိုင်းတွင် ဘာသာရေး အဆုံးအမများ စိမ့်ဝင်နေသင့်သည်။

* * *

ဘာသာရေးအဆုံးအမများက မျိုးချစ်စိတ်ဓာတ်အပေါ်၌ လွှမ်းမိုးနေသင့်သည်။

* * *

ကျွန်ုပ်၏ အမြင့်ဆုံး ဘာသာတရားသည် အဟိံသ (မညှဉ်းဆဲခြင်း) ဖြစ်သည်။

* * *

သစ္စာတရားကိုသိရန် တစ်ခုတည်းသော နည်းလမ်းသည် 'အဟိံသ' ပင် ဖြစ်သည်။

* * *

ဘာသာမဲ့ခြင်းသဘောကို သင်၏ ဘာသာရေးအဖြစ် မခံယူသင့်ပေ။

* * *

ကမ္ဘာ့ဘာသာကြီးများသည် တစ်ခုမှ မှားသည်ဟု ကျွန်ုပ် မထင်ပေ။

* * *

ဘာသာတရားများ တစ်ခုကို တစ်ခု သည်းခံသဖြင့် ထွက်ပေါ်လာသော ငြိမ်းချမ်းရေးကို ကျွန်ုပ် ရယူလိုပါ၏။

* * *

တိုင်းပြည်ကို ကယ်တင်ရန်အတွက် ကျွန်ုပ်သည် သစ္စဂြိဟနှင့် အဟိံသကို စတေးသည် မဟုတ်ပါ။

* * *

သင့်ကိုယ်သင် ကာကွယ်ရန်လည်းကောင်း၊ သင်ကိုးကွယ်သော ဘာသာရေးကို ကာကွယ်ရန်လည်းကောင်း သင်သည် ဗာလပုထုဇဉ် လူဆိုးလူမိုက်များ၏ အကူအညီယူ၍ မပြုလုပ်နိုင်။

* * *

ဘာသာရေးသည် လူ၏ စိတ်ရိုင်းကို ယဉ်ကျေးအောင် ဆုံးမသောအရာ ဖြစ်သည်။ ထိုစိတ်ကို လွှတ်ပေးသော အရာမဟုတ်။

* * *

ယုံကြည်ကိုးကွယ်သူများ၏ ဖြူစင်သန့်ရှင်းသော စိတ်ဓာတ်ဖြင့်သာ ဘာသာတရားတစ်ခုကို မှတ်ကျောက်တင်နိုင်သည်။

* * *

ဘာသာတရားသည် နှလုံးသား၌ တည်သည်။

* * *

ဘာသာအားလုံး၏ တူညီသောအချက်မှာ အကြမ်းမဖက်ခြင်း၊ အဒေါ်သ စေတနာ မေတ္တာတရားပင် ဖြစ်သည်။

* * *

ကျွန်ုပ်၏ ပုဂ္ဂလိက ဘာသာရေးမှာ မည်သူ့ကိုမျှ မမုန်းတီးရေးပင် ဖြစ်သည်။

* * *

သစ္စာတရားကို ရှာဖွေသောသူသည် ကြောက်စိတ်ကို စွန့်လွှတ်ရမည်။ သစ္စာတရားကို ဘယ်တော့မှ နှိမ်နင်း၍ မရချေ။

* * *

## စွန့်လွှတ်ခြင်း

စွန့်လွှတ်ခြင်းဖြင့်ရသော လူသား၏ ဝမ်းမြောက်ခြင်းသည် လူနှင့် တိရစ္ဆာန်ကို ကွဲပြားသွားစေသော စိတ်ပင် ဖြစ်သည်။

* * *

စွန့်လွှတ်ခြင်းသည် ပျော်ရွှင်ဝမ်းမြောက်မှု မပါလျှင် ထိုအမည်ကို မရထိုက်။

* * *

စွန့်လွှတ်ခြင်းအတွက် သူတစ်ပါး၏ သနားကြင်နာမှုကို ရလိုသောသူ၏ စွန့်လွှတ်ခြင်းသည် အညံ့စားသာ ဖြစ်သည်။

* * *

မိန်းမသည် စွန့်လွှတ်မှုကို ကိုယ်စားပြုသော သင်္ကေတ အထိမ်းအမှတ် ဖြစ်သည်ဟု ကျွန်ုပ်ယူဆသည်။

* * *

မပြေးသာ၍ ကြောင်၏စားခြင်းကို ခံရသောကြွက်များ၏ စွန့်လွှတ်ခြင်းကား ကုသိုလ်ထိုက်သော စွန့်လွှတ်ခြင်းမဟုတ်။

* * *

ပျော်ရွှင်သောဘဝ၏ လျှို့ဝှက်ချက်သည် စွန့်လွှတ်ခြင်း၌ တည်သည်။

* * *

## ကြောက်ခြင်း

ကြောက်ခြင်းမရှိလျှင် မုန်းခြင်းလည်း မရှိတော့ပေ။

* * *

ဘုရားသခင်ကို ယုံကြည်ခြင်းသည် ကြောက်ခြင်း မဖြစ်သင့်ပေ။

* * *

မြွေများ၊ ကင်းများနှင့် အကြောက်အလန့်ကင်းစွာ ကစားလိုသောဆန္ဒ ကျွန်ုပ်မှာ ရှိပါသည်။

* * *

## ချစ်ခြင်း (မေတ္တာ)

မေတ္တာတရားသည် ကျွန်ုပ်၏ အားအကောင်းဆုံး အင်အားပင် ဖြစ်သည်။

* * *

ချစ်ခြင်းသည် ရယူခြင်းကို မည်သည့်အခါမျှမပြု၊ ပေးအပ်ခြင်းကိုသာ အမြဲပြုသည်။

* * *

မေတ္တာသည် ခံယူခြင်း၌သာ အမြဲတည်သည်။ မည်သည့်အခါမျှ လက်တုံ့ပြန်ခြင်း မပြုပေ။

* * *

ချို့တဲ့သူများအား ပေးကမ်းထောက်မရန် မေတ္တာတရားလိုသည်။

* * *

မေတ္တာတရားသည် သဘာဝ၏ နိယာမ မဟုတ်လျှင် ဘဝသည် မည်သည့်အခါမျှ ရှင်သန်နိုင်မည် မဟုတ်ချေ။

* * *

ချစ်ခြင်းသည် ကြောက်ခြင်းကို စွန့်သည်။

* * *

သူရဲဘောနည်းသူသည် ချစ်ခြင်းကို မဖော်ပြနိုင်။ ချစ်ခြင်းသည် သတ္တိရှိသူတို့၏ အရာသာ ဖြစ်သည်။

* * *

မုန်းတီးခြင်းကို ချစ်ခြင်း (မေတ္တာ) ဖြင့်သာ အနိုင်ယူပါ။

* * *

ရန်သူကို ချစ်ခြင်း (မေတ္တာ) ဖြင့်သာ အနိုင်ယူပါ။

* * *

ကိုယ့်အပေါ်ကောင်း၍ ချစ်ခြင်းမျိုးကား ကုန်သည်သဘောသာ ဖြစ်၏။

* * *

တစ်ကမ္ဘာလုံးနှင့် ချစ်ခင်စွာနေရန် ကျွန်ုပ်ရည်မှန်းချက်ထားပါသည်။

* * *

မေတ္တာသည် ဘဝ၏ အကြီးဆုံး နိယာမ ဖြစ်၏။

* * *

## ထိန်းချုပ်ခြင်း

ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်းသည် အစမွှအနိုင်ကျင့်ခြင်းမဟုတ်။

* * *

ထိန်းချုပ်ခြင်းနှင့် စည်းကမ်းလိုက်နာခြင်းသည် လူနှင့် တိရစ္ဆာန်ကို ခြားနားစေသော အရာများ ဖြစ်သည်။

* * *

တကယ်တမ်း စိတ်ကို ထိန်းချုပ်နိုင်သူကား နေ့စဉ်နှင့်အမျှ အင်အားတိုးတက်ကြီးပွားပြီး ငြိမ်းအေးသည်ထက် ငြိမ်းအေးခြင်းကို ရရှိနိုင်ပေသည်။

* * *

မိမိကိုယ်မိမိ ထိန်းချုပ်ရာတွင် ပထမအဆင့်သည်ကား မိမိ၏ အတွေးကို ချုပ်တည်းခြင်းပင် ဖြစ်သည်။

* * *

## ခွင့်လွှတ်ခြင်း

ခွင့်လွှတ်ခြင်းသည် ဝိညာဉ်၏ အရည်အချင်းတစ်ခု ဖြစ်သည်။

* * *

ချည့်နဲ့သူသည် မည်သည့်အခါမျှ ခွင့်မလွှတ်နိုင်။ ခွင့်လွှတ်ခြင်းသည် သန်စွမ်းသူတို့၏ ဂုဏ် ဖြစ်သည်။

* * *

အပြစ်ပေးရန် အခွင့်အာဏာ ရှိလျက် အပြစ်မယူဘဲ ချုပ်တည်းခြင်းသည် ခွင့်လွှတ်ခြင်းမည်ပါသည်။

* * *

## စင်ကြယ်ခြင်း

ချည့်နဲ့သူတို့၏ တစ်ခုတည်းသော လက်နက်သည် စင်ကြယ်ခြင်းပင်တည်း။

* * *

မိမိကိုယ်မိမိ ကာကွယ်ရန် စိတ်အချရဆုံးအရာသည်ကား စင်ကြယ်ခြင်းပင် ဖြစ်၏။

* * *

စွန့်လွှတ်ခြင်းတွင် မိမိဆန္ဒနှင့် စင်ကြယ်မှုမပါလျှင် တန်ဖိုးမရှိချေ။

* * *

ဓမ္မရုပ်စုံမဂ္ဂဇင်း
၁၉၉၅ ခုနှစ်၊ မေလ